# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နုန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၀၉၀)


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးစကားဝိုင်း ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၉ နာရီမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ (MITV)၊ Skynet Up to Date၊ MNTV နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး MRTV Facebook page တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး အလုပ်အကိုင် ဖန်တီးပေးမှုသည် အရေးကြီး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပါဝင်ခွင့်ပေးပြီး အတူလက်တွဲဆောင်ရွက်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် ဒီဇင်ဘာ ၂၈

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ဦးအောင်ကိုမြင့်၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်

*စာမျက်နှာ ၃ ကော်လံ ၁* ❄

## လွတ်လပ်ခြင်း၏ တန်ဖိုးကို သိရှိလို့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စို့

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး *စာ - ၆*

## ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

*ပြည်တွင်းသတင်း စာ - ၉*

## အမေရိကန်အာဏာပိုင်များက တရားမဝင်ရွှေ့ပြောင်းဒုက္ခသည် ၁၅၀၀၀၀ နီးပါးကို ဖမ်းဆီးထိန်းသိမ်း

*နိုင်ငံတကာသတင်း စာ - ၁၄*


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by EUROMONEY 2017

မြန်မာ့အလင်း

# မန္တလေးကွန်တိန်နာ ဆိပ်ကမ်း

ရန်ကုန်မှမန္တလေးသို့ ကားဖြင့်ကုန်ပစ္စည်းတင်ပို့ပါက ကုန်ပစ္စည်းတစ်တန်အတွက် ငွေကျပ် ၂၂၀၀၀ကျော် ကုန်ကျပါသည်။ ရန်ကုန်မှမန္တလေးသို့ သင်္ဘောဖြင့် ကုန်ပစ္စည်းတင်ပို့ပါက ငွေကျပ် ၆၀၀၀ ဝန်းကျင်သာ ကုန်ကျပါသည်။ သို့ဖြစ်ပါ၍ ရန်ကုန်မှမန္တလေးသို့ ကုန်ပစ္စည်းတင်ပို့ရာ၌ မော်တော်ကားဖြင့် တင်ပို့ခြင်းသည် သင်္ဘောဖြင့်တင်ပို့ခြင်းထက် ၄ ဆနီးပါး ၃ ဒသမ ၈ ဆ ကုန်ကျစရိတ် ပိုမိုများပြားပါသည်။ သို့ဖြစ်ပါ၍ ရေကြောင်းခရီးမှ ကုန်ပစ္စည်းတို့ကို သယ်ပို့ခြင်းသည် ကုန်းလမ်းခရီးမှ ကားဖြင့်သယ်ပို့ခြင်းထက် သိသိသာသာကုန်ကျစရိတ်နည်းပါးသည်ကို အလွယ်တကူ မြင်တွေ့နိုင်ပါသည်။

သို့သော် အထက်ပါကုန်ကျစရိတ်နှိုင်းယှဉ်သုံးသပ်ချက်၌ ယှဉ်တွဲသုံးသပ်စရာ ကိစ္စရပ်များရှိနေပါသည်။ သင်္ဘောကကုန်ပစ္စည်းတန်ချိန် ၁၀၀၀ သယ်ဆောင်နိုင်ချိန်၌ ထရပ်ကားက ကုန်ပစ္စည်း ၃၇ တန်သာ သယ်ဆောင်နိုင်၍ သင်္ဘောနှင့် ထရပ်ကား၏ ကုန်ပစ္စည်းသယ်ပို့နိုင်စွမ်း အချိုးအစားသည် ၃၇း၁ ဖြစ်နေပါသည်။ သို့သော် ပစ္စည်းတင်ချချိန် အပါအဝင် ထရပ်ကားဖြင့် ကုန်ပစ္စည်းတင်ပို့မှုသည် ရန်ကုန်မှမန္တလေးသို့ ငါးရက်သာအချိန်ယူရပါသည်။ ပစ္စည်းတင်ချအပါအဝင် သင်္ဘောဖြင့် ကုန်ပစ္စည်းတင်ပို့မှုသည် မန္တလေး-ရန်ကုန်(ရေစုန်)ဖြစ်ပါက ရှစ်ရက်ကြာ၍ ရန်ကုန် - မန္တလေး (ရေဆန်) ဖြစ်ပါက ၁၀ ရက်ကြာမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တစ်နှစ်တာပတ်လုံး ခေါက်တုံ့ခေါက်ပြန် သယ်ဆောင်နိုင်စွမ်း၌ ထရပ်ကားက သင်္ဘောထက် သိသိသာသာ ပိုများပါသည်။

ရေကြောင်းသယ်ယူပို့ဆောင်ရေး၏ အခြေအနေကို ပိုမိုဆိုးစေသည်မှာ မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၌ ကွန်တိန်နာဆိပ်ကမ်းတို့ မရှိခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းဖြင့် ကုန်ပစ္စည်းတို့ကို သယ်ပို့ရာ၌ အများသုံးသင်္ဘောတို့ဖြင့်သာ သယ်ပို့ရ၍ ကုန်ပစ္စည်းအတင်အချတို့ကို အလုပ်သမားအင်အားဖြင့်သာ ဆောင်ရွက်ရပါသည်။ ထို့ကြောင့် ရေကြောင်းမှ ကုန်ပစ္စည်းတို့ကို သယ်ပို့ပါက အချိန်များစွာယူရပါသည်။ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၏ အဓိကဆိပ်ကမ်းတစ်ခုဖြစ်သော မန္တလေးဆိပ်ကမ်းကိုသာ ကွန်တိန်နာဆိပ်ကမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ပါက ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့၏ စွမ်းဆောင်ရည်သည် သိသိသာသာ မြင့်မားလာမည်ဖြစ်ပါသည်။ မန္တလေးဆိပ်ကမ်းသာ ကွန်တိန်နာဆိပ်ကမ်းဖြစ်လာပါက မြန်မာနိုင်ငံအလယ်ပိုင်းနှင့်အထက်ပိုင်း၏ထွက်ကုန်တို့အား ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် နိုင်ငံတကာသို့ တင်ပို့ခြင်းကို ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏အဓိက ပြည်ပပို့ကုန်ဖြစ်သော ပဲအမျိုးမျိုးတို့ကို မြန်မာနိုင်ငံ အလယ်ပိုင်းနှင့်အထက်ပိုင်း၌ စိုက်ပျိုးထုတ်လုပ်ကြခြင်း ဖြစ်ပါသည်။

ယခုအခါ ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ **(JICA)** ၏ အကူအညီဖြင့် မန္တလေးမြို့၌ တည်ဆောက်တော့မည်ဖြစ်ပါသည်။ မန္တလေးကွန်တိန်နာဆိပ်ကမ်းကို ၂၀၁၈ ခုနှစ်၌ စတင်တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၀ပြည့်နှစ်၌ ပြီးစီးမည်ဟု ခန့်မှန်းထားပါသည်။ မန္တလေးကွန်တိန်နာ ဆိပ်ကမ်းသာပြီးစီးပါက မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး စွမ်းပကားကို သိသိသာသာတိုးမြှင့်နိုင်မည်သာမက ဒေသတွင်းသယ်ယူပို့ဆောင်ရေး စီမံကိန်းတို့၌ မြန်မာနိုင်ငံ၏ ပါဝင်နိုင်မှုအခန်းကဏ္ဍကိုလည်း သိသိသာသာတိုးမြှင့်စေမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ **(JICA)** ၏ မန္တလေးကွန်တိန်နာဆိပ်ကမ်းတည်ဆောက်ရေး စီမံကိန်းကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား ၂၉ -၁၂-၂၀၁၇ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - “လွိုင်ကော်မှသည်အင်းလေးဆီသို့ ရေကြောင်းခရီးဖြင့် သွားကြစို့”
၉း၁၅ - **“ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်း”**
၁၃း၀၀ - ဆေးရောင်စုံရုပ်ရှင် “ဆ၄ဂံ” ဇာတ်သိမ်း

**ညပိုင်း**

၁၆း၃၅ - ၂၀၁၇-၂၀၁၈ပညာသင်နှစ် (အားကစားနှင့်ကာယပညာသိပ္ပံအားကစားပြိုင်ပွဲများ)
၁၆း၅၀ - World Of Innovations
၁၇း၀၅ - News Year Ender 2017 (Part-5)
၁၈း၂၅ - “အာဆီယံပစ္စပြွန်နှင့်အနာဂတ်ပူးပေါင်းဆက်နွယ်မှုနှင့် စီးပွားရေးစကြ်ံလမ်းမများ” (မြန်မာ)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - တိုင်းရင်းသားတို့လူမှုဝန်းကျင်မျိုးစုံလင်အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)“ကယားတိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာ အိမ်ကလေးများ”
- “America's Got Talent (4) ”
- နိုင်ငံခြားဇာတ်လမ်းတွဲ **“နှလုံးသားရဲ့ပွဲ့ကိုင်ရှင်”** (အပိုင်း-၄၄)
- ဟာသရုပ်ရှင်စုံစင်တော်ကြီး (အပိုင်း-၂) ဟာသသီချင်း- အောင်ချစ်(ရေး၊ဆို) “ပလပ်ကျွတ်လူသားများ“ (ဟာသစကား-ပေါက်စီ)”ဒါရိုက်တာကြီးသဘောပါ”

# မန်းရွှေစက်တော်ဘုရား သုံးမိုင်လမ်းပေါ်ရှိ လှေတင်တံတားကြီးတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းကျော် ပြီးစီး



**မင်းဘူး ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် မန်းရွှေစက်တော်ဘုရားကြီး သုံးမိုင်လမ်းပေါ်ရှိ လှေတင်တံတားကြီးအား တည်ဆောက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး၍ ဘုရားပွဲတော် ဖွင့်ပွဲရက်အမီ ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း တံတားတည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းအောင်ထံမှ သိရသည်။

အဆိုပါတံတားကြီးကို တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် မန်းရွှေစက်တော်ဘုရား ဂေါပက အဖွဲ့တို့ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဘုရားကြီး ရန်ပုံငွေကျပ်သန်း ၁၄၀၀ ကျော်ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး တံတားအရှည်ပေ ၅၀၀၊ အကျယ်ပေ ၃၀၊ အမြင့် ပေ ၂၀ ရှိပြီး တံတားအောက်ခြေတိုင်ရှစ်တိုင်ပါရှိကာ ပေ ၁၀၀ ခန်း နှစ်ခန်း၊ ပေ ၆၀ ခန်း ငါးခန်းပါရှိကြောင်း သိရသည်။

“တံတားကွန်ကရစ်ခင်းခြင်းကို ပေ ၅၀၀ အပြည့်ခင်းပြီးပါပြီ၊ ပလက်ဖောင်းနဲ့ တံတားလက်ရန်းတွေလည်း တပ်ဆင်နေပါတယ်၊ လာမယ့်ဇန်နဝါရီ ၁၀ ရက်လောက်ဆိုရင် ကတ္တရာလည်းခင်းပြီးလို့ ဘုရားပွဲတော်ရက်အမီ ပြီးစီးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်” ဟု တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာက ပြောသည်။

ယခင်က ဘုရားပွဲတော်ကာလများမှာ အဆိုပါတံတားကို သစ်၊ ဝါး၊ မျှောတိုင်များ အသုံးပြုကာ ယာယီတံတားအဖြစ် တည်ဆောက်ခဲ့ကြပြီး မိုးတွင်းကာလ၌ တံတားမှာရေစီးနှင့် မျှောပါပျက်စီးခဲ့ပြီး သွားလာရေးခက်ခဲခြင်းကြောင့် ဘုရားဖူးပြည်သူများ ရာသီမရွေး လာရောက်ဖူးမြော်နိုင်ရန်အတွက် ယခုကဲ့သို့တံတားကြီးအား တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**

# သကံချောင်းတံတားစီမံကိန်းအတွက် လယ်ယာမြေများအား လျော်ကြေးပေးအပ်



**ဘိုကလေး ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)၏ သကံချောင်း တံတားစီမံကိန်း ဖော်ဆောင်ရာ၌ တံတားနယ်နိမိတ်ဧရိယာနှင့် မလွတ်ကင်းသည့် လယ်ယာမြေအား မြေယာလျော်ကြေးပေးအပ်သည့် အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)၏ တာဝန်ရှိသူများက စီမံကိန်းဖော်ဆောင်ရာတွင် ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေပိုင်ရှင် ဦးစံဌေးအား လယ်မြေတစ်ဧကလျှင် ငွေကျပ် ကိုးသိန်းနှုန်းဖြင့် ဆုံးရှုံးဧေ ၃ ဒသမ ၆၉ ဧကအတွက် စုစုပေါင်း ငွေကျပ် ၃၃၂၁၀၀၀ ကို လျော်ကြေးအဖြစ် ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ စည်းကားစွာကျင်းပရေး ဆောင်ရွက်

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၈** - နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ကို တောင်တွင်းကြီးမြို့နယ်၌ စည်ကားစွာ ကျင်းပနိုင်ရေးအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက အမှာစကားပြောကြားခဲ့သည်။ လွတ်လပ်ရေးနေ့တွင် ဟောပြောပွဲ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ မာရသွန်၊ ချောတိုင်တက်၊ ဖူဆယ်စသည့် အားကစားပြိုင်ပွဲများ၊ ကလေးပြပွဲ၊ ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**၀၈၅**

## ရွှေ ၊ ငွေ ၊ စက် သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၈-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၇၅/၈၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၅/၈၂၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၂ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၆ ・ ၇ |
| ထိုင်း | တစ်ဘတ် | ၄၁ ・ ၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၂ |
| တရုတ် | တစ်ယွမ် | ၂၀၇ ・ ၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၄ ・ ၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းမှူးများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဌေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❊ *ရှေ့ဖုံးမှ*

ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုရေးဆိုင်ရာဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံအတွင်း မသန်စွမ်းသူ ၂ ဒသမ ၃ သန်းရှိရာ နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အမိန့်ကြော်ငြာစာအမှတ် ၇၀ ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

**စိန်ခေါ်မှုများ ကြုံတွေ့နေရဆဲ**

မသန်စွမ်းသူများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြား နိုင်ငံသားများကဲ့သို့ တန်းတူညီမျှရရှိခံစားနိုင်ရေးအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများ ဆက်လက်ကြုံတွေ့နေရဆဲ ဖြစ်ပါကြောင်း။

မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင် (Reasonable Accommodation) ဖန်တီးနှင့် မသန်စွမ်းသူအပေါ် နားလည်သဘောပေါက်မှု အမြင်သဘောထားဆိုင်ရာ အတားအဆီးများကို ယနေ့တိုင် မြင်တွေ့ကြားသိနေရဆဲ ဖြစ်ပါကြောင်း။

**ထောက်ပံ့ပေးရန်လို**

မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရေးနှင့် အမှီအခိုကင်းစွာနေထိုင်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမှုသည် လွန်စွာအရေးကြီးပါကြောင်း၊ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုတို့ကို အသိအမှတ်ပြုရန်လိုအပ်ပြီး လုပ်ငန်းအလိုက် လိုအပ်ချက်အရ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းအစီအစဉ်များကို ပြုလုပ်ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းခွင်နေရာများကို မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင်ဖန်တီးပေးရေးနှင့် လိုအပ်သောနည်းပညာများ ထောက်ပံ့ပေးရန်လည်း လိုအပ်ပါကြောင်း။

မသန်စွမ်းသူများ၏ အခြားသော အခွင့်အရေးများဖြစ်သည့် နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သတင်းအချက်အလက်ရယူနိုင်ခွင့်၊ လူ့အဖွဲ့အစည်းအတွင်း အမှီအခိုကင်းစွာ ရပ်တည်နိုင်မှု အစရှိသည့် လူ့အခွင့်အရေးများအပါအဝင် မသန်စွမ်းသူများအတွက် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုး



မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် ဆွေးနွေးမှုများကို ဆွဲ့အနားမကြားသူများအား ပြန်လည်ရှင်းပြနေစဉ်။ သတင်းစဉ်

မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊ စာသင်ခုံများကို ပြင်ဆင်ပြုပြင်ခြင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းစသည့် ရုပ်ဝတ္ထုဆိုင်ရာများ ဖြည့်ဆည်းပေးမှုအားနည်းခြင်း၊ မျက်မမြင်လက်စမ်းစာနှင့် လက်သင်္ကေတပြဘာသာစကားတို့ တတ်မြောက်သည့် ဆရာ ဆရာမများနှင့် မသန်စွမ်းသူဆရာ ဆရာမများ စသည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာများ ဖြည့်ဆည်းပေးမှုများမရှိခြင်း တိုးတက်ရေးနှင့် တန်းတူညီမျှရေးတို့ကို ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

**အတည်ပြုပြဋ္ဌာန်းခဲ့**

မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို အသိအမှတ်ပြုဆောင်ရွက်သည့်အနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအား အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် မသန်



ဒေါက်တာဝင်းမြတ်အေး
ပြည်ထောင်စုဝန်ကြီး



ဒေါက်တာစန်းစန်းအေး
ကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်



ဦးအောင်ကိုမြင့်
ကော်မတီဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ
မသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌ

စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၀)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း။

**အဓိကထားဆောင်ရွက်**

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများကို မသန်စွမ်းသူများ အပြည့်အဝခံစားရရှိနိုင်ရေးအတွက် အမျိုးသားကော်မတီ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး၊ မသန်စွမ်းသူများ၏ ဘဝတိုးတက်လာစေရေး၊ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်မူဝါဒနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူဆောင်ရွက်ခြင်းနှင့် ချမှတ်ထားသောမူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်းမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များ၊ မသန်စွမ်းမှုလုပ်ငန်းကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ သယ်ယူပို့ဆောင်ရေး အဖွဲ့အစည်းများ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းစသည့် လုပ်ငန်းတာဝန်များကို အဓိကထား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**တာဝန်ယူဆောင်ရွက်**

မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်းသာသက်ဆိုင်ကြောင်း မယူဆစေလိုဘဲ အခြား ကဏ္ဍအလိုက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများကလည်း တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အသစ်စတင်ဆောင်ရွက်ရမည့် အစီအစဉ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် မသန်စွမ်းမှုဆိုင်ရာ လိုအပ်ချက်များကို သိရှိနားလည် ထည့်သွင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင်လည်း မသန်စွမ်းသူများကို ပါဝင်ဆောင်ရွက်ခွင့်ပေးပြီး မသန်စွမ်းသူများနှင့်အတူ လက်တွဲဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ပူးပေါင်းမြှင့်တင်**

မသန်စွမ်းမှုသည် လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့် အကြောင်းအရာတစ်ခုမဟုတ်ဘဲ မသန်စွမ်းမှုဆိုင်ရာအရေးကိစ္စတို့ကို လျစ်လျူရှုထားခြင်းနှင့် မသန်စွမ်းသူများကို ချန်လှပ်ထားခြင်းသာလျှင် လူ့အဖွဲ့အစည်း၏ ရေရှည်တည်တံ့မှုရှိသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို လျှောက်လှမ်းရာတွင် ထိခိုက်နှောင့်နှေးကြန့်ကြာစေနိုင်သည့်အတွက် မသန်စွမ်းသူများအားလုံး တန်းတူအခွင့်အရေးရရှိစေရန် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အားလုံး ပူးပေါင်းမြှင့်တင်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်နှင့် အမျိုးသားကော်မတီရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**

# စင်ကာပူ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီးအဖြစ် အသစ်ခန့်အပ်ခြင်းခံရသည့် H.E. Ms.Vanessa Elisabeth Chan Yuen Ying အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စင်ကာပူ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး** H.E. Ms. Vanessa Elisabeth Chan Yuen Ying **တို့ တွေ့ဆုံဆွေးနွေးစဉ်။**

သတင်းစဉ်



# အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.June Kunugi နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (နဝမ)အကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

**မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (နဝမ)အကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းနာယက၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။**




### တရားဝင်ဖွဲ့စည်း

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွင်း ကျောက်မျက်ရတနာ ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေး ကော်မတီကို ၂၀၀၆ ခုနှစ် မတ် ၃၀ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဩဂုတ် ၈ ရက်တွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းအဖြစ် တရားဝင်ဖွဲ့စည်း တည်ထောင်ခွင့်ရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်၊ မန္တလေး၊ မိုးကုတ်၊ ဖားကန့်၊ မြစ်ကြီးနား၊ စစ်ကိုင်းမြို့များတွင် ကျောက်မျက်လုပ်ငန်းရှင် အသင်းခွဲများကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။ ကျောက်မျက်ရတနာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအနေဖြင့် ပြည်တွင်း၊ ပြည်ပရှိ ကျောက်မျက်ရတနာ အသင်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပြီး အကြံဉာဏ်ကောင်းများရယူကာ ပိုမိုထိရောက် အောင်မြင်နိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

### သားစဉ်မြေးဆက် သုံးစွဲနိုင်ရေးဆောင်ရွက်

ကျောက်မျက်ရတနာ အချောထည်ကဏ္ဍအနေဖြင့် ထုတ်လုပ်မှုနှင့်ရောင်းချမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အရည်အသွေးမြှင့်တင်ရေး၊ ဈေးကွက်ထိုးဖောက်နိုင်ရေးတို့ကိုလည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ရတနာနယ်မြေများတွင် လူမှုဘဝ ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် ငွေကြေးနှင့်ပစ္စည်းများ ထည့်ဝင်လှူဒါန်းပေးခြင်းအတွက် အသင်းနှင့် အသင်းခွဲများမှ တာဝန်ရှိသူများအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း၊ အသင်း၏ ရည်ရွယ်ချက်များ ပြည့်ဝအောင်မြင်စေရန်နှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ၏အကျိုး၊ နိုင်ငံတော်အကျိုးရှေးရှု၍ မြန်မာ့ ကျောက်မျက်ရတနာများကို သားစဉ်မြေးဆက် ထုတ်လုပ်သုံးစွဲနိုင်ရေး တာဝန်ရှိသူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရုံးမူက အစည်းအဝေးတွင် အမှာစကားပြောကြားသည်။

### ဂုဏ်ပြုလွှာပေးအပ်

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် နေပြည်တော်သို့ ကျောက်စိမ်းပန်းပုရုပ် ထုဆစ်လှူဒါန်းသော မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုချီးမြှင့်လွှာပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် အဖွဲ့၏ (၂၀၁၆-၂၀၁၇)ခုနှစ်အတွက် နှစ်ပတ်လည် အစီရင်ခံစာ ဖတ်ကြားခြင်း၊ ငွေစာရင်းအနှစ်ချုပ်ရှင်းတမ်းကို ဘဏ္ဍာရေးမှူးက ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးလဖိုင်ခွန်ဆာက အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစာအုပ်ကိစ္စ တင်ပြခြင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ (မူကြမ်း) အတည်ပြုခြင်းနှင့် ကြိုတင်ပေးပို့ မေးမြန်းထားသော မေးခွန်းကို ဥပဒေအကြံပေးက ဖြေကြားခြင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား အတည်ပြုရန် ဥပဒေအကြံပေးမှ တင်ပြခြင်း၊ ဥက္ကဋ္ဌက နယ်အသင်းခွဲများသို့ ရာသက်ပန်အသင်းခွဲများအဖြစ် အသိအမှတ်ပြု မှတ်တမ်းလွှာ ပေးအပ်ခြင်းများ ဆောင်ရွက်ကြပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

**သတင်းစဉ်**

◆ ***ကျော့ဖုံးမှ***

ယနေ့ ဖွင့်လှစ်လိုက်သော ငမိုးရိပ်တံတား(သစ္စာလမ်း)ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးမောင်မောင်စိုးတို့က တံတားသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ယင်းနောက်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် မြို့တော်ဝန်တို့သည် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး တံတားသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

တောင်ဥက္ကလာပနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)တို့ကို ဖြတ်လမ်းသဖွယ် ဆက်သွယ်ပေးထားသော ငမိုးရိပ်တံတား (သစ္စာလမ်း)သည် ပင်မတံတားအရှည် ပေ ၉၀၀ (မီတာ ၂၈၀ )၊ ချဉ်းကပ်လမ်း အရှည် ၆၅ မီတာ၊ ကားလမ်းအကျယ် ၈ မီတာ၊ စင်္ကြံလမ်းအကျယ် တစ်ဖက် ၁ ဒသမ ၇ မီတာ၊ ရေလမ်းကင်းလွတ် အမြင့် ၇ မီတာ၊ အကျယ် မီတာ ၆၀၊ ခံနိုင်ဝန် တန် ၆၀ ရှိပြီး တံတားအမျိုးအစားမှာ ဘိုးပိုင်ဖောင်ဒေးရှင်း၊ သံကူကွန်ကရစ်၊ စတီးဘောက်ကာတာဖြစ်ကာ ယာဉ်နှစ်လမ်းသွား အသုံးပြုနိုင်မည်ဖြစ်သည်။

“ ဒီတံတားကြီးက ကျွန်မတို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)နဲ့ တောင်ဥက္ကလာပကို ငမိုးရိပ်ချောင်းဖြတ်ပြီး တည်ဆောက်ထားတာဆိုတော့ ဖြတ်လမ်းသဘောမျိုးဖြစ်နေတဲ့အတွက် ကျွန်မတို့အနေနဲ့ အရင်နဲ့စာရင် သွားလာရတာ ပိုအဆင်ပြေပါတယ်၊ အရင်ကဆို စက်တပ်သမ္ဗန်လေးတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေကအစ တစ်ဖက်နဲ့ တစ်ဖက် ကူးလူးသွားကြရတာ။ အဲဒီလိုမှမသွားရင် ဘေလီတံတားဘက်ကနေသွားကြရတော့ ကားလမ်းပိတ်တာနဲ့ အချိန်အများကြီး ပေးကြရတယ်၊ ခုတော့ ခြောက်မိနစ်၊ ခုနစ်မိနစ် လမ်းလျှောက်လိုက်တာနဲ့ တစ်ဖက်နဲ့တစ်ဖက် လိုရာခရီးကို လွယ်လင့်တကူ သွားနိုင်ပါတယ်၊ ပြီးတော့ ဒီတံတားကြီးက ယာဉ်ကြောကျပ်တည်းမှုပြေလည်ဖို့ အမှန်တကယ် အထောက်အကူဖြစ်စေပါတယ်”ဟု ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၃ ရပ်ကွက်မှ ဒေါ်မိုးသူဇာက ပြောသည်။

အဆိုပါ ငမိုးရိပ်တံတား (သစ္စာလမ်း)ကို ရန်ကုန်တိုင်းဒေသကြီး အစိုးအရဘတ်ဂျက်ဖြင့် အကုန်အကျခံတည်ဆောက်ခြင်းဖြစ်ပြီး မြန်မာငွေကျပ် ဘီလီယံ ၅ ဒသမ ၂ သန်း အကုန်အကျခံကာ ပြည်တွင်း အင်ဂျင်နီယာများက ငါးလကျော်အတွင်း အပြီးတည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

# ကောင်းမြတ်သည့် အစဉ်အလာများကိုအတုယူပြီး ပြည်သူချစ်သည့် စစ်သည်တော်ကောင်းများ ဖြစ်လာအောင် ပြုကျင့်နေထိုင်




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၁၅)နှင့် အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၅)နှင့် အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

**တပ်ခွဲများ စစ်ဆေး**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား သင်တန်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၅)မှ အကောင်းဆုံးသင်တန်းသား ဆုရရှိသူ သင်တန်းသားအမှတ် ၃၀၁၅ သင်တန်းသား ဝေဖြိုးဟိန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် ၃၈၂၂ သင်တန်းသား သန့်စင်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် ၃၇၆၀ သင်တန်းသား စိုးခန့်အောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် တပ်မတော် အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၂)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူအမှတ် ၁၃၅ သင်တန်းသူ နန်းရဝေပိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူအမှတ် ၁၁၉ သင်တန်းသူ စုမွန်နိုင်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသူအမှတ် ၁၆၄ သင်တန်းသူ အေးသော်တာမင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာ၌ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဖြစ်မနေလိုအပ်နေသည့် ထာဝရငြိမ်းချမ်းရေး ရရှိအောင်လည်း တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ချမှတ်ပြီး စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးလျက်ရှိကြောင်း။

**အလွန်အရေးကြီး**

မိမိတို့နိုင်ငံ၏ ပကတိအရှိတရားများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးကို အမည်နာမအမျိုးမျိုးဖြင့် နယ်မြေပိုင်းခြား သတ်မှတ်ထားသော်လည်း နယ်မြေဒေသတိုင်းတွင် တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်ကြသည့်အတွက် ပြည်ထောင်စု၏အသွင်သဏ္ဌာန်သည် ခွဲထွက်ခြင်း၊ ပဲ့ထွက်ခြင်း၊ ကွဲပြားခြင်း မဖြစ်စေရေး အလွန်အရေးကြီးကြောင်း။

မိမိတို့အနေဖြင့် တပ်မတော်နှင့် ပြည်သူအပေါ် တာဝန်ကျေပွန်ခဲ့သည့် နောင်တော်စစ်သည်များ၏ ကောင်းမြတ်သည့် အစဉ်အလာများကို အားကျအတုယူပြီး မိမိတို့တပ်မတော်၏ ကောင်းမွေဆက်ခံသူ တပ်မတော်သားများ၊ ပြည်သူက အားကိုးအားထားပြုရသည့် ပြည်သူချစ်သည့် စစ်သည်တော်ကောင်းများ ဖြစ်လာအောင် ပြုကျင့်နေထိုင်သွားကြရန် မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

**ဂုဏ်ပြုအမှာစကားပြော**

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ်၊ ပင်မဆောင်ရှိ ညှော့ခန်းမဆောင်၌ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၅)မှ ထူးချွန်ဆု ရရှိခဲ့ကြသည့် သင်တန်းသားများနှင့် ၎င်းတို့၏မိဘများ၊ အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂)မှ ထူးချွန်ဆုရရှိခဲ့ကြသည့် သင်တန်းသူများနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညနေပိုင်းတွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၅)နှင့် အမျိုးသမီး သူနာပြုသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအကြောင်း မိတ်ဆက်ခြင်းနှင့် မီဒီယာများနှင့် တွေ့ဆုံပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (National Electrification Project – Off Grid) အကြောင်း မိတ်ဆက်ခြင်းနှင့် မီဒီယာများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၃၆)၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က အဖွင့်အမှာစကားပြောကြားသည်။



**ရှင်းလင်းပြောကြား**

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများက စီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**လျှပ်စစ်မီးရရှိရန် ဆောင်ရွက်နေ**

အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းသည် ၂၀၁၆ မှ ၂၀၂၂ခုနှစ်၊ ငါးနှစ်တာကာလအတွင်း လျှပ်စစ်မီးမရရှိသေးသည့် မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်ဝေးကွာကာ လာမည့် ၁၀ နှစ်အတွင်း လျှပ်စစ်မရရှိနိုင်သေးသည့် ကျေးရွာများကို ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်းတွင် ပါဝင်သည့် တစ်အိမ်သုံး ဆိုလာစနစ်များ တပ်ဆင်ပေးသည့်ကျေးရွာများအတွက် ပြည်သူ့အချိုးကျ ထည့်ဝင်ငွေဖြင့် လည်းကောင်း၊ အသေးစား ဆိုလာဓာတ်အားပေး စနစ်အတွက် ကုန်ကျစရိတ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ဝင်ငွေ ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီနှင့် ပြည်သူ့ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းစီဖြင့် လုပ်ငန်းလည်ပတ်နေခြင်း ဖြစ်သည်။

**ဆောင်ရွက်သွားမည်**

စီမံကိန်း ငါးနှစ်တာကာလအတွင်း ဆောင်ရွက်မည့် လျာထားချက်မှာ တစ်အိမ်သုံး ဆိုလာစနစ်အတွက် ကျေးရွာပေါင်း ၅၁၀၀ ကျော်နှင့် အသေးစားလျှပ်စစ်ဓာတ်အားပေး စနစ်ဖြင့် စုစုပေါင်း ကျေးရွာ ၃၆၀ တွင် ဆောင်ရွက်ရန်ဖြစ်ပြီး အဆိုပါစီမံကိန်းတွင် အများပြည်သူသုံး ဆိုလာစနစ်များလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**ဓာတ်အားလိုင်း**

**တိုးချဲ့သွယ်တန်း**

မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကြီးအတွက် ပထမငါးနှစ် (၂၀၁၆ မှ ၂၀၂၂ ခုနှစ်ထိ) စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်ကချေးငွေ အမေရိကန်ဒေါ်လာ သန်း ၉၀ ကို မဟာဓာတ်အားလိုင်းပြင်ပ မီးလင်းရေးလုပ်ငန်းများအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးအနှံ့ ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်မီးရရှိရေးအတွက် ကမ္ဘာ့ဘဏ်က ချေးငွေအဖြစ် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ပေးရာတွင် ကျန်အမေရိကန်ဒေါ်လာ သန်း ၃၁၀ ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက မဟာဓာတ်အားလိုင်း တိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းများအဖြစ် လုပ်ဆောင်မည် ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့ ဈေးရှေ့ရှိ ၈ နာရီ ကုန်စိမ်းဈေးမှ ကုန်စိမ်းဈေးသည် ၉၀၀ ကျော်အား ယာယီဈေးသို့ ပြောင်းရွှေ့ပေးမည်

**မိတ္ထီလာ ဒီဇင်ဘာ ၂၈**

မိတ္ထီလာမြို့ ဈေးရှေ့ရှိ ၈ နာရီ ကုန်စိမ်းဈေးမှ ကုန်စိမ်းဈေးသည် ၉၀၀ ကျော်အား ယာယီဈေး ပြုလုပ်ရွှေ့ထားပြီး စနစ်တကျသတ်မှတ်နေရာများ ချထားပေးမည်ဖြစ်ကြောင်း သိရသည်။

“ မိတ္ထီလာမြို့ ဈေးရှေ့မှာရှိတဲ့ ၈ နာရီကုန်စိမ်းဈေးကို ရွှေ့မှာပါ၊ မိတ္ထီလာမြို့မှာရှိတဲ့ ဘဲကန်ဆိုတဲ့နေရာကို ရွှေ့မှာပါ၊ အဲဒီနေရာအတွက် မြေညှိတာတွေ၊ အခန်းလုပ်တာတွေ၊ သန့်စင်ခန်းတွေနဲ့ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်တာတွေ လုပ်ထားပါပြီ၊ အဲဒီကို ရွှေ့တဲ့နေရာမှာ စနစ်တကျ နေရာချပေးနိုင်ဖို့ ဒီဇင်ဘာ ၂၇ ရက်ကစပြီး စည်ပင်သာယာခန်းမမှာ မဲနှိုက်ရွေးချယ်တာ စတင်လုပ်ကိုင်နေပါတယ်၊ ဒီဇင်ဘာ ၂၇ ၊ ၂၈၊ ၂၉ သုံးရက် မဲနှိုက်သွားမှာပါ၊ ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် စတင်ရွှေ့ပြီး ဇန်နဝါရီလ ၁ ရက်နေ့အပြီး ရွှေ့မှာပါ။ အခုလိုပြောင်းရွှေ့တာ ယာယီပါ၊ ပြီးရင် သတ်မှတ်နေရာတစ်ခုကို အတည်ပြောင်းရွှေ့ပါမယ်” ဟု စည်ပင်သာယာရေးကော်မတီမှ ဦးအောင်ကြိုင်က ပြောသည်။

မိတ္ထီလာမြို့ ဈေးအရှေ့ရှိ ကုန်စိမ်းဈေးသည် ၉၀၀ ကျော်အား ယာယီဈေးသို့ ပြောင်းရွှေ့ရောင်းချရန် နေရာပေးရာတွင် ယာယီဈေးသို့ ပြောင်းရွှေ့လိုက်ပါရောင်းချသည့် ဈေးသည်များကိုသာ အတည်ချပေးသည့် ဈေးနေရာတွင် ထည့်သွင်းစဉ်းစားပေးပြီး ယာယီဈေးသို့ လိုက်ပါရောင်းချခြင်းမရှိသော ဈေးသည်များအား ထည့်သွင်းစဉ်းစားပေးမည် မဟုတ်ကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

# လွတ်လပ်ခြင်း၏ တန်ဖိုးကို သိရှိလို့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စို့

**တက္ကသိုလ် ပွင့်သူအောင်**

အောင်စေသတည်း။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့ ကောင်းမြတ်သော မင်္ဂလာအခါ၌ ဤငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်သတည်း။

ဤသို့လျှင် လွတ်လပ်ရေးကျောက်တိုင်ကြီး၌ ကျောက်ထက်အက္ခရာတင်ကာ မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရခဲ့သည်မှာ ယခုအခါ နှစ်(၇၀)ပြည့်သို့တိုင် ရောက်ရှိခဲ့ပြီဖြစ်သည်။ ဤသို့လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရရှိခဲ့ခြင်းသည် လွယ်လွယ်ကူကူရရှိခဲ့ခြင်းမဟုတ်ပေ။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတည်းဟူသော တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့၏ အသက်၊ ချွေး၊ သွေး မြောက်မြားစွာ ရင်းနှီးပေးဆပ်၍ သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ကျားကုတ်ကျားခဲကြိုးပမ်းအားထုတ် ခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ခရစ်နှစ် ၁၈၂၄ ခုနှစ် အင်္ဂလိပ်တို့၏ ကျူးကျော်နယ်ချဲ့စစ်ပွဲအပြီး ရခိုင်နှင့် တနင်္သာရီကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ထို့နောက် ၁၈၅၂ ခုနှစ် ဒုတိယအကြိမ် အင်္ဂလိပ်တို့၏ ကျူးကျော်စစ်ပွဲအပြီး တောင်ငူမှ အောက်မြန်မာနိုင်ငံတစ်ပိုင်း ထပ်မံဆုံးရှုံးခဲ့ရသည်။ ၁၈၈၅ ခုနှစ် တတိယအကြိမ် ရန်စကျူးကျော်သော အင်္ဂလိပ်တို့၏ နယ်ချဲ့စစ်ပွဲအပြီး အထက်မြန်မာနိုင်ငံ လက်လွှတ်ဆုံးရှုံးကာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့ရသည်။

**လွတ်လပ်သည့် နိုင်ငံဖြစ်**

မြန်မာနိုင်ငံ၏ နောက်ခံသမိုင်းကို ပြန်ကြည့်လျှင် မြန်မာနိုင်ငံသည် ဘီစီ(၃)ရာစုခန့်မှစ၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာ စသည်ဖြင့် ပဒေသရာဇ်နိုင်ငံများ ထူထောင်ကာ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်နေထိုင်ခဲ့သော လွတ်လပ်သည့် နိုင်ငံဖြစ်သည်။ ထို့နောက် ပုဂံပြည့်ရှင်အနော်ရထာမင်းကြီးသည် နိုင်ငံအတွင်း ပြန့်ကျဲနေသော ဒေသများကို ပြန်လည်စုစည်းရင်း စည်းလုံးညီညွတ် အင်အားတောင့်တင်းခိုင်မာသည့် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်၍ မြန်မာလူမျိုးတို့၏ လွတ်လပ်မှုဂုဏ်ရည်ကို မြှင့်တင်ပေးခဲ့သည်။ ထို့အတူ ဘုရင့်နောင်မင်းတရားကြီးသည် ကေတုမတီတောင်ငူကို အခြေပြုပြီး ဝါးအစည်းပြေနေသကဲ့သို့ ဖြစ်နေသော ဒေသများစွာကို စုစည်းကာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်ပေးရင်း မြန်မာလူမျိုးတို့ လိုလားသော တရားမျှတ လွတ်လပ်မှုဂုဏ်ရည်ကို ပြန်လည်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။ ပုဂံပြည့်ရှင်အနော်ရထာမင်းကြီးနှင့် ဘုရင့်နောင်မင်းတရားတို့နည်းတူ တတိယမြန်မာနိုင်ငံတော်ကြီးကို အင်အားခိုင်မာတောင့်တင်းစွာ တည်ဆောက်ပေးခဲ့သူမှာ ရွှေဘိုကို အခြေပြုခဲ့သူ အလောင်းမင်းတရားကြီးဦးအောင်ဇေယျဖြစ်သည်။

သို့သော် ၁၈၂၄ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ နယ်ချဲ့စစ်ပွဲများကြောင့် ကိုလိုနီခေတ်သို့ ပြောင်းလဲရောက်ရှိသွားခဲ့ရာ သူ့ကျွန်မခံလိုသော မျိုးချစ်တိုင်းရင်းသား ခေါင်းဆောင်တို့သည် ရရာလက်နက်စွဲကိုင်ကာ နယ်ချဲ့အစိုးရကို တွန်းလှန်ခဲ့ကြသည်။ ယင်းကဲ့သို့ တွန်းလှန်ခဲ့ရာတွင် စုစည်းညီညွတ်မှုအားနည်းခြင်း၊ လက်နက်အင်အား ကွာခြားခြင်းနှင့် နယ်ချဲ့တို့၏ ပရိယာယ်ကြွယ်ဝမှုတို့ကြောင့် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းမှုအတွက် အောင်မြင်မှုမရရှိခဲ့ပေ။ ထို့နောက် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ စတင်ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်မှစ၍ မြန်မာမျိုးချစ်လူငယ်တို့သည် နိုင်ငံရေးအသိအမြင်ပိုမိုကြွယ်ဝလာခဲ့သည်။ ထို့ကြောင့် လက်ရုံးရည်၊ နှလုံးရည်ဖြင့် ပြည့်ဝသော စွမ်းရည်ထက်မြက်သည့် ကိုယ်ပိုင်တပ်မတော်တစ်ရပ်ထူထောင်ရန် ကြိုးပမ်းလာခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်တို့သည် ဟိုင်နန်ကျွန်းဆန်ငရှာ၌ အခြေခံစစ်ပညာသင်ယူခဲ့ကြသည်။ ၁၉၄၁ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဖော်မိုဆာကျွန်း တမာဇာတိုမြို့ရှိ ဗိုလ်သင်တန်းကျောင်း၌စစ်ပညာရပ်များ ဆက်လက်ဆည်းပူးခဲ့သည်။ ထို့နောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်၌ "ဗမာ့လွတ်လပ်ရေးတပ်မတော်" (Burma Independence-BIA) ကို ထိုင်းနိုင်ငံဗန်ကောက်မြို့၌ လက်မောင်းသွေးကိုဖောက်သွေးသစ္စာရည်သောက်ပြီး စတင်ဖွဲ့စည်းခဲ့သည်။

**ပူးပေါင်းတိုက်စစ်ဆင်နွှဲ**

ထို့နောက် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၊ ဖေဖော်ဝါရီလ၊ မတ်လများတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို သိမ်းပိုက်ခဲ့သည်။ ထိုစဉ်က ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) သည် ဆုံးရှုံးသွားခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရရှိရန် ရန်ကုန်မြို့ကို သိမ်းပိုက်ရာတွင် နယ်ချဲ့ရန်သူတို့အား စစ်ကြောင်းသုံးကြောင်းဖြင့် ဝိုင်းပတ်ပိတ်ဆို့ခဲ့သော စစ်ဗျူဟာကို အသုံးပြုခဲ့သည်။ ဘီအိုင်အေနှင့် ဂျပန်တပ်တို့ ပူးပေါင်းတိုက်စစ်ဆင်နွှဲခဲ့ရာ ၁၉၄၂ ခုနှစ် ဇွန်လတွင် မြန်မာပြည်တစ်ဝန်းလုံးနီးပါး သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် ဂျပန်တို့က ဘီအိုင်အေမှ စစ်သည်အင်အားကန့်သတ်လျှော့ခဲ့၍ ၁၉၄၂ ခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် "ဗမာ့ကာကွယ်ရေးတပ်မတော်" (Burma Defence Army-BDA) ကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဖက်ဆစ်ဂျပန်တို့က ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်၌ မြန်မာတို့အား ရွှေရည်စိမ်လွတ်လပ်ရေး အတုအယောင်ပေးခဲ့သော်လည်း မြန်မာတစ်မျိုးသားလုံးက လုံးဝလက်မခံခဲ့ကြပေ။ ထို့ကြောင့် ဖက်ဆစ်ဂျပန်တို့အား ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ပြည်သူနှင့် တပ်မတော်တို့ လက်တွဲကာ တော်လှန်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခဲ့သော ဘီဒီအေကို "မျိုးချစ်ဗမာ့တပ်မတော်" (Patriotic Burmese Force-PBF) ဟု တရားဝင်အမည်ပြောင်းလိုက်သည်။

ထို့နောက် မျိုးချစ်ဗမာ့တပ်မတော် ခေါင်းဆောင်များနှင့် တိုင်းမှူးများသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေးအတွက် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၀ ရက်နှင့် ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်တွင် အစည်းအဝေး ပြုလုပ်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် "ဖတပလ" (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်) ဥက္ကဋ္ဌလည်းဖြစ်၍ မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များကို နိုင်ငံရေးလမ်းကြောင်းမှ ချပေးခဲ့သည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့၌ ရန်ကုန်မြို့ ကန်တော်ကြီးစောင်းရှိ နေသူရိန်ဇာတ်ရုံကြီးတွင် ဖတပလအဖွဲ့က ကြီးမှူးကျင်းပခဲ့သည့် နိုင်ငံရေးအဖွဲ့ပေါင်းစုံမှ ခေါင်းဆောင်များ၊ ဗမာ့တပ်မတော်သားများနှင့် ပြည်သူများ တက်ရောက်ခဲ့သော ပြည်သူ့အစည်းအဝေးတွင် လွတ်လပ်ရေးအတွက် အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့သည်။ ယင်းလူထု အစည်းအဝေးကြီး၌ ၁၉၄၅ ခုနှစ် မေလ ၁၇ ရက်နေ့က ဗြိတိသျှတို့၏ ထုတ်ပြန်ကြေညာချက်ဖြစ်သော စက္ကူဖြူစီမံကိန်းပါ အစီအစဉ်များကို ကန့်ကွက်ကာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးက မြန်မာ ပြည်သူများ၏ လိုလားချက်များကို အတည်ပြုကြေညာခဲ့သည်။ ယင်းနေသူရိန် အစည်းအဝေးကြီးက ဆုံးဖြတ်ထားသည့် တပ်မတော်နှင့် ပတ်သက်သောအဆိုကိုလည်း အများသဘောတူ ထောက်ခံအတည်ပြုပေးခဲ့သည်။

**နေသူရိန်အစည်းအဝေးကြီး**

ယင်းနေသူရိန်အစည်းအဝေးကြီး၌ ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်အခန်းကဏ္ဍကို မိန့်ခွန်းပြောကြားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက "ကျုပ်တို့တပ်မတော်တစ်ခုလုံးဟာ ယခုအခါကြိမ်မီးအုံးသလို ပူပန်နေတယ်၊ စစ်တိုက်တော့မယ့်ဆဲဆဲ၊ စစ်တိုက်လို့ ကျည်ဆန်သင့်ပြီးသေအံ့ဆဲဆဲမှာ တို့တိုက်တာလွတ်လပ်ရေးရမှုရပ့်မလားဟော့၊ ကျုပ်တော့ဖြင့်သွားပြီ၊ တိုင်းပြည်မှာ ကျန်ရစ်မယ့် ခေါင်းဆောင်မယ့်လူကြီးတွေကို ပြောလိုက်ပါ၊ ကျုပ်တို့တာဝန်ကျေပြီ၊ ခင်ဗျားတို့ တာဝန်ကျေအောင်လုပ်ပါ၊ မလုပ်ရင်တော့ ကျုပ်တို့ဘဝအဆက်ဆက်တိုင်းက ဘာလုပ်မယ်၊ ညာလုပ်မယ်အစရှိသဖြင့် မြည်တမ်းသွားတာတွေဟာ ကျန်ရစ်ခဲ့တဲ့ ရဲဘော်တွေနဲ့ ကျုပ်တို့အားလုံးစိတ်ကို အင်မတန်ထိခိုက်အောင်ဖြစ်တယ်"ဟူ၍ မိန့်ခွန်းပြောကြားခဲ့သည်။ ထို့အတူ ကရင်ခေါင်းဆောင် တစ်ဦးဖြစ်သူ မန်းဘခိုင်က "မြန်မာ့တပ်မတော်ဟာ ကျုပ်တို့ရဲ့ ကျေးဇူးရှင်ဖြစ်တယ်၊ ဂျပန်ဆီကလက်နက်တွေကို မရအရယူပြီး တိုက်ခိုက်တာ ချီးမွမ်းဖို့ကောင်းတယ်၊ မြန်မာ-ကရင်ပူးပေါင်းမှုကို အခြေခံထားတဲ့အတွက် ထောက်ခံရခြင်းဖြစ်တယ်" ဟူ၍အကျယ်တဝင့် ထောက်ခံပြောကြားခဲ့သည်။ ယင်းနေသူရိန်အစည်းအဝေးကြီးသည် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ သမိုင်းဝင် အစည်းအဝေးကြီးပင်ဖြစ်သည်သာမက မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခဲ့သော မြန်မာ့တပ်မတော်တိုးတက်ဖြစ်ပေါ်မှုနှင့် နောက်ဆုံးလွတ်လပ်ရေး တိုက်ပွဲလည်း ဖြစ်ခဲ့သည်။

ယင်းမြန်မာ့လွတ်လပ်ရေး တိုက်ပွဲသမိုင်းဝင် နေသူရိန်အစည်းအဝေးကြီး ကျင်းပပြုလုပ်ခဲ့ပြီးနောက် ၁၉၄၅ခုနှစ် စက်တင်ဘာလ ၇ ရက် သောကြာနေ့တွင် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ ချုပ်ဆိုခဲ့သည့် ကန္ဒီစာချုပ်သည်လည်းကောင်း၊ ၁၉၄၇ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လန်ဒန်မြို့၌ ဗိုလ်ချုပ်အောင်ဆန်း လက်မှတ်ရေးထိုးခဲ့သည့် အောင်ဆန်း-အက်တလီစာချုပ်သည်လည်းကောင်း၊ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ပင်လုံမြို့၌ တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့ လက်မှတ်ရေးထိုးခဲ့သည့် ပင်လုံစာချုပ်ကြီးသည် လည်းကောင်း၊ ၁၉၄၇ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့၌ အင်္ဂလန်နိုင်ငံတွင် လက်မှတ်ရေးထိုးခဲ့သည့် နု-အက်တလီစာချုပ်သည် လည်းကောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ရေးဆွဲနိုင်ခဲ့သော မြန်မာနိုင်ငံ လွတ်လပ်ရေး ဥပဒေမူကြမ်းကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ယင်းဥပဒေမူကြမ်းကို ဗြိတိသျှပါလီမန်သို့ တင်သွင်းနိုင်ခဲ့၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေး ရရှိခဲ့သည်။

**မိန့်မှာသွားခဲ့**

နှစ်စဉ် ဇန်နဝါရီလ ၄ ရက်နေ့ ရောက်တိုင်း လွတ်လပ်ရေးနေ့အောင်ပွဲ အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ် ၂၀၁၈ ခုနှစ်၌ နှစ် (၇၀) ပြည့်ခဲ့ပြီဖြစ်သည်။ ဤသို့လွတ်လပ်ရေးနေ့အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း ကျင်းပရခြင်း၏ အကြောင်းအရင်း တစ်ရပ်ကိုပြန်ကြည့်ပါက ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ အသက်သွေးပေါင်းမြောက်မြားစွာဖြင့် ရယူခဲ့ရသော လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုသည့် စိတ်ဓာတ်များဆက်လက် ရှင်သန်ပြီး လွတ်လပ်ရေးကြီး အစွန့်ရှည်တည်တံ့ရန်ပင်ဖြစ်သည်။

ထို့ကြောင့် လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုး မဟုတ်ဘူး၊ စည်းနဲ့ ကမ်းနဲ့သဘောမျိုးဖြစ်တယ်၊ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်၊ ပဒေသာပင်ပေါက်အောင်ဆိုရင် ကျွန်တော်တို့အလုပ်လုပ်မှ ဖြစ်မယ် ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်၊ အဲဒီတော့ လွတ်လပ်ရေးရပင်ရငြားသော်လည်း လွတ်လပ်ရေးရဲ့တာဝန်တွေကို ကျွန်တော်တို့ မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့လွတ်လပ်ရေးဟာ ဒီကနေ့ရပြီးမနက်ဖြန်ခါ တခြားလက်ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ်" ဟူ၍ မိန့်မှာသွားခဲ့သည်။

ထို့ကြောင့် ဤပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသူတိုင်းသည် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ အစဉ်ရှင်သန်နေကြဖို့ လိုအပ်ပြီး လွတ်လပ်ခြင်း၏တန်ဖိုးကို သိရှိ၍လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရမည်ဖြစ်ပါကြောင်း ၂၀၁၈ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

"နှစ်စဉ် ဇန်နဝါရီလ ၄ ရက်နေ့ ရောက်တိုင်း လွတ်လပ်ရေးနေ့အောင်ပွဲ အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ် ၂၀၁၈ ခုနှစ်၌ နှစ် (၇၀) ပြည့်ခဲ့ပြီဖြစ်သည်။ ဤသို့လွတ်လပ်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း ကျင်းပရခြင်း၏ အကြောင်းအရင်း တစ်ရပ်ကိုပြန်ကြည့်ပါက ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ အသက်သွေးပေါင်းမြောက်မြားစွာဖြင့် ရယူခဲ့ရသော လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များဆက်လက် ရှင်သန်ပြီး လွတ်လပ်ရေးကြီး အစွန့်ရှည်တည်တံ့ရန်ပင်ဖြစ်"

## ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့် အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေး မြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

# ကျောက်တံခါးမြို့၌ နှစ် (၇၀) ပြည့်လွတ်လပ်ရေးနေ့အကြို မိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပ

**ကျောက်တံခါး ဒီဇင်ဘာ ၂၈**

နှစ် (၇၀) ပြည့်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော မိခင်နှင့်ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက် မိခင်နှင့်ကလေးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပရာသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာမျိုးဇော်လှ၊ မိခင်နှင့်ကလေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်စန်းစန်းထွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်သန်းသန်းနှင့်အဖွဲ့ဝင်များ တက်ရောက်ပြီး ပြိုင်ပွဲသို့ မွေးကင်းစမှ ခြောက်လသားအရွယ်ရှစ်ဦး၊ ခြောက်လမှ ၁ နှစ်အထိ ကလေးငယ် ၁၉ ဦး၊ ၁ နှစ်မှ ၁ နှစ်ခွဲအထိ ကလေးငယ် ၁၆ ဦး စုစုပေါင်း ကလေးငယ် ၄၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ကြီးကြပ်စစ်ဆေးသူများက ကလေးငယ်များ ကျန်းမာရေးအခြေအနေစစ်ဆေးခြင်း၊ အသက်အပိုင်းအခြားအလိုက် ကလေးငယ်များတွင် ပေါင်ချိန်ပြည့်မီခြင်းရှိ မရှိ၊ အရပ်တိုင်းတာခြင်းများနှင့် ကလေးများကာကွယ်ဆေးပုံမှန်ထိုးနှံပေးခြင်းရှိ မရှိ၊ မိခင်မှ ကလေးငယ်များအပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခြင်းများ စစ်ဆေးခြင်းနှင့် ကျန်းမာရေးဗဟုသုတ မေးခွန်းများကို မေးမြန်းခဲ့သတ်မှတ်စံချိန်စံညွှန်းနှင့်ပြည့်ဝကိုက်ညီမှုရှိသည့် ဆုရရှိသူများကို ကြေညာကာ ဆုရရှိသည့် မိခင်နှင့် ကလေးငယ်များအား လွတ်လပ်ရေးနေ့တွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ခေတ်ရေစီးကြောင်းနှင့် လိုက်လျောညီထွေရှိမည့် မူဝါဒများချမှတ်

နေပြည်တော် ဒီဇင်ဘာ ၂၈

**စက်မှုဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။**



**လက်တွေ့လိုက်နာ**

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို က နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကသို့ လွှဲပြောင်းခြင်း၊ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနရှိ စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းများကိုလျင်လျင်မြန်မြန်နှင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများမှ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်းများကို မှန်မှန်ကန်ကန် ရွေးချယ်ရန်နှင့် သမာသမတ်ကျစွာ အဂတိတရား ကင်းရှင်းရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်ရေစီးကြောင်းနှင့် လိုက်လျောညီထွေရှိမည့် မူဝါဒများချမှတ်ရန်လိုကြောင်း၊ ချမှတ်သည့် မူဝါဒများကို ရည်မှန်းချက်ပြည့်မီသည်အထိ လက်တွေ့လိုက်နာအကောင်အထည်ဖော်နိုင်ရမည် ဖြစ်ကြောင်း။

SME များမှ ထုတ်လုပ်သည့် ထုတ်ကုန်ပြိုင်ပွဲကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ညှိနှိုင်းအစည်းအဝေးတွင် ပြီးခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ပြီးနောက် ယခုဘဏ္ဍာနှစ်၌ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးညှိနှိုင်းသွားမည် ဖြစ်ကြောင်း၊ စက်ရုံများအနေဖြင့် ပြည်သူလူထုအတွက် အကျိုးရှိမည့် ပိုမိုကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆ၍ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်အရည်အသွေး တိုးတက်အောင်၊ ထုတ်လုပ်မှုတိုးတက်အောင်ဖန်တီးတီထွင်နိုင်သည့် ဝန်ထမ်းများကို အားပေးချီးမြှင့်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**လုပ်ငန်းအစီအမံများ**

အစည်းအဝေးတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်ရေး အစီအစဉ်အရစက်မှုထုတ်ကုန်ပစ္စည်းများ စံချိန်စံညွှန်းသတ်မှတ်နိုင်ရေး ဆောင်ရွက်နေမှုများ၊ စက်မှုသင်တန်းကျောင်းများမှ ကျွမ်းကျင်လုပ်သားများအား လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ် အသုံးဝင်သော လုပ်သားကောင်းများအဖြစ် မွေးထုတ်ပေးလျက်ရှိသည့် အခြေအနေနှင့် တိုးချဲ့ဖွင့်လှစ်မည့် သင်တန်းဆိုင်ရာ ကိစ္စရပ်များ၊ စက်ရုံ၊ အလုပ်ရုံများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန်နှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် စက်မှုလုပ်ငန်းများအား စစ်ဆေးနေမှု အခြေအနေ၊ ဘွိုင်လာနှင့် လျှပ်စစ်စစ်ဆေးမှု အခြေအနေနှင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာနှစ်တွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်ခဲ့သည့် အခြေအနေနှင့် ယခုဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ လုပ်ငန်းတစ်ခုချင်းစီအလိုက် စီးပွားရေးအရ အရှုံး၊ အမြတ် အခြေအနေ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၇ ခုနှစ် သုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၇)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိ သုံးလပတ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် သုံးသပ်ခြင်းနှင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ရှေ့လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြခြင်း ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ နိဂုံးချုပ်စကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် ၎င်းအဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အမှတ် ၂၇ ၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီးတွင် ရုံးချုပ်ဖွင့်လှစ်ထားရှိပြီး အောက်ပါမြို့များတွင် ရုံးခွဲများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်-

(က) **နေပြည်တော်ရုံးခွဲ**

(၁) ရုံးခွဲတာဝန်ခံ ဒေါ်ဇူးဇူးရတနာဆွေ၊ ဖုန်းနံပါတ် ၀၉၄၃၁၀၉၀၅၆

(၂) ရုံးခွဲလိပ်စာ၊နေပြည်တော်ကောင်စီဝင်းအတွင်း၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေး ရုံးဝင်းအတွင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ။

(ခ) **မန္တလေးရုံးခွဲ**

(၁) ရုံးခွဲတာဝန်ခံ ဒေါ်နှင်းယုယုအောင်၊ဖုန်းနံပါတ် ၀၉၅၃၄၃၆၅၀

(၂) ရုံးခွဲလိပ်စာ ၊၁၉လမ်း၊ နန်းတော်ရှေ့ဈေးအပေါ်ထပ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး တိုင်းဒေသကြီး။

၂။ အထက်ပါ ရုံးများမှလွဲ၍ မြန်မာနိုင်ငံအတွင်း အခြားမြို့နယ်များတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အမည်ဖြင့် ရုံးခွဲများဖွင့်လှစ်ထားရှိခြင်း မရှိသေးကြောင်းနှင့် မည်သည့်ပုဂ္ဂိုလ်ကိုမျှ ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ခြင်းမရှိပါသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ တင်ပြအသိပေး တိုင်ကြားလိုပါက အထက်ပါရုံးခွဲများနှင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးသို့ တိုက်ရိုက်ပေးပို့ အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

*✻ ကျောဖုံးမှ*



**နာဂ အမျိုးသား ဆိုရှယ်လစ်ကောင်စီကို အစည်းအဝေးအပြီးတွင် ရန်ကုန် NRPC ရုံးရှေ့၌ တွေ့ရစဉ်။**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးနဲ့ ဒုတိယ အစည်းအဝေးကိုတော့ သူတို့ တက်ရောက်နိုင်ခြင်းမရှိဘူး၊ (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး တက်ရောက်ဖို့ အကြိုဖိတ်ကြားတယ်၊ တရားဝင်စာနဲ့လည်း ဖိတ်ကြားမယ်လို့ ကျွန်တော်တို့ဘက်က အဆိုပြုခဲ့ပါတယ်၊ ဒါကြောင့် (၂၁) ပင်လုံတတိယအစည်းအဝေးကို နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီအနေနဲ့ တက်နိုင်မယ်လို့ ကျွန်တော်မျှော်လင့်တယ်”ဟု ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် တွေ့ဆုံရသည့် အကြောင်းရင်းကို အဆိုပါအဖွဲ့၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ အဖွဲ့ဝင် ဦးကျော်ဝမ်းစိန်က “ကျွန်တော်တို့အစိုးရသစ်နဲ့ မတွေ့ဖြစ်ဘူး၊ ရန်ကုန်မရောက်တာ တစ်နှစ်ကျော်ကျော်ရှိပြီ၊ ဒါကြောင့် ငြိမ်းချမ်းရေးကော်မရှင်က တွေ့ဖို့ လာခဲ့ပါဆိုပြီး ဒီနေ့ ရက်ချိန်းပေးတယ်၊ တွေ့ဆုံဖြစ်တဲ့ အကြောင်းရင်းက ကျွန်တော်တို့ဒေသ ဖွံ့ဖြိုးတည်ငြိမ်အေးချမ်းချင်တယ်၊ နောက်တစ်ဖက်နဲ့ တစ်ဖက်က ဆက်ဆံမှုတွေ ယုံကြည်စိတ်ချရတာပေါ့၊ နယ်မြေအခြေအနေက ကောင်းပါတယ်၊ ဒါပေမယ့် ငြိမ်းချမ်းရေးကော်မရှင်နဲ့ ကျွန်တော်တို့က အမြဲတမ်းတွေ့ဆုံဖို့ လိုအပ်လို့ လာတွေ့ခြင်းဖြစ်ပါတယ်”ဟု ပြောသည်။

နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးထား ခြင်း မရှိသေးသော်လည်း ၂၀၁၂ ဧပြီ တွင် အစိုးရနှင့် ပြည်နယ်အဆင့် အပစ်အခတ် ရပ်စဲသဘောတူညီမှု လက်မှတ်ရေးထိုးထားပြီး တပ်မတော်နှင့် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ထိတွေ့မှုများ မရှိခဲ့ကြောင်း သိရသည်။

NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသည့်အပေါ် ဦးကျော်ဝမ်းစိန်က “ကျွန်တော်တို့ နာဂတွေ NCA လက်မှတ်မထိုးနိုင်တာက ကျွန်တော်တို့ဒေသနဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံရေးအခြေအနေကိုက လက်မှတ်ထိုးဖို့ အခြေအနေမပေးလို့ မထိုးနိုင်ရခြင်း ဖြစ်ပါတယ်၊ ပြည်နယ်အဆင့် လက်မှတ်ရေးထိုးထားတယ်၊ နောက် အောက်ခြေအဆင့်မှာလည်း ထိတွေ့မှုမဖြစ်အောင် ကျွန်တော်တို့က ဆောင်ရွက်ကြပါတယ်၊ ဒါကို နိုင်ငံတော်အဆင့် လူကြီးတွေကလည်း သဘောပေါက်ပါတယ်၊ ဒါပေမယ့် အမြဲတမ်းတော့ ဖိတ်ခေါ်နေပါတယ်၊ အိန္ဒိယဘက်က နာဂပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံထဲက နာဂပဲဖြစ်ဖြစ် နာဂလူထုကတော့ ငြိမ်းချမ်းမှုကို လိုချင်ကြပါတယ်၊ ကျွန်တော်တို့ အဖွဲ့အစည်းတွေကလည်း ငြိမ်းချမ်းမှုကို လိုချင်ပါတယ်” ဟု ပြောသည်။

ယနေ့ ပြုလုပ်သည့် ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ အကြံပေးနှင့် အထောက်အကူပြု အဖွဲ့ဝင်များ၊ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီမှ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအန်ကန်၊ ဗဟိုကောင်စီဝင် ဦးကျော်ဝမ်းစိန်၊ ဦးစောထင်နှင့် ရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီသည် အိန္ဒိယနှင့် မြန်မာနယ်စပ်တွင်ရှိသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း တစ်ခုဖြစ်ပြီး ဥက္ကဋ္ဌ ဦးကက်ပလန်သည် ၂၀၁၇ ဇွန်လဆန်းတွင် လူကြီး ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသည်။

**ရဲခေါင်ညွန့်**

# ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်း

နေပြည်တော်  ဒီဇင်ဘာ ၂၈

**တတိယအကြိမ်မြောက် BIMSTEC နိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး(The 3rd BIMSTEC Ministerial Meeting on Poverty Alleviation, preceded by the 3rd BIMSTEC Senior Officials' Meeting)အား သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ H. E. Mr. Maithripala Sirisena က ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး BIMSTEC အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့သည်။** (ယာပုံ)




**တက်ရောက်**

မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့်အဖွဲ့က ဒီဇင်ဘာ ၂၀ ရက်က ကျင်းပသည့် ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်အဖွဲ့က ဒီဇင်ဘာ ၁၉ ရက်က ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

**ဦးစားပေးလုပ်ငန်းများ**

အစည်းအဝေးများတွင် BIMSTEC နိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအစီအစဉ် (Poverty Plan of Action) ရေးဆွဲအကောင်အထည်ဖော်မှုများနှင့် စပ်လျဉ်း၍ အဓိကဦးတည်ဆွေးနွေးခဲ့ကြပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလက နီပေါနိုင်ငံ၌ ကျင်းပသည့် The 2nd BIMSTEC Ministerial Meeting on Poverty Alleviation အစည်းအဝေးမှ အတည်ပြုချမှတ်ခဲ့သည့် Poverty Plan of Action အပေါ် သက်ဆိုင်ရာ နိုင်ငံအလိုက်၏ စီမံကိန်းနှင့် ဘတ်ဂျက်တွင် ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ခဲ့မှုများနှင့် တိုးတက်မှုအခြေအနေများ၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလက ကျင်းပသည့် ပထမအကြိမ် BIMSTEC နိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်ထားပြီးဖြစ်သည့် Poverty Plan of Action ပါ ဦးစားပေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**အတည်ပြုချမှတ်**

အလားတူ BIMSTEC နိုင်ငံများအတွင်း ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်း တိုးတက်ကောင်းမွန်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှတစ်ဆင့် ချိတ်ဆက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်၊ သဘာဝဘေးထိခိုက်မှု လျော့နည်းသက်သာစေရေးနှင့် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကဲဖြတ်သုံးသပ်မှုပြုလုပ်နိုင်ရန် နိုင်ငံတွင်းနှင့် ဒေသတွင်း မူဘောင်များ ရေးဆွဲဆောင်ရွက်သွားရန်၊ အမျိုးသမီးများ အပါအဝင် ထိခိုက်လွယ်အုပ်စုများမှ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးအတွက် ဥပဒေကြောင်းအရ ထောက်ပံ့ပေးမှုများ မိတ်ဆက်ဆောင်ရွက်သွားရန်နှင့် ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်အပါအဝင် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း အမြင်ချင်းဖလှယ် ဆောင်ရွက်သွားနိုင်ရေးအတွက် အကြံပြုဆွေးနွေးပွဲများ ပြုလုပ်သွားရန် အစရှိသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပြီး BIMSTEC Poverty Plan of Action နှင့် COLOMBO Statement on Poverty Alleviation အား ဝန်ကြီးအဆင့်အစည်းအဝေးမှ အတည်ပြုချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်နိုင်ရေးအတွက် ငွေကျပ်သိန်း ၅၀ လှူဒါန်း

**မြဝတီ  ဒီဇင်ဘာ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် ထိုင်းနိုင်ငံမှ အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ဝင်ရောက်လာသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအား ကျွေးမွေးစရိတ်နှင့် အထွေထွေကုန်ကျမှုများအတွက် ငွေကျပ် သိန်း ၅၀ ကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မြဝတီခရိုင် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါလှူဒါန်းငွေကျပ် သိန်း ၅၀ အား မြဝတီခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူး ဦးတင်မောင်ဝေက လှူဒါန်းပေးရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုတို့က လက်ခံရယူခဲ့ပြီး မြဝတီပြန်လည်ကြိုဆိုလက်ခံရေး စခန်းရန်ပုံငွေသို့ ပေးသွင်းခဲ့ကြောင်း သိရသည်။

"ပြန်လည်ကြိုဆိုရေးစခန်းမှာ ထိုင်းနိုင်ငံက အကြောင်းအမျိုးမျိုးကြောင့် ပြန်လာသူတွေကို ထမင်းကျွေးရသလို သူတို့နေရပ်ပြန်ဖို့ကိုလည်း ကြိုဆိုရေးစခန်းက တာဝန်ရှိသူတွေက အခမဲ့ဆောင်ရွက်ပေးပါတယ်၊ ပြီးတော့ ကျန်းမာရေးကိစ္စတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်၊ ဒီတော့ အထွေထွေကုန်ကျမှုတွေ၊ လိုအပ်မှုတွေ ရှိနေတဲ့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနကနေပြီး ငွေကျပ် သိန်း ၅၀ ကို မြဝတီပြန်လည်ကြိုဆိုရေးစခန်းကို လှူဒါန်းပေးတာပါ၊ ဒါကို ကျွန်တော်က ခရိုင်အုပ်ချုပ်ရေးမှူးထံကို ဒီကနေ့ လွှဲပြောင်းပေးအပ်လိုက်တာ ဖြစ်ပါတယ်"ဟု ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးတင်မောင်ဝေက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ခရမ်းမြို့နယ်မှ ကျောင်းသား ကျောင်းသူများ ရန်ကုန်၌လေ့လာ

**ခရမ်း  ဒီဇင်ဘာ ၂၈**

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ စီစဉ်ပေးမှုဖြင့် ဒေသအတွင်းရှိ ကျေးလက်များမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း ပြည်သူ့ဘဝလေ့လာရေးအဖြစ် ရန်ကုန်၌ တစ်ညအိပ် နှစ်ရက် ခရီးထွက်၍ လေ့လာရေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများမှာ ကိုရီးယားနိုင်ငံ ကုမ္ပဏီတစ်ခုက ပညာသင်ထောက်ပံ့ကြေး ပေးထားသော သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းတို့မှ ကျောင်းသား ကျောင်းသူ ၃၀ နှင့် ကြီးကြပ်သူ ဆရာမ ခြောက်ဦးတို့ ပါဝင်သည်။

လေ့လာရေးခရီးစဉ်အဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် နံနက်က မော်တော်ယာဉ်များဖြင့် ရန်ကုန်သို့ရောက်ရှိလာရာ ခရမ်းမြို့နယ်အသင်း (ရန်ကုန်)ရုံး၌ ဥက္ကဋ္ဌ ဦးမြင့်ဆွေ (မြင့်မိုရ်ဆွေ)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် လေ့လာရေးပထမနေ့အဖြစ် ရန်ကုန်မြို့ရှိ ကျောက်တော်ကြီးဘုရား၊ လေဆိပ်၊ ရန်ကုန်တက္ကသိုလ်နယ်မြေ၊ ဗိုလ်ချုပ်ပြတိုက်တို့ကို ဝင်ရောက်လေ့လာကြပြီး ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြသည်။

ဒီဇင်ဘာ ၂၅ ရက်တွင် ဗိုလ်တထောင်ဘုရားအား သွားရောက်ဖူးမြော်ကြပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ အလုံဆိပ်ကမ်းနှင့် တိုင်းရင်းသားကျေးရွာတို့အား သွားရောက်လေ့လာကြသည်။ ညနေ ၄ နာရီတွင် ရန်ကုန် သာကေတရှိ တိုင်းရင်းသားကျေးရွာ ဗဟိုခန်းမ၌ လေ့လာရေး ကျောင်းသား ကျောင်းသူများအား အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်မိုရ်ဆွေ)က နှုတ်ဆက်စကား ပြောကြားပြီး လက်ဆောင်များပေးအပ်ခဲ့သည်။ **ခရမ်းစိုးမြင့်**

# ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ပေးမှု

**နေပြည်တော်  ဒီဇင်ဘာ ၂၈**

အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၆၉၇၁ ဦး၊ မ ၁၃၉၂၆ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၂၀၈၉၇ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း လက်ခံရရှိမှု ၈၉ မှုတွင် ကျေအေးမှု ၁၈ မှု၊ ပြည်နယ်နှင့် တိုင်းခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၁၅ မှု၊ ပိတ်သိမ်းမှု တစ်မှုတို့ဖြစ်ပြီး ကျန် ၅၅ မှုအတွက် ခံစားခွင့်ရှိသူ ၁၄၇ ဦးအား ငွေကျပ် ၄၈၅၄၄၉၀၃ ကို ခံစားစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၇၅၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၅၆၁ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၃၂၈ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာ အငြင်းပွားမှု ခုနစ်မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၂၄၀ အတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၄၅၃၆၀၀၀ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်သမားရေးရာအငြင်းပွားမှု ၁၃ မှုကို ဖြေရှင်း ဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၁၁ ဦးအတွက် ငွေကျပ် ၄၂၅၆၀၀၀ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၉၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၃၇၈ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ် သိန်း ၄၂၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအနေဖြင့် အလုပ်သမားဆေးရုံကြီးသုံးရုံ ပြင်ပလူနာ ၆၇၃၆ ဦး ၊ အတွင်းလူနာ ၇၀၄ ဦး ပေါင်း ၇၄၄၀ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းတို့မှ ဆေးကုသပေးမှုပေါင်း ၆၈၂၀၇ ဦး၊ အလုပ်သမားဆေးရုံကြီး သုံးရုံမှ ဆရာဝန်များကွင်းဆင်းဆေးကုသပေးမှု သုံးကြိမ် ပေါင်း ၁၀၀၆ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များကွင်းဆင်းဆေးကုသမှု ၁၁၇ ကြိမ် ပေါင်း ၃၈၉၅ ဦး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် မန္တလေးဗဟိုအကျဉ်းထောင်စစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီးတရားရေး ဦးစီးမှူး ဒေါ်ခင်ခင်ချို၊ မန္တလေးခရိုင် တရားသူကြီး ဒေါ်ခင်လှကြည်နှင့် အောင်မြေသာစံမြို့နယ် တရားသူကြီး ဦးဝင်းမင်းထွန်းတို့နှင့်အတူ ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် မန္တလေးဗဟိုအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးသည်။

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့သည် အကျဉ်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ အကျဉ်းထောင်တာဝန်ခံအရာရှိတို့နှင့်အတူ မန္တလေးဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်ကျသူများ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အမျိုးသမီးများ၏ လုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှု၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှု၊ အကျဉ်းသား၊ အကျဉ်းသူတို့ ပညာသင်ကြားနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့ပြင် ကြန့်ကြာနေသော အချုပ်ကျသူအမှုများနှင့် ထောင်အယူခံတင်သွင်းမှုအခြေအနေ၊ အချုပ်ကျသူအမှုများကို မြန်ဆန်စွာ ပြီးပြတ်နိုင်ရေး၊ စစ်ဆေးစဲအမှု လက်ကျန်လျော့နည်းကျဆင်းရေးတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အချုပ်ကျသူများနှင့် အကျဉ်းကျ တရားခံများ နေထိုင်သည့် အဆောင်များ၊ စားရိပ်သာအဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )



၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်

# မဲခေါင်-လန်ချန်း သတင်းမီဒီယာလေ့လာရေးမှသည် . . .

**ကျော်သူဝင်း (မြန်မာ့အလင်း)**

*(ယမန်နေ့မှအဆက်)*

ပထမအကြိမ် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံ့ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို ၂၀၁၆ ခုနှစ် မတ်လ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းယမြို့တွင် ကျင်းပခဲ့သည်။ ထိုထိပ်သီးအစည်းအဝေးတွင် စာရေးသူလည်း သတင်းထုတ်ပြန်ရေးတာဝန်ဖြင့် လိုက်ပါခွင့်ရခဲ့သည်။ အဆိုပါ ထိပ်သီးအစည်းအဝေးတွင် တရုတ်နိုင်ငံနှင့် မဲခေါင်ဒေသ ငါးနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များက စန်းယကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပြီး ယင်းစာတမ်းတွင် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေးများထဲတွင် မဲခေါင်-လန်ချန်း သတင်းမီဒီယာ ပူးပေါင်းဆောင်ရွက်ရေးသည်လည်း ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ခဲ့သောကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ကူညီပံ့ပိုးမှုနှင့်အတူ တရုတ်ပြည်သူ့နေ့စဉ်သတင်းစာမှ ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အဓိကရည်ရွယ်ချက်**

မဲခေါင်-လန်ချန်းမြစ်ရှိ နိုင်ငံခြောက်နိုင်ငံတွင် သတင်းမီဒီယာအဖွဲ့အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်၊ မဲခေါင်ဒေသနိုင်ငံများ သတင်းများအပြန်အလှန်ဖလှယ်ပြီး အလည်အပတ် သွားရောက်ရန်၊ နိုင်ငံများအကြား သတင်းမှန်များ ထုတ်လွှင့်ရေးသားပြီး သတင်းလိုအပ်ချက်အတွက် တုံ့ပြန်မှုဖြစ်စေရန်၊ မဲခေါင်-လန်ချန်း အကျိုးပြု မီဒီယာဖြစ်စေရန်၊ မီဒီယာအစည်းအဝေးများကို မဲခေါင်ဒေသနိုင်ငံများ အလှည့်ကျကျင်းပရန် စသည့်ရည်ရွယ်ချက်များဖြင့် မီဒီယာထိပ်သီးအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**စက်ပစ္စည်းထုတ်လုပ်မှုကြည့်ရှုလေ့လာ**

မဲခေါင်-လန်ချန်း သတင်းမီဒီယာအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်တွင် ပေကျင်းမြို့မှ ကျည်ဆန်ရထားဖြင့် ထွက်ခွာခဲ့ကာ တီယန်ကျင်းမြို့ The Tiamjin Sino- German University Applied Sciences ရောက်ရှိပြီး အဆိုပါတက္ကသိုလ်မှ



မဲခေါင်-လန်ချန်း အစည်းအဝေးများနှင့်ပတ်သက်သည့် ဓာတ်ပုံပြပွဲကို တာ့လီမြို့၌ ကျင်းပရာ သတင်းမီဒီယာအဖွဲ့အား တာဝန်ရှိသူများက ရှင်းပြစဉ်။ ဓာတ်ပုံ- သက်ထက်

တာဝန်ရှိသူများက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး၊ ၎င်းတို့တက္ကသိုလ်မှ မဲခေါင်ဒေသနိုင်ငံများမှ ကျောင်းသားကျောင်းသူများကို စက်မှုပညာနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို စာတွေ့ လက်တွေ့ သင်ကြားမှုများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောသည်။ ထို့နောက် သတင်းအဖွဲ့က သိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ ထို့နောက် မဲခေါင်ဒေသ ကျောင်းသားများ၏ စက်ပစ္စည်းထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြပြီး စက်ပစ္စည်းထုတ်လုပ်မှုအပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကျောင်းသားများ အများဆုံးတွေ့ရပြီး မြန်မာကျောင်းသားများမှာ စက်မှုဘက်တွင် မြန်မာကျောင်းသားခြောက်ဦးရှိပြီး ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများတွင် မြန်မာကျောင်းသားရှစ်ဦးရှိကြောင်း သိရသည်။

**မြန်မာနိုင်ငံခရီးသွားလုပ်ငန်း**

အဆိုပါ တက္ကသိုလ်သည် စက်မှုဘာသာရပ်နှင့် ခရီးသွားဝန်ဆောင်မှု ဘာသာရပ်ဟူ၍ နှစ်ပိုင်းခွဲခြားထားကာ ခရီးသွားဝန်ဆောင်မှုဘာသာရပ် ပညာသင်ကြားနေသည့် မြန်မာကျောင်းသားတစ်ဦးနှင့် တွေ့ဆုံခဲ့ရာ"ဒီတက္ကသိုလ်မှာ ပညာတော်သင်အနေနဲ့ လာရောက်တက်ခွင့်ရတာပါ၊ တရုတ်ဘာသာနဲ့ သင်ကြားပေးနေတာပါ၊ ခရီးသွားဝန်ဆောင်မှု ဘာသာရပ်က သုံးနှစ်ဒီပလိုမာသင်တန်း ဖြစ်ပါတယ်၊ စရောက်ရောက်ချင်း တရုတ်စာ သင်ကြားပေးပါတယ်၊ အခုရောက်တာ တစ်နှစ်နီးပါးရှိလာတော့ တရုတ်စကားကို နည်းနည်းပြောတတ်လာပါပြီ၊ ဒီကသင်ကြားတဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို သေချာကြိုးစားသင်ကြားပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအတွက် အကောင်းဆုံးအသုံးပြုမယ်၊ ဒီသင်တန်းပြီးရင် မြန်မာနိုင်ငံမှာ ဧည့်လမ်းညွှန်လုပ်မှာပါ၊ ယခုချိန်မှာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွေက စတင်ဖွံ့ဖြိုးလာတဲ့အချိန်ဆိုတော့ ဒီဘာသာရပ်က များစွာအသုံးဝင်မှာ ဖြစ်ပါတယ်၊ နိုင်ငံခြားသားတွေကို မြန်မာနိုင်ငံဆိုတာ သိလာအောင် ချပြချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီဘာသာရပ်ကို ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်"ဟု ခဏတာတွေ့ဆုံခိုက်တွင် ပြောကြားခဲ့သည်။

**ဆက်လက်တက်ရောက်ခွင့်**

ယင်းတက္ကသိုလ်သည် စက်မှုဘာသာရပ်(Industrial Management)နှင့် ခရီးသွားဝန်ဆောင်မှု ဘာသာရပ် (Tourism Management)တို့ကို သုံးနှစ် ဒီပလိုမာပေးပြီး ထူးချွန်ပါက Ph.D ဆက်လက်တက်ရောက်ခွင့် ရမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မဲခေါင်-လန်ချန်း သတင်းမီဒီယာအဖွဲ့သည် တီယန်ကျင်းမြို့ TheTiamjin Sino- German University Applied Sciences မှ ကျည်ဆန်ရထားဖြင့် ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် ပေကျင်းမြို့သို့ ရောက်ရှိကြသည်။

**တာ့လီမြို့သို့ ရောက်ရှိ**

ဒီဇင်ဘာ ၁၃ ရက်တွင် မဲခေါင်-လန်ချန်း သတင်းမီဒီယာအဖွဲ့သည် ပေကျင်းမြို့ရှိ Ministry of Agriculture of the People Republic of the China သို့ သွားရောက်လေ့လာကြပြီး တာဝန်ရှိသူများက တရုတ်နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ မဲခေါင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ ဒီဇင်ဘာ ၁၄ ရက် နံနက်စောစောပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် တတိယအကြိမ် မဲခေါင်- လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး သတင်းယူရန် တရုတ်နိုင်ငံ ပေကျင်းမြို့မှ တာ့လီမြို့သို့ လေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် တာ့လီမြို့သို့ ရောက်ရှိကြသည်။ ထို့နောက် မဲခေါင်-လန်ချန်းအစည်းအဝေးနှင့် ပတ်သက်သည့် ဓာတ်ပုံပြပွဲသို့ တက်ရောက်လေ့လာကြည့်ရှုကြကာ တာဝန်ရှိသူများက ရှင်းလင်းပြသပြီး သတင်းမီဒီယာအဖွဲ့သည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အနာဂတ်စီမံကိန်းများ လုပ်ဆောင်သွားမည့် အစီအစဉ်များနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

နိုင်ငံတော်အတွင်း ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အထူးအစီအစဉ်ဖြင့် ချေးငွေများထုတ်ချေးမည် ဖြစ်ပါသည်။

ယင်းသို့ ထုတ်ချေးရာတွင် အငြိမ်းစားဝန်ထမ်းများအတွက် အငှားအိမ်ရာနှင့် အရောင်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများ၊ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် တင်ဒါအောင်မြင်သူလုပ်ငန်းရှင်များအား ဦးစားပေးထုတ်ချေးမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ ချေးငွေများရောက်ရှိနိုင်စေရန် ဆောင်ရွက်ပါမည်။ လုပ်ငန်းလိုအပ်ချက်အရ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်တို့က ထောက်ခံချက်ဖြင့် လျှောက်ထားလာသူများကိုလည်း ဦးစားပေးစဉ်းစားမည်ဖြစ်ပါသည်။

**ချေးငွေအတိုးနှုန်းနှင့် သက်တမ်း**

တစ်နှစ်လျှင် အတိုးနှုန်း ၁၁ ရာခိုင်နှုန်းဖြင့် သက်တမ်း သုံးနှစ်မှ ငါးနှစ်အထိ သတ်မှတ်ပါသည်။

**ချေးငွေပမာဏသတ်မှတ်ချက်များ**

ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်းတစ်ခုလျှင် လုပ်ငန်းပြီးစီးမှုအလိုက် လုပ်ငန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ လည်းကောင်း၊ အာမခံထားရှိမှုအပေါ် ရာဖြတ်တန်ဖိုးအား အခြေပြု၍လည်းကောင်း လုပ်ငန်းသဘာဝပေါ် အခြေခံ၍ ထုတ်ချေးရန် လျာထားသတ်မှတ်ထားပါသည်။

**ရယူမည့်အာမခံပစ္စည်း**

ချေးငွေအတွက်အာမခံအဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့် မြေနှင့် အဆောက်အအုံများအပြင် အပ်ငွေအမျိုးမျိုး၊ အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်များ၊ စတော့ရှယ်ယာ၊ ဒီဘင်ချာ၊ ဘဏ်အာမခံ၊ အစိုးရအာမခံ၊ ချေးငွေအာမခံလက်မှတ် (Credit Guarantee Insurance) များကိုလည်း အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ CGI စနစ်ဖြင့် ဆောင်ရွက်ပါက ချေးငွေပမာဏ ကန့်သတ်ချက်ရှိနိုင်ပါသည်။

**ချေးငွေပြန်လည်ပေးဆပ်ရမည့် အစီအစဉ်**

ချေးငွေများ ပြန်လည်ပေးဆပ်ရာတွင်

(က) သုံးနှစ်ဖြစ်ပါက ပထမတစ်နှစ် ဆိုင်းငံ့ကာလအဖြစ် အတိုးကိုသာပေးသွင်း၍ ကျန်နှစ်နှစ်အတွင်း ရှစ်ရစ်ဖြင့် လည်းကောင်း၊

(ခ) လေးနှစ်ဖြစ်ပါက ပထမတစ်နှစ်နှင့် ခြောက်လကို ဆိုင်းငံ့ကာလအဖြစ် အတိုးသာပေးသွင်း၍ ကျန်နှစ်နှစ်နှင့် ခြောက်လတွင် ၁၀ ရစ်ဖြင့်လည်းကောင်း၊

(ဂ) ငါးနှစ်ဖြစ်ပါက ပထမနှစ်နှစ်ကို ဆိုင်းငံ့ကာလအဖြစ် အတိုးသာပေးသွင်း၍ ကျန်သုံးနှစ်အတွင်း ၁၂ ရစ်ဖြင့်လည်းကောင်း ပေးဆပ်ရပါမည်။

ချေးငွေ လျှောက်ထားလိုသူများသည် မိမိတို့နှင့် နီးစပ်ရာ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။ ချေးငွေများကို လျင်မြန်စွာ စိစစ်ထုတ်ချေးနိုင်ရန်အတွက် ဘဏ်လုပ်ထုံးလုပ်နည်းအရ လိုအပ်ချက်များ ပြည့်စုံစွာတင်ပြသူများကို ချေးငွေစိစစ်အကဲဖြတ်ရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးပြီး ဘဏ်၏ချေးငွေကော်မတီနှင့် ဘဏ်ဒါရိုက်တာဘုတ်အဖွဲ့တို့က စိစစ်ခွင့်ပြုပေးမည်ဖြစ်ပါသည်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်တင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ မိုး/ဇလ

# မောင်တောဆေးရုံကြီးတွင် အသေးစားခွဲစိတ်ကုသမှုများ ထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်

**မောင်တော ဒီဇင်ဘာ ၂၈**

သီတဂူဆရာတော်ကြီး လှူဒါန်းသော ခွဲစိတ်ကုသဆောင်နှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများ ရောက်ရှိလာပြီဖြစ်၍ မောင်တော ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် အသေးစားခွဲစိတ်ကုသမှု လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ကြောင်း မောင်တော ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်မောင်မောင်သိန်းက ပြောသည်။

"ကျွန်တော်တို့ ဆေးရုံမှာ သီတဂူဆရာတော်ကြီးအနေနဲ့ ၂၀၁၆ ခုနှစ်ကတည်းက ခွဲစိတ်ကုသဆောင်ရယ်၊ ဆေးသိုလှောင်ရုံရယ် လှူဒါန်းထားပြီးဖြစ်ပါတယ်၊ ဒီနှစ်မှာတော့ လူနာတင်ယာဉ်တစ်စီး ထပ်မံလှူဒါန်းပေးပါတယ်၊ ခွဲစိတ်ကုသဆောင်နဲ့ ဆေးသိုလှောင်ရုံကတော့ ငွေကျပ်သိန်း ၁၀၀၀ ဖိုးလောက်ရှိပါတယ်၊ ခွဲစိတ် ခန်းထဲမှာရှိတဲ့ ခွဲစိတ်ခန်းသုံးပစ္စည်း လှူဒါန်းတာက ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးလောက်ရှိပါတယ်၊ ဒီလို လှူဒါန်းပေးတဲ့အတွက် ကျွန်တော်တို့ မောင်တောဆေးရုံကြီးမှာ သားဖွားမီးယပ်လို ခွဲစိတ်ကုသမှုတွေ၊ ခွဲစိတ်ကုသပေးဖို့လိုအပ်တဲ့ လူနာတွေကို ထိရောက်စွာ ကုသပေးနိုင်တော့မှာဖြစ်ပါတယ်" ဟု ဆေးရုံအုပ်ကြီးက ရှင်းပြသည်။



ဒေါက်တာ ကျော်မောင်မောင်သိန်း ဆေးရုံအုပ်ကြီး မောင်တော ပြည်သူ့ဆေးရုံ




သို့သော်လည်း အကြီးစား ခွဲစိတ်ကုသမှုများဖြစ်သည့် နှလုံးခွဲစိတ်ကုသမှုနှင့် မျက်စိခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးနိုင်ဦးမည်မဟုတ်ကြောင်း၊ အဓိကအားဖြင့် သားဖွားမီးယပ်နှင့် အထွေထွေခွဲစိတ်ကုသမှုများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ခုတင် ၅၀၀ ဆံ့ မောင်တော ပြည်သူ့ဆေးရုံကြီးသည် မောင်တောမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ အဓိကအားထားနေရသော ဆေးရုံကြီးဖြစ်ကြောင်း၊ လူနာများအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ဆေးရုံတိုးချဲ့ နှစ်ထပ်လူနာကုသဆောင်နှင့် ဆေးရုံဝန်ထမ်းအိမ်ရာများကိုလည်း မကြာမီ စတင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့က မောင်တော ပြည်သူ့ဆေးရုံကြီးတွင် သီတဂူဆရာတော်ကြီးက ခွဲစိတ်ဆောင်၊ လူနာတင်ယာဉ် တစ်စီး အဝတ်အထည်များနှင့် ငွေကျပ် သိန်း ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းပေးခဲ့ကြောင်း ၊ ယင်း ငွေကျပ်သိန်း ၁၀၀၀ ကို မြို့နယ်အတွင်း ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ငွေကျပ် သိန်း ၅၀၀ စီ ခွဲဝေသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**

# မောင်တောမြို့နယ်တွင် NVC ကတ်နှင့် NID ပြုလုပ်သူ လူဦးရေ ၃၀၀၀ နီးပါးရှိ



**မောင်တော ဒီဇင်ဘာ ၂၈**

မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စုအတွင်း နေထိုင်သော အစ္စလာမ်ဘာသာဝင်များအား နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား( NVC -National Verification Card) နှင့် နည်းပညာသုံးကတ်ပြား ဆောင်ရွက်ရေး ရှေ့ပြေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် National Electronic ID (NID) ပြုလုပ်သူ စုစုပေါင်း လူဦးရေ ၃၀၀၀ နီးပါးရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"NVC ဆောင်ရွက်ချက်များကို အောက်တိုဘာ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ပါတယ်၊ ဒီအစီအစဉ်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ ညွှန်ကြားချက်အရ ဝန်ကြီးဌာနအစီအစဉ်နဲ့ အောက်တိုဘာ ၁၂ ရက်ကနေ လူအင်အား ၆၀ နဲ့ လုပ်ဆောင်ခဲ့ပါတယ်၊ အခုလောလောဆယ်မှာတော့ လူအင်အား ၅၀ နဲ့ အဖွဲ့လေးဖွဲ့ ခွဲပြီး ကွင်းဆင်းဆောင်ရွက်ပါတယ်၊ ဒီနေ့အထိ အဖွဲ့လေးဖွဲ့မှာ မြို့မ အနောက်ရပ်ကွက်၊ မြို့မ တောင်ရပ်ကွက်နဲ့ ရွှေဇားကျေးရွာအုပ်စုအပါအဝင် စုစုပေါင်း အခြေခံစာရင်းမှာတော့ NID ပြုလုပ်ပြီးစီးမှု ၁၅၀၃ ဦးရှိပြီး NVC ပြုလုပ်ပြီးစီးမှု ၁၄၅၇ ဦး ဖြစ်ပါတယ်"ဟု မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းရွှေက ပြောသည်။



ဦးသန်းရွှေ လက်ထောက် ညွှန်ကြားရေးမှူး မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန

ယခုအခါ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မောင်တောခရိုင် လဝက ဦးစီးမှူးဦးဆောင်၍ မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု ရွှေဇား၊ စေတီပြင် အလယ်တန်းကျောင်းခွဲဝင်းအတွင်း၌ ဒေသနေ ဘင်္ဂါလီလူမျိုးများအား NVC နှင့် NID ကတ် ဆောင်ရွက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသော်လည်း လာရောက်လုပ်သူအရေအတွက်မှာ တဖြည်းဖြည်း နည်းပါးလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေဇားကျေးရွာအုပ်စုသည် မောင်တောမြို့နှင့် ကပ်လျက်တည်ရှိနေပြီး အစ္စလာမ်ဘာသာဝင်များ နေထိုင်ရာ ကျေးရွာအုပ်စုကြီးဖြစ်သည်။ ကျေးရွာအုပ်စုအတွင်း ကျေးရွာပေါင်း ၁၂ ရွာ ရှိသည်။ ၎င်းကျေးရွာများအပါအဝင် မောင်တောမြို့နယ်အတွင်း၌ ယနေ့အချိန်အထိNVC ပြုလုပ်သူ ၁၄၅၇ ဦးနှင့် NID ပြုလုပ်သူ ၁၅၀၃ ဦး စုစုပေါင်း ၂၉၆၀ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း**

# မောင်တောမြို့နယ်၌ မြို တိုင်းရင်းသားတစ်ဦး အသတ်ခံရမှု အမှုဖွင့် စုံစမ်းလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မောင်တောမြို့နယ် နယ်မြေ (၄) စကားပင်ရင်းကျေးရွာအုပ်စု တရိန်း(မြို)ကျေးရွာနေ ဦးလောင်းပျော် (၄၅ နှစ်) (ဖ)ဦးထိုးလှိုင်နှင့် ရွာသား ၁၇ ဦးတို့သည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီခန့်တွင် အဆိုပါကျေးရွာ၏ တောင်ဘက် ခြောက်မိုင်ခန့်အကွာ ပုစွန်ကန်အတွင်း စုဖွဲ့ ငါးရှာပြီးနောက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဦးလောင်းပျော်မှာ တစ်ဦးတည်းကျေးရွာသို့ ပြန်သွားခဲ့ကြောင်း၊ ညနေ ၅ နာရီခွဲခန့်တွင် ကျန်ရွာသားများ ကျေးရွာသို့ ပြန်လာခဲ့ရာ ည ၇ နာရီခွဲတွင်ရောက်ရှိပြီး ဦးလောင်းပျော်မှာ ကျေးရွာသို့ ပြန်လည်ရောက်ရှိခြင်းမရှိ၍ တရိန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအိမ်စိုးမောင်က တရိန်းရဲကင်းစခန်း(မြို/ရခိုင်ကျေးရွာ)သို့ ဖုန်းဖြင့် အကြောင်းကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီတွင် တရိန်း(မြို)ကျေးရွာ ရဲကင်းစခန်းမှ ဒုရဲအုပ် အောင်မိုး ဦးစီးအဖွဲ့သည် မြို တိုင်းရင်းသား ၃၀ တို့နှင့်အတူ ရှာဖွေခဲ့ရာ ဦးလောင်းပျော်အား မျောချောင်း(မြောက်)ကျေးရွာ လူသွားလမ်း အနောက်ဘက် ပေ ၁၀၀ ခန့် အကွာရှိ လယ်ကွင်း ခန့်မှန်းမြေပုံညွှန်း(DU- 292312)၌ ယာလက်ဖျံ/ချိုင်း ပြတ်ရှ ဒဏ်ရာနှစ်ချက်၊ ဝမ်းဗိုက်ယာဘက် ထိုးသွင်းဒဏ်ရာ နှစ်ချက်နှင့် ကျားအင်္ဂါအား အရေခွံခွာထားခံရသော ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သောကြောင့် အလောင်းအား မောင်တောဆေးရုံသို့ ပို့ဆောင်ပြီး သတ်ဖြတ်သွားသူ (ဖမ်းမမိ)အား ကြိမ်ချောင်းနယ်မြေရဲစခန်းက (ပ) ၆၀/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (လူသတ်မှု)ဖြင့် အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အသတ်ခံရသော တရိန်း(မြို) တိုင်းရင်းသားတစ်ဦး၏ မိသားစုနှင့် တွေ့ဆုံမေးမြန်း

မောင်တော ဒီဇင်ဘာ ၂၈

**မောင်တောမြို့နယ် မျောချောင်း(မြောက်) ကျေးရွာအနီး လယ်ကွင်းပြင်တွင် ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲခန့်က သတ်ဖြတ်ခံထားရသော တရိန်းကျေးရွာသားတစ်ဦး၏ အလောင်းအား တွေ့ရှိရကြောင်း တရိန်းဒေသခံများက ပြောသည်။**

သတ်ဖြတ်ခံရသူမှာ မောင်တောမြို့နယ် စကားပင်ရင်းကျေးရွာအုပ်စု တရိန်း(မြို)ကျေးရွာမှ ဦးလောင်းပျော် (၄၅ နှစ်)ဖြစ်သည်။

**ဒဏ်ရာများနှင့် တွေ့ရှိ**

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၆ ရက်က ကျေးရွာသားများနှင့်အတူ ငါး သွားရောက်ရှာဖွေပြီး တစ်ဦးတည်းပြန်လာရာ နေအိမ်သို့ ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသည့်အတွက် ဒီဇင်ဘာ ၂၇ ရက်တွင် တရိန်း(ရခိုင်)ရွာကင်းစခန်းမှ ဒုရဲအုပ် အောင်မိုး ဦးစီးပြီး မြို တိုင်းရင်းသား ၃၀ ခန့်နှင့် လိုက်လံရှာဖွေရာ မျောချောင်း(မြောက်) ကျေးရွာအနီး လယ်ကွင်းပြင်တွင် သတ်ဖြတ်ခံထားရသော ဒဏ်ရာများနှင့် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း တရိန်းကျေးရွာအုပ်ချုပ်ရေးမှူး ကိုအိမ်စိုးမောင်က ပြောသည်။

**လုံခြုံရေးအဖွဲ့တွေနဲ့ လိုက်ရှာ**

"ကျွန်တော်တို့ မနေ့ညကတည်းက လိုက်ရှာမလို့ပါ၊ ပျောက်နေတဲ့လူက အိမ်ကိုပြန်မရောက်တာ ညဉ့်နက်မှ သိရတာ၊ နောက်တစ်နေ့ မနက်မှာ ရွာသားတွေစုပြီး လုံခြုံရေးအဖွဲ့တွေနဲ့ လိုက်ရှာကြတော့ မနက် ၈ နာရီ ကျော်လောက်မှာ အလောင်းတွေ့တာပါ၊ အခု အလောင်းကို မောင်တောမြို့ ဆေးရုံကို သယ်နေပါတယ်"ဟု ကိုအိမ်စိုးမောင်က ပြောသည်။



ဦးလောင်းပျော်၏ ကျန်ရစ်သူ မိသားစုဝင်များကို တွေ့ရစဉ်။

"မနေ့က နေ့လယ်ပိုင်းလောက်မှာ ငါးရှာဖို့ အိမ်ကထွက်သွားခဲ့တာပါ၊ ညပိုင်းလောက်အထိ သူများတွေ ပြန်လာကြပေမယ့် သူက ပြန်မလာဘူး၊ ဒါနဲ့ မိုးလင်းတာနဲ့ သွားရှာကြတော့ လယ်ကွင်းထဲမှာ သူ့အလောင်းကိုပဲ တွေ့ရတော့တယ်၊ အခု ကလေးက ခြောက်ယောက်တောင် ရှိတယ်၊ အကြီးဆုံးမှ ၁၇ နှစ်ပဲ ရှိသေးတယ်၊ ကလေးတွေက ငယ်လွန်းတော့ မိခင်တစ်ယောက်အနေနဲ့ ဘယ်လိုဘယ်ပုံ ရှာဖွေကျွေးမွေးရမယ်ဆိုတာ စဉ်းစားလို့ တောင်မရဘူး"ဟု အသက် ၄၀ နှစ်အရွယ်ရှိ ဇနီးဖြစ်သူ ဒေါ်ပိုင်တောက်က မောင်တောမြို့ ပြည်သူ့ဆေးရုံ ရင်ခွဲရုံသို့ ရောက်ရှိစဉ် ပြောသည်။

"အဖေက ဆုံးပြီဆိုတော့ အခု သမီးက အကြီးဆုံးပေါ့၊ ဘယ်လိုလုပ်ကိုင်စားသောက်ရမှန်းမသိ၊ လုပ်တတ် ကိုင်တတ်သူလည်း မရှိ၊ လူမမည် မောင်ငယ်၊ ညီမလေးတွေနဲ့ ဘယ်လိုလုပ်ကိုင်စားသောက်ရမှန်း မသိတော့ပါဘူး၊ အားလုံးတော့ ဒုက္ခတွေရောက်ကုန်ပါပြီ" ဟု သမီးအကြီးဆုံးဖြစ်သူ မပိုင်ပျော်က ပြောသည်။

မောင်တောမြောက်ပိုင်း တရိန်းကျေးရွာတွင် ယခုနှစ် ဇွန်လ ၂၄ ရက်ကလည်း တရိန်းကျေးရွာသား နှစ်ဦး ငါးရှာထွက်စဉ် အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**

# လဲချားပြည်သူ့ဆေးရုံ၌ နှစ်ထပ်ဆောင် ဆောက်ရန် စေတနာရှင်များက လှူဒါန်း

**လဲချား ဒီဇင်ဘာ ၂၈**
ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ် ပြည်သူ့ဆေးရုံကြီး အတွင်း၌ လိုအပ်လျက်ရှိသော နှစ်ထပ်လူနာဆောင်ကြီး တည်ဆောက်ရန် အုတ်မြစ်တော်စီ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



အခမ်းအနားတွင် လဲချားမြို့ ဟော်ခမ်းကျောင်းတိုက် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ကြီးထံမှ အလှူရှင်များနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ဓာတ်ပုံ)**

ထို့နောက် နှစ်ထပ်လူနာဆောင် ဆောက်ရန်အတွက် အလှူရှင်များဖြစ်ကြသည့် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူ ဦးအောင်ကိုဝင်း မိသားစုက အလှူတော် ငွေကျပ်သိန်း ၂၀၀၀၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင် မိသားစုနှင့် စေတနာရှင်အလှူရှင်များက ငွေကျပ် ၃၉၄၇၆၉၅၀၀ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

# မူဆယ်-ရွှေလီ နိုင်ငံတကာ မာရသွန်အပြေးပြိုင်ပွဲ အစမ်းပြုလုပ်

**မူဆယ် ဒီဇင်ဘာ ၂၈**
၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ကျင်းပမည့် "မြန်မာနိုင်ငံ မူဆယ်-တရုတ်နိုင်ငံ ရွှေလီ နိုင်ငံတကာမာရသွန် အပြေးပြိုင်ပွဲ" အစမ်းအပြေးပြိုင်ခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ အစမ်းအပြေးပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နိုင်ငံတကာ မာရသွန်အပြေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ မူဆယ်ဒေသမှ အားကစားသမား ငါးဦး၊ တရုတ်နိုင်ငံ ရွှေလီမှ အားကစားသမား ၃၅ ဦးက ဝင်ရောက် အစမ်းအပြေးပြိုင်ခဲ့ကြသည်။ ယင်းအစမ်းအပြေးပြိုင်ပွဲကို တရုတ်နိုင်ငံ ကျယ်ဂေါင် (ရွှေလီမြို့) ဝမ့်ရှန်း ရှော့ပင်းမော ရှေ့လမ်းမကြီးမှ တာလွတ်ပြီး မြန်မာနိုင်ငံ မူဆယ်မြို့နန်းတော်ဂိတ် (အလယ်ပေါက်)ကို ဖြတ်ကျော်ဝင်ရောက်ကာ ပြည်ထောင်စုလမ်းမအတိုင်း ယှဉ်ပြိုင်ခဲ့ကြရာ နှစ်နိုင်ငံ ဖြတ်ကျော်ဂိတ် (ဆင်ဖြူဂိတ်)မှ ပြန်လည်ထွက်ခွာပြေးကြပြီး ကျယ်ဂေါင်(ရွှေလီမြို့)သို့ ပြန်လည် ဝင်ရောက် ပန်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါ "မြန်မာနိုင်ငံ မူဆယ်-တရုတ်နိုင်ငံ ရွှေလီ နိုင်ငံတကာမာရသွန် အပြေးပြိုင်ပွဲ"တွင် မြန်မာ၊ တရုတ်နှင့် တတိယနိုင်ငံသား (ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား) မှ အားကစားသမား ၅၀၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**






# IKBZ Insurance မှ မော်တော်ယာဉ်နှင့်မီးအာမခံ ပေးလျော်

**နေပြည်တော် ဒီဇင်ဘာ ၂၈**
IKBZ Insurance တွင် အလုံးစုံ မော်တော်ယာဉ် အာမခံထားရှိသော ဦးမြင့်ဌေးပိုင် JAC Tractor Head (3M-5742) သည် ရန်ကုန် - မန္တလေး ကားလမ်း ပွဲနိတန်ဆာမြို့မိုင်တိုင် (၉၅) အနီး လမ်းဘေး၌ ရပ်ထားသော Mitsubishi Fuso Tractor Head မော်တော်ယာဉ်ကို ဝင်တိုက်မိပြီး မူလအနေအထားသို့ ပြန်လည်ပြုပြင်၍ မရနိုင်အောင် ကြီးမားသော ထိခိုက်ပျက်စီးမှု ဖြစ်ခဲ့ကြောင်းနှင့် ထိုနည်းတူ မီးနှင့်တွဲဖက်ဘေးအန္တရာယ် အားမခံထားရှိသော သံဖြူဇရပ်မြို့ရှိ ဦးတင်ညွှန့် ပိုင် ကံကောင်းခြင်းရတနာ သစ်ပါးလွှာစက်ရုံ မှာလည်း မီးလောင်မှုဖြစ်ပွားပြီး အဆောက်အအုံ အစိတ်အပိုင်းအချို့ မီးလောင်ဆုံးရှုံးမှု ဖြစ်ပွားခဲ့ရာ အဆိုပါ ဆုံးရှုံးမှုများအတွက် လျော်ကြေး ပေးအပ်ခြင်းကို ဒီဇင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ IKBZ Insurance (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ဒါရိုက်တာအဖွဲ့ ကိုယ်စား လျော်ကြေးဌာနကြီး အထွေထွေ မန်နေဂျာ ဦးသန်းဇော်က လျော်ကြေး ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ယာဉ်ပိုင်ရှင် ဦးမြင့်ဌေးသို့ JAC Tractor Head မော်တော်ယာဉ် အသစ်တစ်စီးကို လည်းကောင်း၊ သစ်ပါးလွှာစက်ရုံ မီးလောင်ဆုံးရှုံးမှုအတွက် လျော်ကြေး ငွေကျပ် ၅၉၉၃၀၈၀၂ ကို ယင်းကုမ္ပဏီမှ လက်ထောက်အထွေထွေ မန်နေဂျာ ဒေါ်ဖြူဖြူသွင်သို့ လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**




# MNL-2 ပထမတန်း အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များ ထွက်ပေါ်

**ရန်ကုန် ဒီဇင်ဘာ ၂၈**
၂၀၁၈ ရာသီ MNL-2 ပထမတန်းအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး အသင်းခုနစ်သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ဇူလိုင် ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်းသစ် Planning & Finance အပါအဝင် အသင်းဟောင်းများဖြစ်သည့် စီးတီးစတား၊ ငွေကြယ်ပွင့်၊ ဖုန်ဂန်၊ တက္ကသိုလ်၊ ဒဂုံနှင့် မောရဝတီအသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြီးခဲ့သည့် ရာသီ၌ လိဂ်နှစ်ခုမှ အသင်းလေးသင်းအထိ ဖျက်သိမ်းခဲ့သောကြောင့် လာမည့်ရာသီတွင် MNL တွင် အသင်း ၁၂ သင်းပြည့်ရန် ပထမတန်းမှ အသင်းများ တန်းတင်ပေးခဲ့ရသောကြောင့် MNL-2 ပထမတန်းအမှတ်ပေး ပြိုင်ပွဲတွင် အသင်းအရေအတွက် လျော့ကျခဲ့ခြင်းဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ၂၀၁၈ ခုနှစ် ဇန်နဝါရီမှ မတ်လအထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်များကို တစ်ပတ်လျှင် တစ်ရက်နှုန်းဖြင့် ကွင်းသုံးကွင်းတွင် တစ်ပြိုင်နက် ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၁)ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မောရဝတီအသင်းနှင့် ဒဂုံအသင်း၊ ပဒုမ္မာကွင်း၌ တက္ကသိုလ်အသင်းနှင့် ဖုန်ဂန်အသင်း၊ စလင်းကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် စီးတီးစတားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း ဒိုင်းဆု ဆွတ်ခူး

**ရန်ကုန် ဒီဇင်ဘာ ၂၈**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်က ဦးဆောင်စီစဉ်ကျင်းပသော (၂၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှစတင်ကာ ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒိုင်းဆု ဆွတ်ခူးရရှိခဲ့သည်။

**ထည့်သွင်းကျင်းပ**

(၂၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲတွင် တစ်ဦးချင်းစိတ်ကြိုက်စွမ်းရည် ပြိုင်ပွဲ၊ သုံးယောက်တွဲ ပြိုင်ပွဲ၊ ကိုးယောက်တွဲပြိုင်ပွဲ(အငယ်တန်း)နှင့် ကိုးယောက်တွဲပြိုင်ပွဲ(အကြီးတန်း)တို့ကို ထည့်သွင်းကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ တနင်္သာရီ၊ စစ်ကိုင်း၊ နေပြည်တော်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ဧရာဝတီနှင့် ရန်ကုန်တို့မှ အမျိုးသမီးအသင်းအဖွဲ့စုစုပေါင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ တစ်ဦးချင်း စိတ်ကြိုက်စွမ်းရည်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မသဲနုက ပထမ၊ ကချင်ပြည်နယ်မှ မဇာမီတန်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ မဇာခြည်မိုးက တတိယရရှိခဲ့ပြီး သုံးယောက်တွဲ ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊



**တိုင်းဒေသကြီးနှင့် ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲတွင် ဒိုင်းဆုဆွတ်ခူးသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို ဆုယူအပြီး တွေ့ရစဉ်။** ဓာတ်ပုံ- မင်းထက်

ကချင်ပြည်နယ်က ဒုတိယနှင့် တတိယဆုကို စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရရှိသည်။ အလားတူ ကိုးယောက်တွဲ ပြိုင်ပွဲ (အငယ်တန်း)တွင် ပထမဆုကို ရန်ကုန်၊ ဒုတိယဆု စစ်ကိုင်းနှင့် တတိယဆုကို ကရင်က ရရှိခဲ့ပြီး ကိုးယောက်တွဲ ပြိုင်ပွဲ(အကြီးတန်း)တွင်လည်း ပထမဆုကို ရန်ကုန်၊ ဒုတိယဆုကို စစ်ကိုင်းနှင့် တတိယဆုကို ကချင်က ရရှိခဲ့သည်။

(၂၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်)ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများဖြစ်သော ဒေါ်နန်းအေးခိုင်၊ ဒေါ်ထွေးထွေးဝင်းနှင့် ဒေါ်စန်းစန်းမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ ဒု-ဥက္ကဋ္ဌ ဒေါ်ချိုချိုလွင်နှင့် အမှုဆောင် ဒေါ်စန်းစန်းဝင်းတို့ တက်ရောက်ကာ ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

**ဆုချီးမြှင့်**

တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်)ပြိုင်ပွဲတွင် တစ်ဦးချင်း စိတ်ကြိုက်စွမ်းရည်ပြိုင်ပွဲမှ ပထမဆုရရှိသူကို ငွေကျပ် တစ်သိန်းနှင့် လက်ဆောင်များ၊ ဒုတိယဆုကို ငွေကျပ် ငါးသောင်းနှင့် လက်ဆောင်များ၊ တတိယဆုရရှိသူကို ငွေကျပ်သုံးသောင်းနှင့် လက်ဆောင်များ၊ သုံးယောက်တွဲပြိုင်ပွဲမှ ပထမဆုရရှိသော အသင်းကို ငွေကျပ် သုံးသိန်းနှင့် လက်ဆောင်များ၊ ဒုတိယဆုရရှိသော အသင်းကို ငွေကျပ် တစ်သိန်းခွဲနှင့် လက်ဆောင်များ၊ တတိယဆုရရှိသော အသင်းကို ငွေကျပ် ကိုးသောင်းနှင့် လက်ဆောင်များ၊ ကိုးယောက်တွဲပြိုင်ပွဲ(အငယ်တန်း)နှင့် ကိုးယောက်တွဲပြိုင်ပွဲ (အကြီးတန်း)တို့တွင် ပထမဆုရရှိသောအသင်းများကို ငွေကျပ် ၁၂ သိန်းနှင့် လက်ဆောင်များ၊ ဒုတိယဆုရရှိသော အသင်းများကို ငွေကျပ် ခြောက်သိန်းနှင့် လက်ဆောင်များ၊ တတိယဆုရရှိသော အသင်းကို ငွေကျပ် တစ်သိန်းခြောက်သောင်းနှင့် လက်ဆောင်များပေးအပ်ခဲ့ပြီး ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို ငွေကျပ် ငါးသိန်းနှင့် ဒိုင်းဆုဖလားချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

# အောက်တိုဘာလအတွင်းက လွှတ်တော်အနီး၌ တရားမဝင် ဒရုန်းပျံသန်းမှုဖြင့် တရားစွဲဆိုခံထားရသူ လေးဦးအား ထပ်မံစွဲဆိုထားသည့် အမှုများကို ရုပ်သိမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြီးခဲ့သည့် အောက်တိုဘာ ၂၇ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် ၅ ရဲတပ်ဖွဲ့စခန်း နယ်မြေအတွင်းရှိ နေပြည်တော် လွှတ်တော် အဆောက်အအုံ အနီးတွင် တရားမဝင် ဒရုန်းလွှတ်တင်မှုဖြင့် ဖမ်းဆီးခံထားရသူ လေးဦးအား ယနေ့ နံနက်ပိုင်းက နဝမအကြိမ်မြောက် ရုံးထုတ်စစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် တရားရုံး မြို့နယ်တရားသူကြီးက အမှုမှ အပြီးအပြတ်လွှတ်ရန် အမိန့်စီရင်ချက် ချမှတ်လိုက်ကြောင်း သိရသည်။

**ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု**

အဆိုပါ လေးဦး၏ ပြုလုပ်မှုများသည် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေမည့် ရည်ရွယ်ချက်မရှိသည့်အပြင် အမှုတွင်ပါဝင်သော နိုင်ငံခြားသားများနှင့် ပတ်သက်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ ၎င်းတို့ကို ထပ်မံစွဲဆိုထားသည့် အမှုများအား ရုပ်သိမ်းခွင့်ပြုရန် ဒီဇင်ဘာ ၂၆ ရက်က အဋ္ဌမအကြိမ်မြောက် ရုံးထုတ်စစ်ဆေးစဉ် မြို့နယ်ဥပဒေအရာရှိက တရားရုံးသို့ တင်ပြလျှောက်ထားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၇ ရက်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါ အမှုတွင်ပါဝင်သူ တူရကီနိုင်ငံအခြေစိုက် TRT သတင်းဌာန(စင်ကာပူ)ရုံးခွဲမှ မလေးရှားနိုင်ငံသူ သတင်းထောက် Mok Choy Lin ၊ စင်ကာပူနိုင်ငံသား (Cameraman) Lau Hon Meng ၊ ဘာသာပြန် ကိုအောင်နိုင်စိုးနှင့် ယာဉ်မောင်း ဦးလှတင်ပါ လေးဦးအား နိုဝင်ဘာ ၁၀ ရက်တွင် စတင်ရုံးထုတ်စစ်ဆေးရာ ယင်းနေ့မှာပင် လေကြောင်းပျံသန်းမှုဆိုင်ရာ ဥပဒေဖြင့် ဇမ္ဗူသီရိ မြို့နယ်တရားရုံးက ပြစ်ဒဏ်နှစ်လ ချမှတ်ခံထားရခြင်း ဖြစ်ပြီး လာမည့် ဇန်နဝါရီ ၅ ရက်တွင် ယင်းပြစ်ဒဏ်မှ လွတ်မြောက်မည်ဟု သိရသည်။

ယနေ့နံနက်က ပြန်လည်ရုပ်သိမ်းလိုက်သည့် အမှုများမှာထပ်မံစွဲဆိုခဲ့သည့် ပို့ကုန်၊ သွင်းကုန် ဥပဒေပုဒ်မ ၈ /၁၀ နှင့် လဝက အက်ဥပဒေပုဒ်မ ၁၃(က)တို့ဖြစ်ပြီး စီရင်ချက်ချမှတ်ရာတွင် အဆိုပါအမှုနှင့်ပတ်သက်၍ သိမ်းဆည်းထားသော ဒရုန်းယာဉ်အပါအဝင် သက်သေခံပစ္စည်းများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။



မလေးရှားနိုင်ငံသူ Mok Choy Lin နှင့် ဘာသာပြန် ကိုအောင်နိုင်စိုးတို့ကို စီရင်ချက်ချအပြီး တွေ့ရစဉ်။

အဆိုပါ အမှုကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၉၄ အရ မြို့နယ်ဥပဒေအရာရှိက ရုပ်သိမ်းခွင့် တင်ပြလာသည့်အတွက် စွဲချက်မတင်မီ အမှုမှ အပြီးအပြတ် လွှတ်လိုက်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ နေပြည်တော် တာဝန်ခံရှေ့နေ ဦးခင်မောင်ဇော်က ပြောသည်။

**ပြစ်ဒဏ်လွတ်**

အထက်ပါ အမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက ရုပ်သိမ်းပေးခြင်းအပေါ် မလေးရှားနိုင်ငံသူ သတင်းထောက် Mok Choy Lin က "မိသားစုအိမ်ကို ပြန်ရတော့မယ်ဆိုတာ ဝမ်းသာပါတယ်၊ တခြားဘာမှတော့ ပြောစရာ မရှိပါဘူး" ဟု ပြောသည်။ ထို့နောက် ဘာသာပြန် ကိုအောင်နိုင်စိုး က " အခုလို နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ရှေးရှုပြီး ဒီအမှုကို ရုပ်သိမ်းပေးတဲ့အတွက် ကျွန်တော်တို့ နိုင်ငံတော်အစိုးရကို ကျေးဇူးလည်း တင်ပါတယ်၊ ဝမ်းလည်းဝမ်းသာပါတယ်၊ မှန်မှန်ကန်ကန် စစ်ဆေးဆုံးဖြတ်တာကိုလည်း ကျေနပ်ပါတယ်၊ ကျွန်တော်တို့ ဇန်နဝါရီ ၅ ရက်မှာ ပြစ်ဒဏ်က လွတ်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ငါးဖမ်းရေယာဉ်တစ်စင်း ပင်လယ်ပြင်တွင် နစ်မြုပ် ၁၆ ဦး ဆယ်ယူရရှိပြီး ငါးဦးပျောက်ဆုံးနေ

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ် ၃ ရပ်ကွက် ဦးသာထွန်း ပိုင်ဆိုင်၍ ဦးထွန်းရွှေက လှေဦးစီးအဖြစ် လုပ်ကိုင်ဆောင်ရွက်နေသော သီတာမွန်(၁)ငါးဖမ်းရေယာဉ်သည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၄ နာရီခန့်က ပြင်စလူမြို့အနီး ပင်လယ်ပြင်တွင် ပိုက်ချရန် စက်လှေကို ပြန်လှည့်စဉ် တိမ်းမှောက်နစ်မြုပ်သွားခဲ့ရာ စက်လှေလုပ်သား ၁၆ ဦးကို ဆယ်ယူရရှိထားပြီး ငါးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသည်။

နစ်မြုပ်ကမ်းဝေး ငါးဖမ်းရေယာဉ်မှာ ဟိုင်းကြီးကျွန်းမြို့မှ ဒီဇင်ဘာလအစောပိုင်းက ငါးဖမ်းရန် ထွက်ခွာသွားခဲ့ရာ လှေဦးစီးအပါအဝင် ရေလုပ်သား ၁၉ ဦး လိုက်ပါခဲ့ကြောင်း၊ ရေလုပ်သားနှစ်ဦးမှာ ဒေသအခေါ် စက်လှေကြုံဖြင့် ထပ်မံရောက်ရှိလာသဖြင့် နစ်မြုပ်မှုဖြစ်စဉ် စုစုပေါင်း ရေလုပ်သား ၂၁ ဦးဖြစ်ကြောင်း သိရှိရသည်။ ရေယာဉ်နစ်မြုပ်မှုဖြစ်ပွားချိန်၌ ဒေသခံဦးမောင်နု၏ ငါးဖမ်းရေယာဉ်က ၁၅ ဦး၊ အခြားရေယာဉ်တစ်စင်းက တစ်ဦး ဆယ်ယူခဲ့ကြပြီး ဦးမောင်နုပိုင် ငါးဖမ်းရေယာဉ်ဖြင့် ဟိုင်းကြီးကျွန်းမြို့သို့ ပြန်လည်မောင်းနှင်လာစဉ် တပ်မတော်ရေယာဉ်နှင့် တွေ့ဆုံ၍ ရေလုပ်သားများကို လွှဲပြောင်းပေးကာ ဆက်လက်မောင်းနှင်လာခဲ့ကြောင်း ရေလုပ်သားတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တပ်မတော်ရေယာဉ်က ရေလုပ်သား ၁၆ ဦးကို ဒီဇင်ဘာ ၂၈ ရက် ည ၇ နာရီခန့်က ဟိုင်းကြီးကျွန်းမြို့သို့ ပြန်လယ်ခေါ်ဆောင် ရောက်ရှိနေပြီဖြစ်ပြီး စောင့်မျှော်နေကြသော မိသားစုများထံသို့ အပ်နှံနိုင်ခဲ့သည်။ မြို့ငါးလုပ်ငန်းဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးအပ်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၂၉ ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပျောက်ဆုံးနေသော ရေလုပ်သား ငါးဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

နစ်မြုပ်ငါးဖမ်းရေယာဉ်မှာ အလျား ၃၁ ပေ၊ အနံ ၁၄ ပေ၊ ဇောက် ၅ ပေ ရှိပြီး အင်ဂျင်အမျိုးအစားမှာ 7C ခြောက်လုံးထိုး ဖြစ်ကြောင်း၊ အဆိုပါရေယာဉ်တွင် သုံးလက်မမျှောပိုက် အလက် ၂၆၀ ပါရှိပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၃၀၀ ကျော်ရှိကြောင်း၊ ကယ်ဆယ်ရရှိသော ရေလုပ်သား ၁၆ ဦးကို ဟိုင်းကြီးကျွန်း နယ်မြေရဲစခန်း၌ ဒီဇင်ဘာ ၂၉ ရက်တွင် စက်လှေနစ်မြုပ်မှုနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# မန္တလေးမြို့တွင် အစိုးရနုတ်ထွက်ပေးရေး သပိတ်စခန်းဖွင့်လှစ်ခဲ့သူများကို အပြီးသတ်အမိန့်ချမှတ်

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ မဟာမုနိဘုရားကြီး သာသနာ ၂၅၀၀ ဗိမာန်တော်အတွင်း အစိုးရနုတ်ထွက်ပေးရန်အတွက် သပိတ်စခန်းဖွင့်လှစ်မှုဖြင့် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များကို တရားစွဲဆိုထားခဲ့သည့် အမှုအား ဒီဇင်ဘာ ၂၇ ရက်တွင် အပြီးသတ် အမိန့်ချမှတ်ခဲ့သည်။

ဩဂုတ် ၃ ရက်က စတင်၍ မဟာမြတ်မုနိဘုရားကြီး သာသနာ ၂၅၀၀ ဗိမာန်တော်အတွင်း သံဃာတော်များနှင့် လူပုဂ္ဂိုလ်အချို့က အစိုးရနုတ်ထွက်ပေးရန် သပိတ်စခန်းဖွင့်လှစ်ခဲ့သဖြင့် တိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ ထုတ်ပြန်ချက်နှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဩဂုတ် ၅ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် သပိတ်စခန်းကို ဖယ်ရှားခဲ့ပြီး ဦးဆောင်ပါဝင်သည့် သံဃာတော် ခြောက်ပါးကို အမှုဖွင့်ဖမ်းဆီး၍ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၇ ရက်တွင် အပြီးသတ် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါအမှုကို တရားရုံးမှ ရုံးချိန်းပေါင်း ၁၉ ကြိမ်ခေါ်ယူ၍ တရားလိုပြသက်သေ ကိုးဦး၊ တရားစွဲဆိုခံရသူ ခြောက်ဦးတို့ကို စစ်ဆေးပြီး ယနေ့ရုံးချိန်းတွင် နှစ်ဖက်စစ်ဆေး ကြားနာချက်များအရ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သဖြင့် အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်နှင့် ခြောက်လချမှတ်ခဲ့ကာ ချုပ်ရက်များကို ထုတ်နုတ်ခံစားခွင့်ပြုခဲ့သည်။ ထို့ပြင် ယင်းအမှုတွဲတွင် ထွက်ပြေးတိမ်းရှောင်နေသူများရှိပြီး ထောင်ဒဏ် နှစ်နှစ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခွင့်ရှိသည့် အမှုဖြစ်ကြောင်း ချမ်းမြသာစည် မြို့နယ်တရားရုံး ပြန်ကြားရေးအရာရှိ တွဲဖက်တရားသူကြီး ဦးကျော်စွာလင်း၏ ပြောကြားချက်အရ သိရသည်။

**အောင်စံမောင်**

# အလုံမြို့နယ် စည်ပင်ကွန်တိန်နာ ယာဉ်ရပ်နားစခန်းဝင်းအတွင်း၌ ယာဉ်တိုက်မှုဖြစ်ပွား

**အလုံ ဒီဇင်ဘာ ၂၈**

အလုံမြို့နယ် သစ်တောရပ်ကွက် စည်ပင်ကွန်တိန်နာ ယာဉ်ရပ်နားစခန်းဝင်းအတွင်း ယာဉ်မောင်း ဦးရဲမင်းပိုင် (၄၀ နှစ်) အင်းစိန်မြို့နယ်နေသူသည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီခွဲခန့်က ယာဉ်အမှတ် 5M/ ----- ၂၂ ဘီးယာဉ်ကို စည်ပင်ကွန်တိန်နာဝင်းအတွင်းမှ မောင်းနှင်ထွက်ခွာစဉ် ယာဉ်အောက်၌ အိပ်ပျော်နေသူ အေးကို (၂၇ နှစ်) ရေစကြိုမြို့နယ်နေသူအား ကားဘီးဖြင့် ကြိတ်မိ၍ သေဆုံးသွားသဖြင့် ယာဉ်မောင်းအား အလုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# ပန်းတောင်းမြို့နယ်တွင် တရားမဝင်ခိုးဝင်လာသူများ ဖမ်းဆီးရမိ

**ပန်းတောင်း ဒီဇင်ဘာ ၂၈**

ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ မ.က.ဖ ဂိတ်၌ ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်က ဥသျှစ်ပင်နယ်မြေရဲစခန်း ညောင်ဂျိုးရဲကင်းမှူး ရဲအုပ် သန့်ဇင်က ညောင်ဂျိုးရဲကင်းစစ်ဆေးရေးဂိတ်၌ ပိတ်ဆို့မှုများ ဆောင်ရွက်စဉ် တောင်ကုတ်မြို့ဘက်မှ ပြည်မြို့ဘက်သို့ မောင်းနှင်လာသော YGN 2E/ ----- မတ်တူးယာဉ်မှာ စစ်ဆေးမခံဘဲ မောင်းနှင်ထွက်ပြေးသွားကြောင်း သတင်းပို့ချက်အရ ဥသျှစ်ပင်နယ်မြေရဲစခန်းမှူး ရဲအုပ် ဝင်းဆန်းနှင့် ပူးပေါင်းအဖွဲ့သည် အဆိုပါယာဉ်အား မ.က.ဖ ဂိတ်၌ ဖမ်းဆီးစစ်ဆေးစဉ် ယာဉ်မောင်း စောကျော်မိုး (၅၀ နှစ်) ဗိုလ်ချုပ်လမ်း ကျောက်ဖြူမြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံးကယ်ဆယ်ရေးစခန်းမှ မျိုးလွင်(၃၄နှစ်)၊ ဇေယျာထွန်းဝင်း (၁၄ နှစ်)၊ ဒေါ်စုစုထွေး (၄၄ နှစ်)၊ မခင်နှင်းဝင်း (၁၆ နှစ်)၊ မခရစ္စမတ်မေ (၁၁ နှစ်)၊ မဆောင်းနှင်းဖြူ(၈ နှစ်)တို့ ခြောက်ဦးအား အခကြေးငွေဖြင့် ရယူသယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အရေးယူဆောင်ရွက်သွားမည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ခိုးဝင်လာသူများအား သယ်ဆောင်သူ ယာဉ်မောင်း စောမိုးကျော်အား ဥသျှစ်ပင်နယ်မြေရဲစခန်းနှင့် မျိုးလွင်ပါ ခြောက်ဦးအား ပန်းတောင်းမြို့နယ် လဝကဦးစီးမှူး ဦးတွန့်ခန့်ဒါးလ်က ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

လူကုန်ကူးမှု
မှန်သမျှ
ဝိုင်းဝန်းပူးပေါင်း
ဆန့်ကျင်ကြ။

# အရှိန်မထိန်းနိုင်သည့် ခရီးသည်တင်ယာဉ် လမ်းဘေးအိမ်ထဲဝင်

**မော်လမြိုင် ဒီဇင်ဘာ ၂၈**

မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် စမ်းကြီးရပ် ရွှေနတ်တောင် တပ်နယ်ဂေါက်ကွင်းရှေ့၌ ဒီဇင်ဘာ ၂၇ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က ယာဉ်မောင်း ဇော်လွင်ဦး (၅၄ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဇော်မျိုး(၂၁ နှစ်)လိုက်ပါလာသော မန္တလာမင်း ခရီးသည်တင်ယာဉ် အမှတ် 7G/----- သည် မော်လမြိုင်မှ မုဒုံဘက်သို့ မောင်းနှင်လာရာ ရွှေနတ်တောင် တပ်နယ်ဂေါက်ကွင်းရှေ့၌ လမ်းချော်၍ ဒေါ်စန်းငွေ နေအိမ်ထဲသို့ ဝင်ရောက်သွားခဲ့သည်။

မော်တော်ယာဉ် လမ်းချော်မှုကြောင့် ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည် အမျိုးသား သုံးဦး၊ အမျိုးသမီး ငါးဦး ဒဏ်ရာရရှိပြီး နေအိမ်တွင် နေထိုင်ကြသူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ ယာဉ်မောင်းဖြစ်သူအား သက်ဆိုင်ရာက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**




## မြန်မာရေးရာအမှတ်-၆ ဖြန့်ချိခြင်း

မြန်မာရေးရာလေ့လာရေးအဖွဲ့(Center for Myanmar Affairs Studies )က ထုတ်ဝေသော မြန်မာရေးရာအမှတ်-၆ (၂၀၁၈၊ ဇန်နဝါရီ) ထွက်ရှိလာသည်။

အမှတ်-၆ စာစောင်တွင် တရုတ်မြန်မာဆက်ဆံရေးအခင်းအကျင်း "တရုတ်နဂါးနှင့် ကမ္ဘာပြားခေတ်အလွန်" အထူးကဏ္ဍပါဝင်သည်။ အထူးကဏ္ဍတွင် တရုတ်အိပ်မက်နှင့် လစ်ဘရယ်ကွန်ရက်၊ တရုတ်ပြည်ကွန်မြူနစ်ပါတီ ၁၉ ကြိမ်မြောက် ညီလာခံပုံရိပ်များ၊ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးခရီးနှင့် တရုတ်-မြန်မာဆက်ဆံရေး၊ တရုတ်မြန်မာစီးပွားရေး မြန်မာ့အမြင်၊ အဂတိတိုက်ဖျက်မှု၊ ရှီအတွေးအခေါ်ပုံဖော်မှုနှင့် တရုတ်ဖွံ့ဖြိုးရေးမော်ဒယ်စသည့် ဆောင်းပါးများပါရှိသည်။

ဒေါက်တာအောင်ကြီး၊ မုံရွာအောင်ရှင်၊ ဒေါက်တာမြင့်ဆန်း၊ ဒေါက်တာချောချောစိန်၊ အေးမောင်ကျော်၊ မောင်ဇေယျာ၊ မော်လင်း၊ မောင်မောင်လှမြင့်၊ ကိုဝ၊ နိုင်ထိုက်၊ တင်စိုးမင်း၊ဝင့်ထန်း၊ ဇေယျာသူ၊ ယမင်းမြတ်အေး၊ ကျော်ဇေယျ၊ ဗိုလ်မှူးဘရှင်၊ မောင်ထင်တို့၏ ဆောင်းပါးများနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် အင်တာဗျူး၊ အငြိမ်းစားသတ္တုတွင်းပညာရှင် ဦးထွန်းထွန်းနှင့် အင်တာဗျူးတို့ ပါဝင်သည်။

မြန်မာရေးရာ လေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊စာအုပ်ဆိုင်များနှင့် တစ်ဦးချင်းမှာယူလိုသူများအတွက် မြန်မာရေးရာ အမှတ်-၆ ကို ဒူဝံစာပေ၊ အမှတ် ၂၁၂၊ ၃၁လမ်း(အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်သို့ မှာယူနိုင်ပါသည်။ နယ်မှ တစ်ဦးချင်း မှာယူလိုသူများအတွက် စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် နေ့ချင်းအရောက်ပေးပို့သွားမည် ဖြစ်ပါသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၃၈၇၅၆၈
ဒူဝံစာပေ ဖုန်း-၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၂၂
Email;duwunsarpay 31 apperst @ gmail.com

# ကဘူးလ်ရှိ အာဖဂန်သတင်းဌာနတွင် အသေခံဗုံးခွဲမှုကြောင့် လူအများအပြား သေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၂၈**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ အာဖဂန်သတင်းဌာနရုံးတစ်ခုနှင့် အိမ်နီးချင်းရှီးယိုက် အစ္စလာမ်ဘာသာဝင်များ၏ ယဉ်ကျေးမှုစင်တာတစ်ခု၌ ကြာသပတေးနေ့က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူအများအပြားသေဆုံးခဲ့ကြောင်း မျက်မြင်သက်သေများ၏ပြောပြချက်အရ သိရသည်။ ဗုံးခွဲတိုက်ခိုက်မှုအတွင်း ထိခိုက်ခဲ့သည့် ကျောင်းသားအများစုတို့မှာ ကွန်ဖရင့်အစည်းအဝေးတက်ရောက်နေခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာန လက်ထောက်ပြောရေးဆိုခွင့်ရှိသူ နာစရတ် ရာဟီမီက ဗုံးခွဲတိုက်ခိုက်မှုအတွင်း လူ ၄၀ ထက်မနည်းသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၃၀ ခန့်ရှိကြောင်း၊ ကဘူးလ်ရှိမီဒီယာအဖွဲ့အစည်းများအား ပြုလုပ်သည့် တိုက်ခိုက်မှုများအနက် နောက်ဆုံးဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်ခိုက်မှုသည် တာဘီယံလူမှုရေးနှင့်ယဉ်ကျေးမှုစင်တာ၌ ဆွန်နီအစ္စလာမ်ဘာသာဝင်အများစု နေထိုင်သည့် အာဖဂန်နစ္စတန်ကို ဆိုဗီယက်ကျူးကျော်မှုဖြစ်ပွားခဲ့သည့် ၃၈နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်နှင့် ပတ်သက်သည့် နံနက်ခင်းဆွေးနွေးပွဲ ကျင်းပနေစဉ်အချိန်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အာဖဂန်သတင်းဌာနမှ ဂျာနယ်လစ်တစ်ဦးဖြစ်သည့် စေရက်အာဘတ်စ်က တိုက်ခိုက်မှု ဖြစ်ပွားခဲ့စဉ်အချိန်တွင် ပေါက်ကွဲမှုတစ်ခုထက်မက ဖြစ်ပွားခဲ့ဟန်ရှိကြောင်း၊ ရုံးနှစ်ရုံးရှိသည့် အဆောက်အအုံဝင်း၏ ဝင်ပေါက်၌ ပထမဆုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ပြောကြားခဲ့သည်။ သတင်းဌာနမှ သတင်းထောက်တစ်ဦး သေဆုံးသွားပြီး နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းကပြောသည်။

မျက်မြင်သက်သေများက ပေးပို့ခဲ့သည့်ဓာတ်ပုံများအရ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် နေရာတွင် ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးခဲ့ကြောင်း တွေ့ရသည်။ အခင်းဖြစ်ပွားသည့် နေရာသည် မြို့တော်အနောက်ပိုင်းရှိ ရှီးယိုက်အစ္စလာမ်ဘာသာဝင်အများစုနေထိုင်သည့် ဧရိယာဖြစ်ပြီး မြေပြင်ပေါ်တွင်သေဆုံးသူများနှင့် ဒဏ်ရာရရှိသူ အများအပြားရှိကြောင်း တွေ့ရသည်။

ဒုတိယကျန်းမာရေးဝန်ကြီး ဖီဒါမိုဟာမက် ပိုင်ကန်က သေဆုံးသူအလောင်း ၃၅ လောင်းကို အနီးအနားရှိ ဆေးရုံသို့ သယ်ဆောင်သွားခဲ့ကြောင်း ပြောကြားခဲ့သည်။ ထိခိုက်ဒဏ်ရာ ရရှိသူအချို့သည် ဒဏ်ရာပြင်းထန်ကြောင်းဖော်ပြခဲ့သည်။



သမ္မတ အက်ရှ်ရက်ဖ်ဂါနီ၏ ပြောရေးဆိုခွင့်ရှိသူက ယင်းတိုက်ခိုက်မှုကို လူသားချင်းစာနာထောက်ထားမှုကို ဆန့်ကျင်သည့် ခွင့်လွှတ်နိုင်ဖွယ်မရှိသော တိုက်ခိုက်မှုအဖြစ်ဖော်ပြခဲ့ပြီး အကြမ်းဖက်အဖွဲ့အစည်းများကို ဖျက်ဆီးချေမှုန်းသွားရန် အလေးအနက် ကတိပေးအပ်ခဲ့ကြောင်း သိရသည်။ **ရိုက်တာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စစ်ဘက်ဆိုင်ရာ လေယာဉ်နှစ်စင်း ပျက်ကျ

**ဒါကာ ဒီဇင်ဘာ ၂၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံလေတပ်၏ လေ့ကျင့်ရေးလေယာဉ်နှစ်စင်းသည် ဒါကာမြို့မှ ၂၉၂ကီလိုမီတာကွာဝေးသော နေရာတွင် ယမန်နေ့က ပျက်ကျခဲ့ရာ လေယာဉ်မှူးများ အသက်အန္တရာယ်မှလွတ်မြောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လေယာဉ်ပျက်ကျမှုသည် ဒေသစံတော်ချိန် ၁၈ နာရီမိနစ် ၃၀ ခန့်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ပျက်ကျလေယာဉ်များမှာ ရုရှားနိုင်ငံထုတ် ယက်-၁၃၀လေယာဉ်အမျိုးအစားများဖြစ်သည်။

လေယာဉ်သည် ထိန်းချုပ်ရေးစင်တာနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ပြီး ပျက်ကျခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း လေယာဉ်ပျက်ကျမှုတွင် လေယာဉ်မှူးများ လွတ်မြောက်သွားခဲ့ကြောင်း သိရသည်။




မီးသတ်တပ်ဖွဲ့သည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ခဲ့သည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို သက်ဆိုင်ရာအာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ**

# ဆီးရီးယားရှိ သူပုန်ထိန်းချုပ်ဧရိယာမှ အရေးပေါ်လူနာများကို ကယ်ဆယ်ရွှေ့ပြောင်း

**ဒမတ်စကတ် ဒီဇင်ဘာ ၂၈**

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်အပြင်ဘက်ရှိ သူပုန်ထိန်းချုပ်ထားသည့်ဧရိယာတစ်ခုမှ အပြင်းအထန်နာမကျန်းဖြစ်နေသည့် လူနာများကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

အဆိုပါ ဒေသသည် ၂၀၁၃ ခုနှစ်ကတည်းက အစိုးရအင်အားစုများ၏ထိန်းချုပ်မှုအောက်သို့ရောက်ရှိခဲ့ဖူးသည်။ သူပုန်များက အစိုးရကိုဆန့်ကျင်သည့် တိုက်ပွဲများကို ဆင်နွှဲနေဆဲဖြစ်သည့် အသေးဆုံးဒေသများအနက်တစ်ခုဖြစ်ကြောင်း သိရသည်။

ဆီးရီးယားလခြမ်းနီ အာဏာပိုင်အဖွဲ့သည် ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရွှေ့ပြောင်းမှုများကို စတင်ဆောင်ရွက်ကြောင်း အင်္ဂါနေ့တွင်ကြေညာခဲ့ရာ ထိုအချိန်မှစတင်ကာ အပြင်းအထန်နာမကျန်းဖြစ်နေသည့် လူနာများကို ယင်းဧရိယာပြင်ပရှိဆေးရုံများသို့ ပို့ဆောင်ကာ ကုသမှုခံယူနိုင်ပြီ ဖြစ်သည်။

လာမည့်ရက်များအတွင်း လူနာ ၃၀ ခန့်ကို ကယ်ဆယ်ရွှေ့ပြောင်းရန် စီစဉ်ထားကြောင်း သိရသည်။ သူပုန်အဖွဲ့များက အစိုးရသည် သူပုန်အဖွဲ့မှ အကျဉ်းသားများအဖြစ်ဖမ်းဆီးထားသည့် အစိုးရတပ်ဖွဲ့ဝင်များ၏ တူညီသည့်အရေအတွက်ကို လွှတ်ပေးခဲ့သည့်အတွက် တုံ့ပြန်သည့်အနေဖြင့် သိမ်းပိုက်ထားသည့်ဧရိယာမှ လူနာများကို ထွက်ခွာသွားခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းဧရိယာအတွင်းရှိ လူငါးရာခန့်တို့သည် အရေးပေါ်ဆေးဝါးကုသမှုခံယူရန် လိုအပ်နေကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်အာဏာပိုင်များက တရားမဝင်ရွှေ့ပြောင်းဒုက္ခသည် ၁၅၀၀၀၀ နီးပါးကို ဖမ်းဆီးထိန်းသိမ်း

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အမေရိကန်အာဏာပိုင်များသည် ယခုနှစ်အတွင်း တရားမဝင်ရွှေ့ပြောင်းဒုက္ခသည် ၁၅၀၀၀၀ နီးပါးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း နောက်ဆုံးသတင်းများအရ သိရသည်။

ယခုနှစ်အတွင်း ဖမ်းဆီးထိန်းသိမ်းမှု ၁၄၃၄၇၀ မှုကို ပြုလုပ်ခဲ့ကြောင်း၊ ယင်းပမာဏသည် ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်းပိုများကြောင်း အမေရိကန်လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်တပ်ဖွဲ့၏ နှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်သည် ဇန်နဝါရီ ၂၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ဇန်နဝါရီ ၂၅ ရက်တွင် လူဝင်မှုကြီးကြပ်ရေးဥပဒေစိုးမိုးရေးကို ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထရန့်သည် မူဆလင်အများစုနေထိုင်သည့် နိုင်ငံများမှ နိုင်ငံသားများကို ပြည်ဝင်ခွင့်ပိတ်ခြင်း၊ နိုင်ငံအတွင်းသို့ ကလေးငယ်များအဖြစ် တရားမဝင်ဝင်ရောက်လာသော ရွှေ့ပြောင်းဒုက္ခသည်များကို ပြည်နှင်ဒဏ်ပေးခြင်းမှ ကာကွယ်ပေးသော ဥပဒေကို ဖျက်သိမ်းခြင်း၊ ကမ္ဘာလုံးဆိုင်ရာရွှေ့ပြောင်းဒုက္ခသည်အရေးနှင့် ကုလသမဂ္ဂ၏ရွှေ့ပြောင်းမှုအစီအစဉ်မှ နုတ်ထွက်ခြင်းစသည့် အငြင်းပွားဖွယ်မူဝါဒများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# ထရန့်ရဲ့ တစ်နှစ်တာ အမေရိကန်ခရီး စိုးထိတ်မှုတွေ လွန်မြောက်ပါစေ

*တင်လင်းအောင်*



အံကြိတ် သည်းခံကြိုးစားရင်း နိုင်ငံသားတွေအတွက် နောက်ထပ်ရက် အနည်းငယ်ဆိုရုံလေးဆိုတဲ့ အသိနဲ့ အခုလို အလွန်ဆိုးရွားတဲ့၊ ညံ့ဖျင်းတဲ့၊ လားလားမှမကောင်းတဲ့၊ အဓိပ္ပာယ်မရှိတဲ့၊ ခါးသီးတဲ့၊ ကျက်သရေမရှိတဲ့ သဘောတရားတွေနဲ့ ပြည့်နှက်နေတဲ့ နှစ်ဟာ ကုန်ဆုံးလွန်မြောက်နိုင်တော့မှာဖြစ်ပါတယ်။ နိုင်ငံသားတွေအားလုံးအတွက် လာမယ့် ၂၀၁၈ ခုနှစ်မှာ ပိုမိုကောင်းမွန်တာတွေ ဖြစ်လာဖို့ မျှော်လင့်ချက်တွေ ရင်ဝယ်ပိုက်ပြီး စိတ်လှုပ်ရှားမှုအပြည့်နဲ့စောင့်ဆိုင်းလျက်ရှိပါတယ်။

နိုင်ငံသားအများစုဟာ ၂၀၁၇ ဒေါ်နယ်ထရန့်သမ္မတခေတ်မှာ သူတို့တွေစိုးရိမ်တာထက် ပိုမဆိုးနိုင်ဘူးလို့ ဖြေသိမ့်မှုတွေနဲ့ စတင်ခဲ့ရပါတယ်။ ဒါပေမယ့် ဖြစ်ချင်တဲ့ ဆန္ဒတွေဟာ လက်တွေ့နဲ့ တစ်ထပ်တည်းမကျခဲ့ပါဘူး။ ပိုဆိုးလာခဲ့ပါတယ်။

သမ္မတကြီးလက်ကိုင်ပြုတဲ့ စကားလုံးတစ်လုံးကို အမြဲကြားမိမှာပါ။ အဲဒါကတော့ လူဖြူအမြင့်ဆုံးအာဏာလုပ်ပိုင်ခွင့်ရသူတွေ၊ နာဇီလက်သစ်တွေ၊ ကူးကလက်ကလန် (KKK) အဖွဲ့ (အမေရိကန်တောင်ပိုင်းပြည်နယ်တွေမှာ လူမည်းတို့ကိုအကြမ်းဖက်ရန်ပြုသောလူဖြူတို့၏ လျှို့ဝှက်အသင်းအဖွဲ့)တွေ စီစဉ်တဲ့ မီးရှူးမီးတိုင်ထွန်းညှိပွဲမှာ ပါဝင်သူတွေကို အလွန်ကောင်းတဲ့သူ တွေလို့ ကင်ပွန်းတပ်လေ့ရှိတာကိုပါ။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးက သူလိုချင်တဲ့ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အတွက် မဲမပေးတဲ့ နိုင်ငံတွေကို အမည်မှတ်မယ်လို့ ခြိမ်းခြောက်ပြောဆိုတာကို ကြားဖူးမယ်လို့ထင်ပါသလား။ ထို့အတူ ကမ္ဘာ့အကြီးဆုံးစစ်ရေးဆိုင်ရာနဲ့ စီးပွားရေးအင်အားတွေ ရရှိထားတဲ့အစိုးရအနေနဲ့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေမှာ ဆူလွယ်နပ်လွယ်အချက်တွေကို အသုံးပြုရတာပိုကြိုက်ပြီးတော့ လက်တွေ့ကြံစည်လုပ်ကိုင်မှုတွေသာမက ကိုယ်တွေ့မျက်မြင် အခြေပြု ဒဿနကိုပါ လက်မခံဘဲ ပယ်ချတယ်ဆိုတာ ကြားဖူးမယ်လို့ ထင်သလား။

ထရန့်ကို သူ့ကိုယ်သူအထင်ကြီးပြီး သဘောကျနှစ်ခြိုက်မှုတွေပြည့်နေသလို သွေးနားထင်ရောက်လွန်းအားကြီးတယ်လို့ နိုင်ငံသားတွေက ထင်ကြပါတယ်။ အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲမှာ သူပြောခဲ့တဲ့စကားတွေအပေါ် သူ့ကိုယ်သူ သိမြင်နိုင်လိမ့်မယ်လို့ မျှော်လင့်ချက်လေးအနည်းငယ်ဖြစ်မိသော်လည်း အခုတော့ဘာမှမဟုတ်တော့သလိုပါပဲ။ ကြားရသရွေ့တော့ သမ္မတကြီးဟာ သတင်းတွေစောင့်ကြည့်ရင်း သူ့ကို မျက်နှာလိုမျက်နှာရလုပ်နေတဲ့ ထောက်ခံမှုတွေအပေါ် သဘောကျနှစ်ခြိုက်စွာနဲ့ နေ့တိုင်းအချိန်တွေကုန်ဆုံးနေပါတယ်။ သူ့လက်ထောက်တွေကလည်း အမျိုးသား လုံခြုံရေးအပေါ် နေ့စဉ်လမ်းညွှန်ချက်ပေးမှုအပေါ် ဆွဲ့အသွားအောင် လုပ်ဆောင်နိုင်ကြပါတယ်။ အစိုးရအဖွဲ့တွေကလည်း သူ့အပေါ် ရက်ရောစွာနဲ့ သူ့ထက်ငါအပြိုင် မျက်နှာလိုမျက်နှာရ လုပ်နေကြပါတယ်။

သမ္မတနဲ့ သူ့အဖွဲ့ဟာ ဝေဖန်အကြံပြုချက်ဆိုတဲ့ အမှန်တရားတွေအပေါ် ဂရုမစိုက်မှု၊ စစ်ပွဲတွေဆင်နွှဲမှုတွေ လုပ်ခဲ့ပါတယ်။ အဲလိုနဲ့ သူဟာ သူ့ဆီရောက်လာတဲ့ ကျိုးကြောင်းအဆီအငေါ် မတည့်တဲ့ အချက်တွေကို ခေါင်းခြောက်အောင် စဉ်းစားရင်း သတင်းအမှားတွေကို ကိုင်စွဲလာပါတော့တယ်။ အများသဘောတူ ကြည်ဖြူလက်ခံမှုမပါတဲ့ ကိစ္စတွေကို ဒီမိုကရေစီရဲ့ လုပ်ငန်းဆောင်တာလို့ ခေါ်နိုင်ပါသေးလား။ အမှန်တရားကိုရှာဖွေဖို့အတွက် ဆူးခင်းလမ်းကို ဖြတ်သန်းရမှာပါ။ သမ္မတနဲ့ သူ့အစိုးရအဖွဲ့ဟာ ဘယ်လိုစံထားမှုတွေဖြစ်နေသလဲဆိုတာကို နားလည်နိုင်ဖို့ဆိုတာကတော့ အမေရိကန်နိုင်ငံကြီးစတင် တည်ထောင်ကတည်းက ကိုယ်ကျိုးရှာသိုက်သမားတွေကို ကာကွယ်ဖို့အတွက် ပြည်သူ့အုပ်ချုပ်မှုတွေကို တန်ဖိုးထားအလေးပေးခဲ့တာကို ကြည့်ရင်သိနိုင်ပါတယ်။

> **“အများစုက သမ္မတရဲ့ မဆီလျော်မှုတွေ၊ အံဝင်ခွင်ကျမဖြစ်မှုတွေကို ရှင်းရှင်းလင်းလင်း သိနေသော်လည်း သူ့ကိုဆက်လက်ပြီး အားပေး အားမြှောက်ပြုနေကြပါတယ်။ အကြောင်းမှာ သမ္မတရဲ့ အမျက်ဒေါသကို စိုးရွံ့ရလို့ပဲဖြစ်ပါတယ်”**

အလုပ်အမှုဆောင်အဖွဲ့ကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ဖို့ အခွင့်အာဏာရှိတဲ့ ကွန်ဂရက်မှာရှိတဲ့ သမ္မတရဲ့ ရီပတ်ဘလစ်ကန်တွေဟာ ကျိုးကြောင်းမထင်တဲ့ အဆိုပြုလွှာတွေအပေါ် မျက်နှာလွှဲခဲပစ် လုပ်လာကြပါတယ်။ အများစုက သမ္မတရဲ့ မဆီလျော်မှုတွေ၊ အံဝင်ခွင်ကျမဖြစ်မှုတွေကို ရှင်းရှင်းလင်းလင်းသိနေသော်လည်း သူ့ကို ဆက်လက်ပြီး အားပေးအားမြှောက်ပြုနေကြပါတယ်။ အကြောင်းမှာ သမ္မတရဲ့ အမျက်ဒေါသကို စိုးရွံ့ရလို့ပဲဖြစ်ပါတယ်။ သမိုင်းဟာ ဒီလိုအကြောက်ကြီးတဲ့ အခွင့်အရေးသမားတွေကြီးစိုးရာကာလကို ဘယ်တော့မှ မေ့ပျောက်နိုင်မှာမဟုတ်ပါဘူး။

သမ္မတရဲ့ ဆွေမျိုးကောင်းစားရေးဝါဒအပေါ် မဖော်ပြလိုပါဘူး။ သို့သော်လည်း သူ့ရဲ့သမီးနဲ့ သူ့သမက်ကို အဆင့်မြင့်အကြံပေးအရာရှိများခန့်အပ်ထားမှုဟာ မဆီလျော်ဘူးလို့ထင်ရပါ တယ်။ ဘာလို့လဲဆိုတော့ သူတို့ရဲ့ ကိုယ်ရေးအချက်အလက်တွေဟာ ခန့်အပ်ထားတဲ့ ရာထူးနဲ့ ကိုက်ညီမှုမရှိသလို ဒီလိုရာထူးကြီးတွေကို နိုင်နိုင်နင်းနင်းစီမံကွပ်ကဲဖို့လည်း အရည်အချင်းမမီလို့ဘဲဖြစ်ပါတယ်။ ထရန့်အစိုးရဟာ ဥပဒေနဲ့ အခွင့်အရေးတွေ ချိုးဖောက်ရုံတင်မက သာမညအဆင့်မှာပဲ ရှိသေးတယ်လို့ ဝေဖန်တဲ့သူတွေက ဝေဖန်ကြပါတယ်။

၂၀၁၇ ခုနှစ်ဟာ စိတ်မချမ်းမြေ့မှုတွေနဲ့ ပြည့်နှက်နေပါတယ်။ သို့သော်လည်း လုံးဝဆိုးရွားသွားပြီလို့ ပြောလို့မရလောက်သေးပါဘူး။ ထရန့် အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး နောက်တစ်နေ့မှာပဲ သူ့ကို မနှစ်မြို့တဲ့အနေနဲ့ အမျိုးသမီးချီတက်ဆန္ဒပြမှုကြီးလုပ်ဖို့အတွက် ဝါရှင်တန်ကို ပရိသတ်အမြောက်အမြား ရောက်ရှိလာခဲ့ပါတယ်။ အဲဒီလို စိတ်ထက်သန်ပြင်းပြမှုတွေဟာ အချိန်ကာလ ရွေ့လျားသွားတာနဲ့ တဖြည်းဖြည်း မှေးမှိန်ခဲ့သော်လည်း သက်သေသာဓကတွေကတော့ ဘယ်တော့မှ ပျောက်ပျက်လို့သွားမှာ မဟုတ်ခဲ့ပါဘူး။ နိုဝင်ဘာလမှာ ဒီမိုကရက်ရာ့ဖ်နော်သန်က ဗာဂျီနီးယားမြို့တော်ဝန်ရွေးကောက်ပွဲမှာ အနိုင်ရရှိခဲ့ပါတယ်။ သူ့အရည်အချင်းဟာ ဒီမိုကရက်တွေကို အောက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ဖို့ လုံလုံလောက်လောက်ရှိခဲ့သော်လည်း အဲဒီကိစ္စဟာ ဆိုင်းငံ့အနေအထားပဲရှိပါသေးတယ်။ ဒီဇင်ဘာ ၁၂ ရက်မှာ ဒီမိုကရက် ဒေါက်ဂျုန်းက ရီပတ်ဘလစ်ကန်ရွိုင်မိုရေးကို ရီပတ်ဘလစ်ကန်တွေကြီးစိုးတဲ့ အယ်လ်ဘားမားပြည်နယ်မှာ ပြုလုပ်ခဲ့တဲ့ အမေရိကန်ဆီးနိတ် အထူးရွေးကောက်ပွဲမှာ အနိုင်ရရှိခဲ့ပါတယ်။

ဒီလိုမျိုး ယှဉ်ပြိုင်မှုတွေဟာ အကြောင်းတရားတွေနဲ့ ယင်းကြောင့်ဖြစ်လာတဲ့ အကျိုးရလဒ်တွေကြောင့် ဖွံ့ဖြိုးတိုးတက်မှုမဟုတ်ဘဲ ဆင်ခြင်တုံတရားနဲ့ ရှုးသွပ်မှုတွေကြား၊ အကျိုးအကြောင်းဆီလျော်မှုနဲ့ ကစဉ့်ကလျားဖြစ်မှုတွေကြား အားပြိုင်မှုတွေပဲဖြစ်ပါတယ်။ မှုအာ့လာစုံစမ်းစစ်ဆေးခြင်းအပေါ်အောင်မြင်မှုနဲ့ ကံကောင်းမှုတွေဖြစ်လာသည်ဆိုပါက ဒါကသူ့ကိုစွဲကျန်တဲ့သူတွေဖြစ်တဲ့ ဒီမိုကရက်တွေ၊ လွတ်လပ်မှု ချစ်မြတ်နိုးသူတွေ၊ မျိုးချစ်ရီပတ်ဘလစ်ကန်တွေ အားလုံးဟာ နိုဝင်ဘာ ရွေးကောက်ပွဲအတွက် အတူတကွလက်တွဲလုပ်ဆောင်ရမှာပဲဖြစ်ပါတယ်။ ပြည်သူတွေရဲ့ တာဝန်ကတော့ ကွန်ဂရက်ကို ထိန်းကျောင်းပေးဖို့ပဲဖြစ်ပါတယ်။

အမေရိကန်နိုင်ငံကြီးဟာ ကစဉ့်ကလျားဖြစ်နေတဲ့ ၂၀၁၇ ခုနှစ်ကို လွန်မြောက်ပြီး လာမယ့် ၂၀၁၈ ခုနှစ်မှာ အပြုသဘောဆောင်တိုးတက်မှုတွေဖြစ်လာဖို့ဆိုတာ ပြည်သူတွေထဲက ပြည်သူတွေဖြစ်တဲ့ ဒီမိုကရက်တွေ၊ လွတ်လပ်မှုချစ်မြတ်နိုးသူတွေ၊ မျိုးချစ်ရီပတ်ဘလစ်ကန်တွေ စတဲ့အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံအားလုံး တက်ညီလက်ညီရှိရမှာဖြစ်ပါကြောင်း။ ။

**ကိုးကား-သည်ဝါရှင်တန်ပို့စ်**

---

နိုင်ငံတကာ သတင်းတိုထွာ

## အမေရိကန်ဟူစတန်မြို့၌ မီးလောင်မှုဖြစ်ပွား

**ဟူစတန် ဒီဇင်ဘာ ၂၈**

အမေရိကန်နိုင်ငံ ဟူစတန်မြို့ဆင်ခြေဖုံးတစ်ခုတွင် ဒီဇင်ဘာ ၂၆ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ် ၃၅ လုံးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဒေသခံမီးသတ် အရာရှိများက အတည်ပြုပြောကြားခဲ့သည်။

မီးလောင်မှုသည် အမေရိကန်နိုင်ငံ၏ စတုတ္ထမြောက် အကြီးဆုံးဖြစ်သည့် ဟူစတန် မြို့လယ်ကောင်မှ အရှေ့တောင်ဘက် ၂၀ ကီလိုမီတာခန့်အကွာ တောင်ပိုင်းဟူစတန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ မီးကို မီးသတ်သမားများက ခြောက်နာရီကျော်ကြာအောင် ကြိုးစားငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူများစွာ နေအိမ်စွန့်ခွာထွက်ပြေးခဲ့ရသော်လည်း ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မီးလောင်မှုကြောင့် လူ ၅၀ခန့်ကို နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း ကြက်ခြေနီအသင်းက ပြောခဲ့သည်။ မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ဒုံးကျည်အန္တရာယ်မှ ဘေးလွတ်ရာ ရွှေ့ပြောင်းမည့် လေ့ကျင့်မှု ပြုလုပ်

**တိုကျို ဒီဇင်ဘာ ၂၈**

ဂျပန်ဗဟိုနှင့်ဒေသအစိုးရတို့ပေါင်းကာ တိုကျိုမြို့လယ်၌ ပထမဆုံးအကြိမ် ဒုံးကျည်အန္တရာယ်မှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းသည့် အစမ်းလေ့ကျင့်မှုကို လာမည့် ဇန်နဝါရီ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ အဆိုပါ လေ့ကျင့်မှုသည် ဒုံးကျည်က ဂျပန်နိုင်ငံသို့ ပစ်လွှတ်လိုက်ချိန်တွင် မည်သို့ပြုလုပ် ရမည်ဆိုသည့် အချက်ကို အခြေခံကာ လေ့ကျင့်သွားမည် ဖြစ်သည်။ အဆိုပါလေ့ကျင့်မှုတွင် လူ ၂၅၀ ခန့် ပါဝင်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

ဗဟိုအစိုးရသည် မတ်လကတည်းက စကာ နိုင်ငံတစ်ဝန်းရှိ အခြားမြို့ ၂၅ မြို့နှင့် တွဲဖက်ကာ ထိုကဲ့သို့ လေ့ကျင့်မှုများကို အစဉ်အမြဲပြုလုပ်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## မြောက်ကိုရီးယားအရာရှိနှစ်ဦးကို အမေရိကန်ပိတ်ဆို့

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အမေရိကန်အစိုးရသည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်အစီအစဉ်များအတွက် အရေးကြီးဆုံးခေါင်းဆောင်များဖြစ်သည့် မြောက်ကိုရီးယား အရာရှိနှစ်ဦးကို ပိတ်ဆို့အရေးယူမှုများပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်မကြာသေးမီက ဖော်ပြခဲ့သည်။

အရေးယူပိတ်ဆို့ခံရသည့် အရာရှိနှစ်ဦးမှာ မြောက်ကိုရီးယားအလုပ်သမားပါတီမှဖြစ်ကာ တစ်ဦးမှာ လက်နက်ထုတ်လုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ယင်းဌာနမှ ပထမ လက်ထောက်ညွှန်ကြားရေးမှူးတို့ ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(၅) လွန်ခဲ့သည့် နှစ်နှစ်အတွင်း ထုတ်ဝေခဲ့သည့် သို့မဟုတ် ထုတ်ဝေရန် သဘောတူထားသည့် ငွေသားဖြင့် သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း ပေးချေထားသည့် အစုရှယ်ယာများ၊ ဒီဘင်ချာများနှင့် အခြားငွေချေးသက်သေခံလက်မှတ်များ၏ အရေအတွက်နှင့် တန်ဖိုးပမာဏ၊ တစ်စိတ်တစ်ဒေသသာ ပေးချေထားသည့် ကိစ္စရပ်တွင် ထိုသို့ ပေးချေထားသည့် ပမာဏအပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ပေးချေထားသည့်ကိစ္စရပ်တွင် ထုတ်ဝေထားသည့် သို့မဟုတ် ထုတ်ဝေရန် သဘောတူထားသည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအတွက် အဖိုးစားနား သတ်မှတ်ချက်၊

(၆) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေခြင်းသည် အာမခံသူ (underwriter) ဖြင့် ဆောင်ရွက်ခြင်းဖြစ်လျှင် ထိုအာမခံသူများ၏ အမည်များ၊ အာမခံသူများသည် အာမခံထားသည့်တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လုံလောက်သည့် အခြေအနေရှိကြောင်း ဒါရိုက်တာများ၏ ထင်မြင်ယူဆချက်၊

(၇) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ဖြင့် ငွေကြေးထည့်ဝင်ရန် ကမ်းလှမ်းမှု အကျိုးအမြတ်မှ အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပေးချေထားသည့် ကုမ္ပဏီကဝယ်ယူထားသော သို့မဟုတ် ရရှိထားသော၊ သို့မဟုတ် ဝယ်ယူရန် သို့မဟုတ် ရယူရန် အဆိုပြုထားသော ပစ္စည်းတစ်ရပ်ရပ်အား ရောင်းချသူများ၏ အမည်များနှင့် နေရပ်လိပ်စာများ၊ ရောင်းချသူသို့ ထုတ်ပေးသည့်ငွေသားဖြင့် ပေးချေထားသည့် ပမာဏ၊ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ၊ ရောင်းချသူတစ်ဦးထက်ပိုသည့် အခါတွင်ဖြစ်စေ၊ ကုမ္ပဏီသည် တစ်ဆင့်ခံဝယ်ယူသူဖြစ်သည့်အခါ တွင်ဖြစ်စေ ရောင်းချသူတစ်ဦးစီသို့ ပေးချေထားသည့် ပမာဏ၊ သို့ရာတွင် ရောင်းချသူများ သို့မဟုတ် ရောင်းချသူတစ်ဦးဦးသည် လုပ်ငန်းစုတစ်ရပ်ဖြစ်ခဲ့လျှင် ထိုလုပ်ငန်းစုတွင် ပါဝင်သူများအား သီးခြားရောင်းချသူများအဖြစ် သတ်မှတ်ခြင်း မပြုရ၊

(၈) ပုဒ်မခွဲငယ် (၇)တွင် ဖော်ပြပါရှိသည့် ပစ္စည်းတစ်ရပ်ရပ်အား ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေပြီးနောက် နှစ်နှစ်အတွင်း ရောင်းချခြင်းဖြင့်လွှဲပြောင်းသည့်အခါတွင် အဆိုပါ လွှဲပြောင်းမှုတစ်ရပ်စီ၌ ဝယ်ယူသူက ပေးချေသည့် ပမာဏ၊ အဆိုပါ ပစ္စည်းတစ်ရပ်ရပ်သည် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် အခါတွင် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေပြီးနောက် တစ်ဆက်တည်း သုံးနှစ်အတွင်း နှစ်အလိုက် အဆိုပါစီးပွားရေးလုပ်ငန်းမှ ရရှိသည့်အကျိုးအမြတ်များ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုမှာ သုံးနှစ်အောက်နည်းသည့် ကာလအတွက်သာရှိပါက လက်ရှိ ကာလ၏ နှစ်အလိုက်ရရှိသည့် အကျိုးအမြတ်များ၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) နှင့်အတူ ပူးတွဲပါရှိရမည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေသည့် နေ့မှ ရက်ပေါင်း ၉၀ ထက် မများသည့်ကာလအတွင်း ပြုစုထားသော သက်ဆိုင်ရာစီးပွားရေးလုပ်ငန်း၏ လက်ကျန်ရှင်းတမ်း (balance sheet) တစ်စောင်၊

(၉) အထက်တွင် ဖော်ပြပါရှိသည့် ပစ္စည်းတစ်ရပ်ရပ်အတွက် ဝယ်ယူပေးချေသည့် ငွေအဖြစ်ပေးချေခဲ့သော သို့မဟုတ် ပေးချေမည် ဖြစ်သောငွေသား၊ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များရှိခဲ့လျှင် ယင်း၏ ပမာဏ၊ ကုန်ရောင်းကုန်ဝယ်နာမည်ကောင်း ဂုဏ်သတင်း (Goodwill) အတွက် ပေးချေမည်ဖြစ်သော ပမာဏရှိခဲ့လျှင် ယင်းပမာဏ၊

(၁၀) ကုမ္ပဏီ၏ အစုရှယ်ယာ၊ ဒီဘင်ချာ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်တစ်ရပ်ရပ်အတွက် ထည့်ဝင်ကြေးများကို ထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန် သဘောတူညီခြင်းအတွက်ဖြစ်စေ၊ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန်သဘောတူညီခြင်းအတွက်ဖြစ်စေ၊ ပေးချေရသည့် ကော်မရှင်ခအဖြစ်သော် လည်းကောင်း၊ ထုတ်ဝေထားသော အစုရှယ်ယာများနှင့်စပ်လျဉ်းသည့် လျှော့ငွေ (Discount) အဖြစ်သော် လည်းကောင်း၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပေးချေခဲ့လျှင် ယင်းပမာဏ သို့မဟုတ် ပေးချေရမည့် ပမာဏ၊ သို့ရာတွင် တစ်ဆင့်ခံ အာမခံသူများထံသို့ ပေးချေရမည့် ကော်မရှင်ခများကို ဖော်ပြရန်မလို၊

(၁၁) ကနဦးကုန်ကျစရိတ်ပမာဏ သို့မဟုတ် ကနဦးခန့်မှန်းကုန်ကျငွေပမာဏ၊

(၁၂) ကမကထပြုသူ (promoter) သို့ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပေးချေခဲ့သည့် ပမာဏ သို့မဟုတ် ပေးချေရန်သတ်မှတ်ထားသည့် ပမာဏ၊ ထိုသို့ ပေးချေမှုတစ်ရပ်ရပ်အတွက် အဖိုးစားနား သတ်မှတ်ချက်၊

(၁၃) ပုဒ်မ ၇ နှင့်သက်ဆိုင်သော ပစ္စည်းများရရှိရေးနှင့် စပ်လျဉ်းသည့် ပဋိညာဉ်စာချုပ်များ အပါအဝင်အရေးကြီးသော ပဋိညာဉ်စာချုပ် အားလုံးကိုချုပ်ဆိုသည့် နေ့ရက်များနှင့် ထိုစာချုပ်များတွင် ပါဝင်သူများ၊ အရေးကြီးသော ပဋိညာဉ်စာချုပ်များသို့မဟုတ် ယင်းတို့၏ မိတ္တူများကို စစ်ဆေးကြည့်ရှုနိုင်မည့် အချိန်နှင့်နေရာ၊ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ကုမ္ပဏီက ဆောင်ရွက်ခဲ့သည့် သို့မဟုတ် ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် သာမန်ကိစ္စရပ်များအတွက် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့် နေ့ရက်မတိုင်မီ နှစ်နှစ်ထက်ပိုသော ကာလအတွင်းချုပ်ဆိုခဲ့သော ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ၊

(၁၄) ကုမ္ပဏီ၏ စာရင်းစစ်များရှိခဲ့ပါက ၎င်းတို့၏ အမည်များနှင့် နေရပ်လိပ်စာများ၊

(၁၅) ကုမ္ပဏီကို မြှင့်တင်ရာတွင်ဖြစ်စေ၊ ကုမ္ပဏီက ရယူရန် အဆိုပြုထားသော ပစ္စည်းတစ်ရပ်ရပ်တွင်ဖြစ်စေ ပါဝင်သော ဒါရိုက်တာအားလုံး၏ အကျိုးခံစားခွင့်ရှိခဲ့လျှင် ယင်းအခြေအနေနှင့် အတိုင်းအတာ ပမာဏ တို့၏ ဖော်ပြချက်အပြည့်အစုံ သို့မဟုတ် အဆိုပါဒါရိုက်တာ၏ အကျိုးခံစားခွင့်သည် လုပ်ငန်းစုတစ်ခု၏ ဖက်စပ်လုပ်ကိုင်သူအဖြစ် ပါရှိခြင်းဖြစ်ခဲ့လျှင် အဆိုပါလုပ်ငန်းစု၏ အကျိုးခံစားခွင့်အခြေအနေနှင့် အတိုင်းအတာပမာဏ၊ ပုဂ္ဂိုလ်တစ်ဦးဦးက ဒါရိုက်တာဖြစ်မည့်သူ သို့မဟုတ် ဒါရိုက်တာဖြစ်ရန် အရည်အချင်းပြည့်ဝသူသို့ဖြစ်စေ၊ ကုမ္ပဏီ ကို မြှင့်တင်ခြင်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းတို့နှင့် စပ်လျဉ်း၍ ယင်းက သို့မဟုတ် လုပ်ငန်းစုက ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများအတွက် ဖြစ်စေ၊ ၎င်းတို့ကို သော်လည်းကောင်း၊ လုပ်ငန်းစုကို သော်လည်းကောင်း ငွေသားဖြင့်ဖြစ်စေ၊ အစုရှယ်ယာ အားဖြင့် ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပေးချေခဲ့သော သို့မဟုတ် ပေးချေရန် သဘောတူညီခဲ့သော ပမာဏအားလုံးပါရှိသည့် ရှင်းလင်းဖော်ပြချက်၊

(၁၆) ကုမ္ပဏီသည် အစုရှယ်ယာအမျိုးအစား တစ်ရပ်ထက် ပိုမိုပါရှိပါက ကုမ္ပဏီ၏ အစည်းအဝေးများတွင် မဲပေးနိုင်သည့် အခွင့်အရေး၊ အစုရှယ်ယာ အမျိုးအစားအသီးသီးတွင် ဆက်စပ်ပါရှိသော မတည်ငွေရင်းနှင့် အမြတ်ဝေစုဆိုင်ရာ အခွင့်အရေးများနှင့်

(၁၇) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ အစည်းအဝေးများသို့တက်ရောက်ခွင့်၊ ဆွေးနွေးပြောဆိုခွင့် သို့မဟုတ် မဲပေးခွင့်များနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ၊ အစုရှယ်ယာလွှဲပြောင်းခွင့်နှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ သို့မဟုတ် ဒါရိုက်တာများ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များအပေါ် ကန့်သတ်ချက်များရှိခဲ့လျှင် ထိုကန့်သတ်ချက်များ၏ အခြေအနေနှင့် အတိုင်းအတာ ပမာဏ။

( ခ ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ထုတ်ဝေခြင်းမပြုမီကပင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီက ထုတ်ဝေသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ဖြစ်ခဲ့လျှင် ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း(Prospectus)၌ ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအပြင် အောက်ပါအစီရင်ခံစာများကိုလည်း ထည့်သွင်းဖော်ပြရမည် -

(၁) လက်အောက်ခံကုမ္ပဏီများရှိခဲ့လျှင် ယင်းကုမ္ပဏီများ အပါအဝင် ကုမ္ပဏီ၏အကျိုးအမြတ်နှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့်နေ့မှ လွန်ခဲ့သော ဘဏ္ဍာရေးနှစ် သုံးနှစ်အတွက် နှစ်အလိုက်ကုမ္ပဏီ၏ စာရင်းစစ်များက တင်ပြသည့် အစီရင်ခံစာ၊ ယင်းအစီရင်ခံစာတွင် အဆိုပါ သုံးနှစ်ကာလ၏ နှစ်စဉ်ကာလတွင် ကုမ္ပဏီ၏ အစုရှယ်ယာအမျိုးအစား တစ်ရပ်ချင်းအတွက် ကုမ္ပဏီက ပေးချေခဲ့သည့် အမြတ်ဝေစုနှုန်းထားများရှိခဲ့လျှင် ယင်းတို့ကို ဖော်ပြရမည့်အပြင် အမြတ်ဝေစုများ ခွဲဝေပေးခဲ့သည့် အစုရှယ်ယာ အမျိုးအစားတစ်ရပ်ချင်း၏ အကြောင်းအရာများ၊ အမြတ်ဝေစုခွဲဝေပေးခဲ့သည့် ငွေကြေးအရင်းအမြစ်များ၊ အဆိုပါနှစ်များတွင် အစုရှယ်ယာ အမျိုးအစားတစ်ရပ်ရပ်အပေါ် အမြတ်ဝေစုခွဲဝေပေးခြင်းမပြုခဲ့လျှင် ထိုကိစ္စရပ်များနှင့် သက်ဆိုင်သော အချက်အလက်၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ထုတ်ဝေခြင်းမပြုမီ သုံးလအလိုတွင် ကုန်ဆုံးသော သုံးနှစ်ကာလ သက်တမ်းတစ်ရပ်အတွင်း ဘဏ္ဍာရေးစာရင်းပြု လုပ်ဆောင်ရွက်ထားခြင်းမရှိပါက အဆိုပါ အချက်အလက် အကြောင်းအရာများနှင့်

(၂) စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဝယ်ယူဆောင်ရွက်ရာတွင် အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းမှ ရရှိသည့် အကျိုးအမြတ် သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အသုံးပြုခဲ့လျှင် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် အမည်စာရင်း ဖော်ပြပါရှိပြီး ပုဒ်မ ၂၇၉ တွင် သတ်မှတ်ထားသော အထောက်အထားလက်မှတ်ကို ရရှိထားသည့် စာရင်းကိုင်တစ်ဦးဦး သို့မဟုတ် စာရင်းကိုင်များက ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးသည့်နေ့မတိုင်မီ ဘဏ္ဍာရေးနှစ် သုံးနှစ်အတွင်း နှစ်အလိုက် အဆိုပါစီးပွားရေးလုပ်ငန်းမှ ရရှိသည့် အကျိုးအမြတ်များအပေါ် စစ်ဆေးပြုစုထားသည့် အစီရင်ခံစာ၊ သို့ရာတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုမှာ သုံးနှစ်အောက်နည်းသည့် ကာလအတွက်သာရှိသည့် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ စာရင်းကိုင်များသည် နှစ်နှစ် သို့မဟုတ် ထိုထက်လျော့နည်းသော ကာလအတွက်သာလျှင် အစီရင်ခံစာ ပြုစုရသည့်အခါ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည် နှစ်နှစ် သို့မဟုတ် ထိုထက်လျော့နည်းသော ကာလအတွက် ဖော်ပြထားသော ရည်ညွှန်းချက်များကို သုံးနှစ်ကာလအတွက် ဖော်ပြထားသော ရည်ညွှန်းချက်များအတွက် အစားထိုးဆောင်ရွက်သကဲ့သို့ အကျိုးသက်ရောက်စေရမည်။

( ဂ ) သက်ဆိုင်ရာဥပဒေအရ ကုမ္ပဏီတစ်ခု၏ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ရပ်၏အကျိုးအမြတ်များနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၈) တွင် ပါရှိသည့် ဖော်ပြချက်များနှင့် ပုဒ်မခွဲ(ခ) တွင်ပါရှိသည့် အစီရင်ခံစာများတွင် ကုန်သွယ်လုပ်ကိုင်မှု ရလဒ်များ၊ ထိုသို့ ဆောင်ရွက်ရာတွင် ကုန်ကျသော အခကြေးငွေများနှင့် စရိတ်များအားလုံးတို့ကို ရှင်းလင်းစွာ ဖော်ပြပါရှိစေရမည်ဖြစ်ပြီး သက်ဆိုင်ရာကာလအတွင်း ကုန်သွယ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းခြင်း မရှိသည့် ဝင်ငွေ သို့မဟုတ် အကျိုးအမြတ်များ၊ တစ်ကြိမ်သာရရှိသည့် အကျိုးအမြတ် သို့မဟုတ် ဝင်ငွေအမျိုးအစားများကို ဖော်ပြရန်မလို။ သို့ရာတွင် အခွန်ပေးဆောင်ခြင်း သို့မဟုတ် သီးသန့်ရန်ပုံငွေထားရှိခြင်း ကိစ္စရပ်များအတွက် အကျိုးအမြတ်များမှ သင့်လျော်သည့် ငွေပမာဏကို ထည့်သွင်းဖော်ပြရမည်။

(ဃ) ပုဒ်မ ၂၁၅၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအတွက် လိုအပ်သော ငွေပမာဏ၏ တစ်စိတ်တစ်ဒေသကို အစုရှယ်ယာမတည်ငွေရင်းမှအပ အခြားငွေကြေးအရင်းအမြစ်တစ်ရပ်မှ ပေးအပ်ရလျှင် ထိုသို့ပေးအပ်ရသည့် ငွေပမာဏနှင့် ငွေကြေးအရင်းအမြစ်တို့နှင့် စပ်လျဉ်းသည့် ဖော်ပြချက်များ ပါရှိရမည်၊

( င ) ဤပုဒ်မတွင် ဖော်ပြပါရှိသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို သတင်းစာတွင် ထည့်သွင်းကြေညာခဲ့လျှင် ထိုကြေညာချက်၌ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ အကြောင်းအရာများ၊ မူလအစုရှယ်ယာရှင်များ၊ ၎င်းတို့ထည့်ဝင်ထားသည့် အစုရှယ်ယာအရေအတွက်များကို ထည့်သွင်းဖော်ပြရန်လိုအပ်ခြင်း မရှိစေရ။

( စ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင် လက်ရှိပါဝင်နေသူများ သို့မဟုတ် ကုမ္ပဏီ၏ ဒီဘင်ချာများကို ပိုင်ဆိုင်ထားသူများသို့ အခြားသူတစ်ဦးဦး၏ အကျိုးငှာ စွန့်လွှတ်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်ရန် ဖိတ်ခေါ်သည့် ဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ဆ) ဤပုဒ်မတွင် ဖော်ပြပါရှိသည့် ကနဦးကုန်ကျစရိတ်ပမာဏ သို့မဟုတ် ခန့်မှန်းကုန်ကျစရိတ်ပမာဏနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခွင့်ရှိသည့် နေ့ရက်မှ တစ်နှစ်ထက် ပိုမိုသောကာလတွင် ထုတ်ဝေသောကုမ္ပဏီ၏ အလားအလာညွှန်းတမ်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် ယင်း ပြဋ္ဌာန်းချက်များသည် ကနဦးကုန်ကျစရိတ်မာဏ သို့မဟုတ် ခန့်မှန်းကုန်ကျစရိတ် ပမာဏနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များမှအပ အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီမှ ပြောင်းလဲလာသော ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) နှင့် သက်ဆိုင်စေရမည်။

( ဇ ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ယေဘုယျ ဥပဒေ သို့မဟုတ် ဤပုဒ်မမှအပ ဤဥပဒေပါ အခြားပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်ပေးရမည့် တာဝန်ရှိမှုတစ်ရပ်ရပ်ကို ကန့်သတ်ခြင်း သို့မဟုတ် လျော့နည်းစေခြင်း မရှိစေရ။

**ငှားရမ်းခြင်းဖြင့် ရယူသည့်ပစ္စည်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် ပုဒ်မ ၂၀၅ အား လိုက်နာ ဆောင်ရွက်ရခြင်း**

၂၀၆။ ကုမ္ပဏီက ရယူမည့် ပစ္စည်းတစ်စုံတစ်ရာကို ငှားရမ်းခြင်းဖြင့်ရရှိရန် ဆောင်ရွက်မည်ဆိုလျှင် ပုဒ်မ ၂၀၅ ၏ ပြဋ္ဌာန်းချက်များပါ "ရောင်းချသူ" ဟူသည့်စကားရပ်တွင် အငှားချထားသူ (lessor) လည်းပါဝင်သည်၊ "ပေးချေရမည့်ငွေ"(purchase-money) ဟူသည့် စကားရပ်တွင် ငှားရမ်းခြင်းအတွက် အဖိုးစားနား (consideration) လည်း ပါဝင်သည်၊ "တစ်ဆင့်ဝယ်ယူသူ" ဟူသည့်စကားရပ်တွင် တစ်ဆင့် အငှားချထားခြင်းခံရသူ (sub-lessee) လည်း ပါဝင်သည်။

**စွန့်လွှတ်မှု သို့မဟုတ် အကြောင်းကြားမှုများနှင့် စပ်လျဉ်းသည့် အချို့သော စည်းကမ်းချက်များမှာ တရားဝင်အတည် မဖြစ်ခြင်း**

၂၀၇။ (က) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအတွက် လျှောက်ထားသူ တစ်ဦးဦးအား ပုဒ်မ ၂၀၅ တွင် ပါရှိသည့် သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်း မပြုစေရန် အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက် တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်၊ စာရွက်စာတမ်း သို့မဟုတ် အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည်ဟု အကြောင်းကြား၍ ၎င်းအပေါ် တွင် သက်ရောက်စေရန်အတွက် ရည်ရွယ်သည့် စည်းကမ်းချက်တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

( ခ ) ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအတွက် လျှောက်လွှာပုံစံ တစ်ရပ်ကို ထုတ်ဝေရာတွင် အဆိုပါပုံစံသည် ပုဒ်မ ၂၀၅ တွင် ဖော်ပြပါ ရှိသည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားသော ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) နှင့်အတူ ထုတ်ဝေထားခြင်းမရှိလျှင် ထိုလျှောက်လွှာပုံစံ ထုတ်ဝေမှုမှာ တရားဝင်ခြင်း မရှိစေရ။ သို့ရာတွင် လျှောက်လွှာပုံစံသည် အောက်ပါအခြေအနေများအရ ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရလျှင် ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ-

*(ဆက်လက်ဖော်ပြပါမည်)*

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၁၀၁)

# အိန္ဒိယမြန်မာ အနုပညာ

ဦးဟန်ညွန့် (ဥပဒေ)



**အိန္ဒိယအကြောင်း**

အိန္ဒိယမြန်မာ သတင်းမီဒီယာ၊ အိန္ဒိယမြန်မာချစ်ကြည်စွာ၊ အိန္ဒိယအတွေ့အကြုံများ၊ သိကောင်းစရာများကို ဤသတင်းစာမှာ ကျွန်တော်အခန်းဆက်ရေးနေခဲ့ပါသည်။ ထိုစဉ်...။

**တိုက်တိုက်ဆိုင်ဆိုင်**

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ Skynet T.V လိုင်းက Asian Movies များတွင် ထင်ရှားသောရုပ်ရှင်များ ပြသနေချိန်။ ဇာတ်ကားအားလုံးထဲမှာ ကျွန်တော်အကြိုက်ဆုံး GANDHI ဇာတ်ကားပြနေပါပြီ။ ဘယ်နှကြိမ်၊ ဘယ်နှခါ ထပ်ကြည့်ကြည့်၊ မရိုးနိုင်။ ထပ်တလဲလဲ ကြည့်ချင်သည်။ အိန္ဒိယအကြောင်း ဆောင်းပါးတွေ ကျွန်တော်ရေးနေချိန်နှင့် ကျွန်တော် အလွန်ကြည်ညို လေးစားသော အိန္ဒိယခေါင်းဆောင်ကြီး ဂန္ဒီရုပ်ရှင်ဇာတ်ကား ထပ်မနားပြသချိန်။ ကျွန်တော်တို့မိသားစု ငြိမ်သက်စွာ၊ လေးစားစွာ၊ ကရုဏာသက်စွာ၊ ကြည်ညိုစွာဖြင့် ဂန္ဒီဇာတ်ကားကို အားပါးတရ ကြည့်နေချိန်။

**ရှေ့နေဂန္ဒီ**

ရှေ့နေတစ်ဦးဖြစ်သူ ကျွန်တော့်အတွက်လေးနက်သော ရှေ့နေကြီး ဂန္ဒီ၏ဘဝကို အလွန်အားကျခဲ့သည်။ လေးစားခဲ့သည်။ ကြည်ညိုခဲ့သည်။ စံပြုခဲ့သည်။ မြန်မာလူငယ်ရှေ့နေများကိုလည်း ဂန္ဒီကြီးအကြောင်း လက်ဆင့်ကမ်းသည်။ ကြည့်လေ။

**မျက်ရည်ဝေ့ ဆွေ့ဆွေ့ခုန်**

ရုပ်ရှင်ထဲမှာ...။

၁၈၉၃ခုနှစ်၊ တောင်အာဖရိကမှာပါ။

မီးရထားစီးလာသော ရှေ့နေဂန္ဒီပါ။ တာဝန်ရှိစစ်ဆေးသူများက ဂန္ဒီကြီးကို လက်မှတ်စစ်သည်။ တရားဝင်မီးရထားလက်မှတ် ချက်ချင်းထုတ်ပြသော ဂန္ဒီ။ ဥပဒေနားလည် ရှိသေသော ဂန္ဒီ။ အပြစ်မရှိသော ဂန္ဒီ။

သို့သော်ငြား...။

တောင်အာဖရိကမှာ ဘာအိန္ဒိယရှေ့နေမှ မရှိစေရဘူး။ ဒီလက်မှတ်နဲ့ အထက်တန်းတွဲမှာ ဂန္ဒီမစီးရဘူး။ စီးခွင့်မပေးဘူး။ ကိုယ်နဲ့ထိုက်တန်တဲ့ တွဲကိုပြောင်းစီး။ တတိယတန်းတွဲကိုသွား။ မသွားဘူးလား။ မောင်းထုတ်၊ ကန်ချဟုဆိုကာ မီးရထားတွဲပေါ်က ဂန္ဒီကိုမောင်းချလိုက်သည်။


ရှေ့နေဂန္ဒီခမျာ မီးရထားပလက်ဖောင်းပေါ်သို့ လွှားခနဲလိမ့်ကျခဲ့ရရှာသည်။ ပိုးလိုးပက်လက်။ မြင်ရက်စရာမရှိ...။

[ဤမြင်ကွင်းနောက်ကွယ်ကို ကျွန်တော်ကြည့်ပြီး ရှေ့နေဂန္ဒီကြီးအတွက် ကျွန်တော်မျက်ရည်ဝေ့သည်] လူမျိုးရေးခွဲခြားမှုအတွက် ဆွေ့ဆွေ့ခုန်သည်။ ရှေ့နေလောကအတွက် ရင်ထုမနာဖြစ်သည်။ လူတန်းစားအတွက် ရှန်းထွက်ဖွယ်ရာ စိတ်ကူးကမ္ဘာ။ မျက်ရည်ဝေ့၊ ဆွေ့ဆွေ့ခုန်သော GANDHI ဇာတ်ကားမှာ ဤသို့စွဲမက်ဖွယ်များကြောင့် ကမ္ဘာကျော်ခြင်း ဖြစ်ပေမည်။ ရုပ်ရှင်အနုပညာ စာပေ၊ ဂီတ၊ ဥပဒေအမွေပေးကြပေသည်။

**ရှေ့နေပီသသော ဂန္ဒီ**

ဂန္ဒီ၏ဘဝကို ရေးသားထားသော စာအုပ်များ (အင်္ဂလိပ်+မြန်မာ) စသည်ဖြင့် ဖတ်ရှုရသည်။ သူများရှေ့နေကဲ့သို့မဟုတ်။ ထူးခြားနေသည်။ အမှားနှင့်အမှန်ကို ဂန္ဒီကြီးဝေဖန်သည်။ အမှားကို အားမပေး။ အမှန်ကို အားပေးသည်။ ဂန္ဒီကြီး၏ ဥပဒေကျင့်စဉ်၊ ရှေ့နေလုပ်ရပ်။ အဆုံးအဖြတ်ပေးပုံမှာ လေးစားဖွယ်ရာ။

ဂန္ဒီကြီး၏ ကျောင်းသားဘဝကပင် **"ရှေ့နေအလုပ်သည် လူလိမ်တို့၏အလုပ်"** ဖြစ်သည်ဟု ကြားဖူးခဲ့သည်။ အဆင့်အတန်းကိုလိမ်၊ ပိုက်ဆံငွေကြေးကို လိမ် ဤသို့လိမ်ပြီး ပစ္စည်းဥစ္စာရှာကြံဖို့ ရည်ရွယ်ချက် မရှိပါဟု ဂန္ဒီကြီးက ပြောခဲ့သည်။



ဂျိုဟန်နက်စ်ဘာ့ဂ်မြို့မှ ဂန္ဒီ၏ ရှေ့နေရုံးခန်း(၁၉၀၅)

**သက်သေကို အလိမ်ခိုင်း**

ရှေ့နေများက သက်သေကို အလိမ်ခိုင်းတတ်ကြသည်။ ကိုယ့်အမှုနိုင်ရင် ပြီးရော။ မမှန်သည်ကို အမှန်၊ အမှန်ကို မမှန်ဟု ပြောင်းပြန်ဖန်တီးတတ်ကြသည်။

ဂန္ဒီကြီးကတော့ အမှုနိုင်မှန်းသိသော်လည်း လိမ်ခြင်းကို အားမပေး။ ဆွဲဆောင်မှုကို ခုခံသည်။ ငြင်းဆန်သည်။

ရှေ့နေခတောင်းသည့်အခါ နိုင်လျှင် ပို၍တောင်း။ ရှုံးလျှင် လျှော့ယူ။ ဤမူကို လက်မခံ။ ပြောပြီးသား၊ ကတိပေးပြီးသားအတိုင်း ရှေ့နေခယူသည်ဟု ထင်ရှားခဲ့သည်။

အစပိုင်းတွင် **ဘယ်လိုရှေ့နေမျိုးလဲ**ဟု အများကထင်ကြသည်။ နောက်ပိုင်းတွင် ထင်ရှားသော ရှေ့နေအဖြစ်၊ အကျင့်စာရိတ္တ သန့်စင်သောရှေ့နေအဖြစ်၊ တရားသူကြီးများကပင် လေးစားရသော ရှေ့နေအဖြစ်၊ ဂုဏ်သိက္ခာမြင့်မားသောရှေ့နေအဖြစ် ကျော်ကြား ခဲ့ပေသည်။

**မဟတ္တမဂန္ဒီ၏ အဆိုအမိန့်များ ဖတ်ရုံ၊ မှတ်ရုံ ၊ကျက်ရုံမျှနှင့်**

ဖတ်ရုံ၊ မှတ်ရုံ၊ ကျက်ရုံမျှနှင့် လူမဖြစ်နိုင်။ အသိနှင့် အတတ်ပညာသည် လက်တွေ့ဘဝ၏ အဆင်တန်ဆာမျှသာ ဖြစ်သည်။ သိချင်တိုင်းသိ၊ တတ်ချင်တိုင်း တတ်နေပြီး လူအချင်းချင်း လူလို မဆက်ဆံတတ်ပါက မည်သည့်အကျိုးမျှ ဖြစ်ထွန်းစေမည်မဟုတ်။

**အရှုံးတစ်ယောက်ရဲ့ကျည်ဆန်**

အရှုံးတစ်ယောက်ရဲ့ကျည်ဆန်နဲ့ ကျွန်ုပ်သေရမယ်ဆိုရင် ပြုံးပြုံးကြီးအသေခံလိုက်ပါမည်။ ကျွန်ုပ်စိတ်မဆိုးပါ။ ကျွန်ုပ်၏နှလုံးသားထဲမှာ ကျွန်ုပ်၏ နှုတ်ခမ်းတွေထက်မှာ ဘုရားသခင်ရှိနေမှာပါ။ တစ်ခုတော့ ကတိပေးပါ။ အဲသလိုများဖြစ်လာခဲ့ရင် ခင်ဗျားမျက်ရည်မကျဘူးဆိုတာတော့ ကတိပေးပါဟု အဆိုအမိန့်များ ထင်ရှားခဲ့သည်။

[M.K. GANDHI; AN AUTO BIOGRAPHY OR THE STORY OF MY EXPERIMENTS WITH TRUTH]

**(ဒေါက်တာဦးသန်းထွန်း(ရွှေဘို)၊ မဟတ္တမဂန္ဒီကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ် ၂၀၁၄ မှ ကောက်နုတ်ချက်)**

**မွေးဖွား၊ ကွယ်လွန်**

မဟတ္တမဂန္ဒီအား ၁၈၆၉ အောက်တိုဘာ ၂ ရက်နေ့တွင် မွေးဖွားသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၀၇ ခုနှစ်မှစ၍ ဂန္ဒီ၏ မွေးနေ့ဖြစ်သော အောက်တိုဘာလ ၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်ရေးနေ့ (International Day of Non-Violence)အဖြစ် သတ်မှတ်ခဲ့သည်။

၁၉၄၈ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ညနေခင်းဆုတောင်းပွဲအပြီး လမ်းလျှောက်လာစဉ် အစွန်းရောက် တစ်ဦး၏ သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး ကွယ်လွန်ခဲ့သည်။

**ရုပ်ရှင်အနုပညာ**

ရုပ်ရှင်၊ စာပေ၊ ဂီတ၊ အနုပညာ၏ စွမ်းအားကြီးမားပါပေသည်။

(၁) လန်ဒန်သို့ သွားပြီး ဥပဒေပညာသင်ခဲ့သူ
(၂) တောင်အာဖရိကသို့သွားပြီး အိန္ဒိယနိုင်ငံသားများအတွက် ဆောင်ရွက်ကြိုးပမ်းခဲ့သူ
(၃) အကြမ်းမဖက်သူ
(၄) အိန္ဒိယနိုင်ငံလွတ်လပ်ရေးအတွက် ထူးခြားစွာ တိုက်ပွဲဝင်ခဲ့သူ
(၅) ရှေ့နေလောကအတွက် စံပြနမူနာကျင့်သုံးပြသူ မဟတ္တမဂန္ဒီကြီး ဖြစ်ပါပေသည်။

**အလွမ်းပြေ**

အိန္ဒိယသို့ သတင်းခရီးရောက်ခဲ့သော်လည်း (ခရီးရက်ပမာဏတိုတောင်းလှသောကြောင့်) ဂန္ဒီကြီး၏နေအိမ်ကိုပင် လေ့လာဂရုပြုမှတ်စုမပြုခဲ့ရသည်ကို အလွမ်းပြေစာပေ၊ ရုပ်ရှင်များကတစ်ဆင့် အားကျ၊ ဂုဏ်ယူ၊ ကြည်ညိုလေးစား၊ ဂါရဝတရားဆင့်ပွား ခွင့်ပြုစေချင်ပါသည်။

**စေတနာ**

အိန္ဒိယမြန်မာအနုပညာဂုဏ်ရည်များမှတစ်ဆင့် ဥပဒေအရေး၊ ဥပဒေအတွေးများ၊ ရှေ့နေပညာများ ဝေငှအမွေပေးခဲ့သော သက်ဆိုင်သူအပေါင်းအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း တွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

> **"ဖတ်ရုံ၊ မှတ်ရုံ၊ ကျက်ရုံမျှနှင့် လူမဖြစ်နိုင်၊ အသိနှင့် အတတ်ပညာသည် လက်တွေ့ဘဝ၏ အဆင်တန်ဆာမျှသာ ဖြစ်သည်။ သိချင်တိုင်းသိ၊ တတ်ချင်တိုင်းတတ်နေပြီး လူအချင်းချင်း လူလို မဆက်ဆံတတ်ပါက မည်သည့်အကျိုးမျှ ဖြစ်ထွန်းစေမည်မဟုတ်"**

## ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို နှစ်စဉ်ထောက်ပံ့လှူဒါန်းလျက်ရှိသည့် ဂျပန်အလှူရှင်၏ မြတ်ဒါန

**မိတ္ထီလာ ဒီဇင်ဘာ ၂၈**

လွန်ခဲ့သော ၁၆ နှစ်ခန့်က မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့သည်။ ဂျပန်နိုင်ငံ Iizuka မြို့မှ အသက် ၈၅ နှစ်ရှိ Mr. Takaoyamrmoto ပင်စင်စားသည့် ပညာရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတတ်နိုင်သမျှ ကူညီလှူဒါန်းသွားရန် ဆုံးဖြတ်ခဲ့ပြီး မြန်မာနိုင်ငံမှ မိတ်ဆွေကောင်းများ၏ အကူအညီဖြင့် ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ၂၀၀၂ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း လှူဒါန်းခဲ့ရာ ယခု ၂၀၁၇ ခုနှစ်အထိ ဖြစ်သည်။

Mr.Takaoyamrmoto သည် ၂၀၀၂ ခုနှစ်က သန်လျင်ရှိ ဘုန်းတော်ကြီးကျောင်းနှင့် ပခုက္ကူမြို့ရှိ ဘုန်းတော်ကြီးကျောင်းတို့အတွက် ငွေကျပ်သိန်း ၁၀၀ ကျော်၊ ၂၀၀၅ ခုနှစ်တွင် အောင်ဆန်းမြို့သစ်ရှိ ပရဟိတ မျက်မမြင်ကျောင်းကို ကျပ်သိန်း ၁၂၀ ကျော်အကုန်အကျခံ၍ ကျောင်းဆောင်တစ်ဆောင်နှင့် ထပ်တိုးကျောင်းဆောင် တစ်ဆောင်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ညောင်ကိုင်း ပရဟိတကျောင်းအတွက် ဆန်၊ ဆီနှင့် အဝတ်အထည် သိန်း ၂၀ ကျော်ဖိုး၊ ၂၀၀၇ ခုနှစ်တွင် မိတ္ထီလာစက်မှုဇုန်မူလတန်းကျောင်းဆောက်လုပ်ရန် ငွေကျပ်သိန်း ၁၂၀၊ ၂၀၀၈ ခုနှစ် မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာအုပ်စု ရုံးတောကြီးမူလတန်းကျောင်းဆောင်နှင့် ရေအိုးစင်၊ ရေလောင်းအိမ်သာတည်ဆောက်ရန် ငွေကျပ်သိန်း ၄၀၊ ၂၀၀၉ ခုနှစ် မိတ္ထီလာမြို့နယ် မွေကျေးရွာအုပ်စု ဉယျာဉ်ကျေးရွာ မူလတန်းကျောင်းဆောင်အတွက် ငွေကျပ် ၃၅ သိန်း၊ ၂၀၁၀ ပြည့်နှစ်မိတ္ထီလာမြို့နယ် ဉယျာဉ်ကုန်းကျေးရွာ မူလတန်းကျောင်းအတွက် ငွေကျပ် ၃၅ သိန်း အကုန်အကျခံခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၂၀၁၁ ခုနှစ်က မိတ္ထီလာမြို့နယ် တောမကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် သီလရှင်ကျောင်း တစ်ကျောင်းတို့အတွက် ငွေကျပ်သိန်း ၂၀ ၊ ၂၀၁၂ ခုနှစ် မိတ္ထီလာမြို့ အင်ပင်ဝကျေးရွာရှိ အမှတ် (၁၃၁) မူလတန်းကျောင်းဆောင်တစ်ဆောင်နှင့် တိုးချဲ့ကျောင်းဆောင်တစ်ဆောင်အတွက် ငွေကျပ်သိန်း ၇၀ အပြင် အင်ပင်ဝကျောင်းရှိ မြတ်ပညာစာကြည့်တိုက်အတွက် စားပွဲ၊ ကုလားထိုင်၊ စာအုပ်ဗီရိုနှင့် စာအုပ်များကိုလည်း လှူဒါန်းခဲ့သည်။

အလှူရှင်သည် ၂၀၁၄ ခုနှစ်ကလည်း ဘုန်းတော်ကြီးကျောင်း၊ မျက်မမြင်ကျောင်း၊ မိဘမဲ့ကျောင်းများကို အဝတ်အထည်၊ စားစရာများနှင့် မိတ္ထီလာမီးသတ်ဌာနအတွက် ငွေကျပ်သိန်း ၄၀၀ ကျော်တန် မီးသတ်ကားတစ်စီး လှူဒါန်းခဲ့ရာ မြန်မာနိုင်ငံအတွက် သိန်းပေါင်း ၁၀၀၀ ကျော်လှူခဲ့ပြီးဖြစ်သည်။

ဤကဲ့သို့ ဂျပန်အလှူရှင် Mr. Takaoyamrmoto သည် နှစ်စဉ်မြန်မာနိုင်ငံကို ချစ်မြတ်နိုး၍ လှူဒါန်းခဲ့ရာ ယခု ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကလည်း မြန်မာနိုင်ငံသို့ ခေတ္တအလည်အပတ်လာစဉ် မိတ္ထီလာမြို့ ညောင်ကိုင်းမိဘမဲ့ပရဟိတဂေဟာ ရုံးတောကြီး မူလတန်းကျောင်းအတွက် ကျောင်းသုံးပစ္စည်း များ လှူဒါန်းပြီး ဉယျာဉ်ကုန်း၊ အမက/ ကျောင်းသား ကျောင်းသူများအား စာအုပ်များလှူဒါန်းခဲ့ပြီး ရေတွင်းတူးရန်အတွက် အလှူငွေများ ပေးအပ်ခဲ့သည်။

ဂျပန်အလှူရှင် Mr. Takaoyam-rmoto သည် ဒီဇင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအား အလှူငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းရာ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ တာဝန်ခံ ဒေါ်နန္ဒာစုလှိုင်က လက်ခံပြီး ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



**တင်လှိုင်(မိတ္ထီလာ)**



# နှစ်သစ်တွင်ပြန်လည်ဦးမော့လာနိုင်တဲ့ ရီးရဲမက်ဒရစ်ရဲ့ အကြောင်းတရားများ

● အောင်က



၂၀၁၆-၁၇ ရာသီအကုန်မှာတော့ ရီးရဲမက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ဆုဖလားကို (၁၂)ကြိမ်မြောက်သိမ်းပိုက်ပြီး ဥရောပရဲ့အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့တယ်။ စပိန်လာလီဂါ ဆုဖလားကိုလည်း (၃၃)ကြိမ်မြောက်ရယူနိုင်ခဲ့တယ်။ ဒါကြောင့် ၂၀၁၆-၁၇ ရာသီကတော့ ရီးရဲမက်ဒရစ်အသင်းရဲ့ အကောင်းဆုံးနှစ်တစ်နှစ်လို့ ပြောရမယ်။ ဒါပေမယ့်ဒီနှစ်ရာသီမှာတော့ ရီးရဲမက်ဒရစ်အသင်းရဲ့ ခြေစွမ်းတွေက အကောင်းဆုံး ရှိမနေခဲ့ဘူး။ အသင်းရဲ့ ကစားသမားကောင်းတွေထွက်ခွာသွားတာရှိသလို လက်ရှိအသင်းရဲ့ အခြေအနေပေါ်ကိုလည်း ဝေဖန်မှုတွေရှိနေခဲ့ကြတယ်။ လက်ရှိအချိန်မှာ အသင်းဟာ အမှတ်ပေးဇယားရဲ့ အဆင့် ၄ နေရာမှာရှိနေပြီး ထိပ်ဆုံးမှာရှိနေတဲ့ ဘာစီလိုနာအသင်းနဲ့ ၁၄ မှတ်ကွာခြားနေတယ်။ ဒ့ါအပြင် အယ်လ်ကလက်စီကိုမှာလည်း သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့သလို ချန်ပီယံလိဂ်မှာလည်း အုပ်စု ဒုတိယနေရာကနေ ရှုံးထွက်အဆင့်ကိုတက်ခဲ့ရတယ်။ အခုတော့ ရီးရဲမက်ဒရစ်အသင်းဟာ ဆောင်းရာသီအားလပ်ရက်ကို အနားယူပြီး အသင်းတွက်ပြင်ဆင်မှုတွေပြုလုပ်နေတယ်။ လက်ရှိအခြေအတွေအပေါ်ကြည့်တဲ့အခါ ရီးရဲမက်ဒရစ်အသင်းဟာ နှစ်သစ်နဲ့အတူ ပြန်လည်ဦးမော့လာနိုင်မယ်လို့လည်း သုံးသပ်ရမှာဖြစ်သလို ဖြစ်လာနိုင်တဲ့အကြောင်းတရားတွေကလည်း အခိုင်အမာရှိတယ်လို့ပြောရမယ်။

**ရော်နယ်ဒို**

ရီးရဲမက်ဒရစ်အသင်းဟာ ရော်နယ်ဒိုနဲ့အတူ အကောင်းအဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့တယ်ဆိုတာဟာ ပြောစရာမလိုဘူးလို့တော့ ထင်ပါတယ်။ ရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်အသင်းမှာ ၂၀၀၉ ခုနှစ်က စတင်ကစားခဲ့တာဖြစ်ပြီး သူဟာအသင်းနဲ့အတူ ဂိုးပေါင်း ၄၀၀ ကျော် သွင်းယူပေးထားခဲ့သူလည်း ဖြစ်ပါတယ်။ ၂၀၁၆-၁၇ ရာသီအစတုန်းကဆိုရင်လည်း ရော်နယ်ဒိုရဲ့ခြေစွမ်းဟာ ညံ့ဖျင်းခဲ့ပြီး ဂိုးပေါက်တွေလည်း ပျောက်ဆုံးနေခဲ့ပါတယ်။ ဒါပေမယ့် ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကိုအသင်းတို့နဲ့ကစားခဲ့ရတဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ ဟက်ထရစ် ဂိုးတွေ သွင်းယူပေးပြီး ဂိုးသွင်း ခြေတွေပြန်လည်ရရှိခဲ့ပါတယ်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာဆိုရင်လည်း စံချိန်တင်ဟက်ထရစ်ဂိုးသွင်းယူပေးပြီး အသင်းကိုချန်ပီယံ ဖြစ်စေခဲ့တာလည်း ဖြစ်ပါတယ်။ ၂၀၁၆-၁၇ ရာသီမှာ ရော်နယ်ဒိုဟာပြိုင်ပွဲစုံမှာ ၄၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရော်နယ်ဒိုသာ သူ့ရဲ့ခြေစွမ်းတွေ ပြန်လည်ရရှိခဲ့မယ်ဆိုရင် ရီးရဲမက်ဒရစ်အသင်းအတွက် ဆုဖလားဆိုတာ မဝေးဘူးလို့ ပြောရမှာပါ။

**အတွေ့အကြုံ**

အတွေ့အကြုံ ဆိုတာက အသင်းတိုင်းအတွက်တော့ ဆုဖလားရယူတဲ့ နေရာမှာ အဓိက အရေးပါတဲ့အချက်အဖြစ် ရှိနေပါတယ်။ ကမ္ဘာ့ဘောလုံးလောကကို ကြည့်မယ်ဆိုရင်လည်း လူငယ်ကစားသမားတွေနဲ့ဖွဲ့စည်းပြီး အောင်မြင်တဲ့အသင်းဆိုတာဟာ ရှားတယ်လို့ ပြောရမှာပါ။ လူငယ်ကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့အသင်းတွေဟာ အတွေ့အကြုံကောင်းတွေ ကင်းမဲ့တာကြောင့် ဆုဖလားမရရှိတာလည်း ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်မှာကတော့ အဲဒီအရာကို ပေါများစွာ ပိုင်ဆိုင်ထားတဲ့အသင်း ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းရဲ့ ၂၀၁၄ ခုနှစ်က ချန်ပီယံလိဂ်ဆုဖလား ရယူထားနိုင်ခဲ့တဲ့ ကစားသမားတွေ ထဲက အဓိက ကစားသမား ၁၂ ယောက်ဟာ လက်ရှိ ၂၀၁၇ ခုနှစ်မှာ အသင်းမှာရှိနေဆဲဖြစ်တယ်။ သူတို့တွေဟာ အဲဒီကြားကာလမှာ ရီးရဲမက်ဒရစ် အသင်းအတွက် ဆုဖလားပေါင်းမြောက်မြားစွာကိုလည်း ရယူပေးနိုင်ခဲ့ကြတယ်။ ဒါကြောင့် အတွေ့အကြုံကောင်းတွေပိုင်ဆိုင်ထားတဲ့ ကစားသမားတွေရှိနေတဲ့ ရီးရဲမက်ဒရစ်အသင်းအတွက် အောင်မြင်မှုဟာလက်တစ်ကမ်းမှာလို့ပြောရမယ်။

**ဆောင်းရာသီအားလပ်ရက်**

ဆောင်းရာသီ အားလပ်ရက်ဟာ အသင်းတိုင်းအတွက်တော့ အရေးပါတယ်။ အထူးသဖြင့် ရီးရဲမက်ဒရစ်လို အသင်းမျိုးအတွက်က ပိုအရေးကြီးတယ်။ ရီးရဲမက်ဒရစ်အသင်းဟာပြိုင်ပွဲစုံ တစ်ရာသီမှာ ပွဲ ၆၀ လောက် ကစားထားရတာကြောင့် ကစားသမားတွေရဲ့ကြံ့ခိုင်မှုဟာ ဆောင်းရာသီ အားလပ်ရက်နဲ့ တိုက်ရိုက်အချိုးကျတယ်လို့တောင် ပြောရမယ်။ ၁၉၉၂ ခုနှစ်နောက်ပိုင်း ချန်ပီယံလိဂ်သမိုင်းကို ကြည့်မယ်ဆိုရင်လည်း ပရီမီယာလိဂ်အသင်းတွေ ချန်ပီယံဖြစ်တာဟာ လေးကြိမ်ပဲ ရှိပါတယ်။ ဒါဟာဆောင်းရာသီအားလပ်ရက် မရှိခြင်းရဲ့ ဆိုးကျိုးလို့လည်း ပညာရှင်တွေကတော့ ဆိုကြပါတယ်။ လက်ရှိအချိန်မှာ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ရလဒ်တွေ ဆိုးနေခဲ့ပေမယ့် ဆောင်းရာသီအားလပ်ရက်နဲ့အတူအသင်းဟာ အကောင်းဆုံးအခြေအနေကို ပြန်လည်ရောက်ရှိလာဖို့အတွက် မျှော်မှန်းနိုင်တဲ့အခြေအနေမှာလည်းရှိပါတယ်။ ဒါကြောင့်လည်း နှစ်သစ်မှာတော့ ရီးရဲမက်ဒရစ်အသင်းဟာ ပြန်လည်ဦးမော့လာနိုင်မယ်လို့ဆိုရမယ်။ ။



## မီခီတာရန်အား မန်ယူအသင်း ရောင်းချဖြစ်ဖွယ်ရှိနေ



မန်ယူအသင်း မန်နေဂျာ မော်ရင်ညို၏ ကြိုက်နှစ်သက်ခြင်းခံရမှုနည်းပါးနေသူ တောင်ပံတိုက်စစ် ကစားသမား မီခီတာရန်သည် လာမည့် ဇန်နဝါရီဈေးကွက်ကာလအတွင်း ရောင်းချခံရဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

စီးရီးအေကလပ် အင်တာမီလန်အသင်းသည် အာမေးနီးယားကစားသမား မီခီတာရန်အား ခေါ်ယူရန် စိတ်ဝင်စားမှုရှိသော်လည်း အပြီးသတ် ဝယ်ယူနိုင်ရန် အခက်အခဲများရှိနေခြင်းကြောင့် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် အငှားဖြင့် ခေါ်ယူသွားရန် ရည်ရွယ်ထားသည်ဟုဆိုသည်။ မန်ယူအသင်းသည် တောင်ပံကစားသမား မီခီတာရန်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်း ရရှိရန် ဆန္ဒရှိပြီး အင်တာမီလန်အသင်းသည် ဘဏ္ဍာရေး ထိန်းညှိမှုစည်းမျဉ်းကြောင့် မီခီတာရန်အား အပြီးသတ်ခေါ်ယူမည်ဆိုပါက မန်ယူအသင်းမှ တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးပမာဏကို သုံးစွဲရန်အတွက် အသင်းမှ ကစားသမားတစ်ဦးကို ဦးစွာရောင်းချရန် လိုအပ်နေကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

အသက် ၂၈ နှစ်အရွယ်ရှိ မီခီတာရန်သည် ပြီးခဲ့သည့် နိုဝင်ဘာ ၅ ရက်နောက်ပိုင်းမှစတင်ကာ မန်ယူအသင်း၏ ပွဲထွက်စာရင်းတွင် ပါဝင်ခွင့် မရရှိခဲ့ဘဲ မန်ယူအသင်း နောက်ဆုံး ကစားခဲ့သော ရှစ်ပွဲအနက် ငါးပွဲတွင်လည်း မန်ယူအသင်း ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရသူဖြစ်သည်။

မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုက “အသင်းမှာ မပျော်ရွှင်တဲ့ ကစားသမားတွေကို သင့်တော်တဲ့ ပြောင်းရွှေ့ကြေးရရင် ရောင်းချသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်”ဟု ယခုလအစောပိုင်းက ပြောဆိုခဲ့ဖူးသည်။

ယခုအစောပိုင်း၌ မန်ယူအသင်း၏ လေ့ကျင့်ရေးအစီအစဉ်များတွင် မန် နေဂျာ မော်ရင်ညိုနှင့် မီခီတာရန်တို့ အငြင်းပွားမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီးနောက် ၎င်းတို့နှစ်ဦးကြား ဆက်ဆံရေး မပြေလည်မှုများ ဖြစ်ပေါ်လာခဲ့သည်ဟု မန်ယူအသင်းနှင့် နီးစပ်သူများက ပြောဆိုခဲ့ကြသည်။ ထို့အပြင် မီခီတာရန်သည် မန်ယူပထမအသင်း ကစားသမားများရှေ့တွင် မော်ရင်ညိုအား သူ၏ ခံစစ်ပိုင်း အားနည်းမှုကို ပြစ်တင်ပြောဆိုခဲ့ခြင်းကြောင့် မော်ရင်ညိုအနေဖြင့် မီခီတာရန် အပေါ် မကျေမနပ်ဖြစ်ခဲ့ရသည်ဟု ဆိုသည်။

တောင်ပံတိုက်စစ်ကစားသမား မီခီတာရန်အား သူ၏ အသင်းဟောင်း ဒေါ့မွန်အသင်းကလည်း ပြန်လည်ခေါ် ယူရန် စိတ်ဝင်စားမှုရှိနေသည်။ မီခီတာရန်သည် ၂၀၁၆ ခုနှစ် ဇူလိုင်လအစောပိုင်းတွင် ဒေါ့မွန်အသင်းမှ မန်ယူသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ နီးပါးဖြင့် ပြောင်းရွှေ့လာခဲ့ကာ ပရီမီယာလိဂ်ကလပ်တစ်သင်းတွင် ပါဝင်ခွင့်ရသည့် ပထမဆုံး အာမေးနီးယားကစားသမားဖြစ်လာခဲ့သူ ဖြစ်သည်။

............ .

## ဖယ်လိုင်နီအား စာချုပ်သစ်ချုပ်ဆိုရန် မန်ယူအသင်း ကမ်းလှမ်းထား



မန်ယူအသင်းသည် ကွင်းလယ် ကစားသမား ဖယ်လိုင်နီအား စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ဘယ်လ်ဂျီယံ ကစားသမား ဖယ်လိုင်နီနှင့် မန်ယူအသင်းတို့ လက်ရှိချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီကုန်ချိန်တွင် ကုန်ဆုံးမည် ဖြစ်သောကြောင့် မန်ယူအသင်းအနေဖြင့် ဖယ်လိုင်နီအား ရာသီကုန်ဆုံးချိန်၌ ပြောင်းရွှေ့ကြေးအလွတ်ဖြင့် လက်မလွတ်ရစေရန်အတွက် ယခုကဲ့သို့ စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အဲဗာတန်ကစားသမားဟောင်း ဖယ်လိုင်နီသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းတွင် မန်ယူအသင်းက စာချုပ်သက်တမ်းတိုးမြှင့်ရန် ကမ်းလှမ်းမှုကို ငြင်းဆိုထားသူဖြစ်သည်။

ယခုအခါ မန်ယူအသင်းသည် ကွင်းလယ်ကစားသမား ဖယ်လိုင်နီအား တစ်ပတ်လုပ်ခငွေ ပေါင် ၁၅၀၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းထား ခြင်းဖြစ်သည်။ အဆိုပါ လုပ်ခလစာငွေသည် ဖယ်လိုင်နီ လက်ရှိရရှိနေသော လုပ်ခငွေထက် ပေါင် ၃၀၀၀၀ ပိုမိုများပြားကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ယခုလအစောပိုင်းတွင် မန်ယူ အသင်းမန်နေဂျာ မော်ရင်ညိုက ဖယ်လိုင်နီသည် မိမိ၏ အစီအစဉ်များတွင် အရေးပါသူတစ်ဦးအဖြစ် ပါဝင်နေသူ ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဖယ်လိုင်နီအား ပီအက်စ်ဂျီ၊ ဘက်ရှီးတပ်စ်နှင့် ရိုးမားအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေကာ ဖယ်လိုင်နီအနေဖြင့် ပွဲကစားချိန် ပိုမိုရရှိရန် လိုလားနေသည်ဟုဆိုသည်။

မန်ယူအသင်းအနေဖြင့် ဖယ်လိုင်နီနှင့် စာချုပ်သစ်ချုပ်ဆိုနိုင်ခြင်းမရှိဘဲ လက်လွှတ်ဆုံးရှုံးခဲ့ရမည်ဆိုပါက ဖယ်လိုင်နီ၏နေရာတွင် အစားထိုးရန် လာဇီယို ကွင်းလယ်ကစားသမား မီလန်ကိုဗစ်ဆာဗစ်ကို ခေါ်ယူရေး ကြိုးစားလာဖွယ်ရှိနေကြောင်း ထင်ကြေးပေးမှုများ ထွက်ပေါ်လျက်ရှိသည်။ အသက် ၂၂ နှစ်အရွယ်ရှိ ဆားဘီးယားကစားသမား ဆာဗစ်သည် ဥရောပ၏ အကောင်းဆုံး ဗဟိုကွင်းလယ် ကစားသမားများအနက်မှ တစ်ဦးဖြစ်လာနိုင်သူအဖြစ် သတ်မှတ်ထားခြင်းခံရသူဖြစ်ပြီး မန်ယူအသင်းအနေဖြင့် ဆာဗစ်အား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေး အဖြစ် ပေါင် ၉၅ သန်းအထိ အသုံးပြုရဖွယ်ရှိနေသည်။

ထက်အောင်

ပရီမီယာလိဂ်ပွဲစဉ် ၂၁ ကို လာမယ့် ဒီဇင်ဘာ ၃၀ ရက်၊ ၃၁ ရက်နဲ့ ဇန်နဝါရီ ၅ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်ယူအနေနဲ့ ဆောက်သမ်တန်နဲ့ ရင်ဆိုင်ရမယ့် ပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလို လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပွဲတွေဟာ နီးနီးကပ်ကပ်ကျင်းပနေတာကြောင့် အသင်းတွေအနေနဲ့ ပွဲဆက်များမှုဒဏ်ကို ခံရနိုင်ကာ အရှန်အင်အားမတောင့်တင်းတဲ့အသင်းတွေ ရုန်းကန်ရနိုင်ပါတယ်။



# အိမ်ကွင်းမှာ

# မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးတို့ နိုင်ပွဲရယူနိုင်မှာလား

## ပရီမီယာလိဂ်ပွဲစဉ် (၂၁)

| စနေနေ့ | | | ၃၀-၁၂-၁၇ |
|---|---|---|---|
| ဘုန်းမောက် | - | အဲဗာတန် | ည ၉း၃၀ |
| ချယ်လ်ဆီး | - | စတုတ် | ည ၉း၃၀ |
| ဟက်ဒါဖီးလ် | - | ဘန်လေ | ည ၉း၃၀ |
| လီဗာပူး | - | လက်စတာ | ည ၉း၃၀ |
| ကာဆယ် | - | ဘရိုက်တန် | ည ၉း၃၀ |
| ဝက်ဖို့ဒ် | - | ဆွမ်ဆီး | ည ၉း၃၀ |
| မန်ယူ | - | ဆောက်သမ်တန် | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | | **၃၁-၁၂-၁၇** |
| ပဲလေ့စ် | - | မန်စီးတီး | ည ၆း၃၀ |
| ဝက်စ်ဘရွန်း | - | အာဆင်နယ် | ည ၁၁း၀၀ |

## စီးရီးအေပွဲစဉ် (၁၉)

| သောကြာနေ့ | | | ၂၉-၁၂-၁၇ |
|---|---|---|---|
| ခရိုတိုနီ | - | နာပိုလီ | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၃၀-၁၂-၁၇** |
| ဖီအိုရင်တီးနား | - | မီလန် | ည ၆း၀၀ |
| အတ္တလန္တာ | - | ကယ်ဂလီယာရီ | ည ၈း၃၀ |
| ဘီနီဗန်တို | - | ချီယေဗို | ည ၈း၃၀ |
| ဘိုလော့ဂ်နာ | - | အူဒီးနိစ် | ည ၈း၃၀ |
| ရိုးမား | - | ဆက်ဆူအိုလို | ည ၈း၃၀ |
| ဆမ်ဒိုးရီးယား | - | SPAL | ည ၈း၃၀ |
| တိုရီနို | - | ဂျီနိုအာ | ည ၈း၃၀ |
| အင်တာ | - | လာဇီယို | ည ၁၁း၃၀ |
| ဗီရိုနာ | - | ဂျူဗင်တပ်စ် | နံနက် ၂း၁၅ |

## ပရီမီယာလိဂ်ပွဲစဉ် (၂၂)

| တနင်္လာနေ့ | | | ၁-၁-၁၈ |
|---|---|---|---|
| ဘရိုက်တန် | - | ဘုန်းမောက် | ည ၇း၀၀ |
| ဘန်လေ | - | လီဗာပူး | ည ၉း၃၀ |
| လက်စတာ | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| စတုတ် | - | ကာဆယ် | ည ၉း၃၀ |
| အဲဗာတန် | - | မန်ယူ | နံနက် ၀၀း၀၀ |
| **အင်္ဂါနေ့** | | | **၂-၁-၁၈** |
| ဆောက်သမ်တန် | - | ပဲလေ့စ် | နံနက် ၂း၁၅ |
| ဆွမ်ဆီး | - | စပါး | နံနက် ၂း၁၅ |
| ဝက်စ်ဟမ်း | - | ဝက်စ်ဘရွန်း | နံနက် ၂း၁၅ |
| မန်စီးတီး | - | ဝက်ဖို့ဒ် | နံနက် ၂း၃၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၃-၁-၁၈** |
| အာဆင်နယ် | - | ချယ်လ်ဆီး | နံနက် ၂း၁၅ |

## ဘုန်းမောက် vs အဲဗာတန်

| ပကျော့ | အဲဗာတန် | ၂ | ၁ | ဘုန်းမောက် |
|---|---|---|---|---|

ဘုန်းမောက်ခြေအားနည်းလွန်းတာ မှန်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်နေသလို ရလဒ်တွေလည်း ဆက်တိုက်နီးပါး ဆိုးနေခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေ ချာနေပါတယ်။ အဲဗာတန်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေတာမှန်သလို ခံစစ်ကစားပုံလည်း ကောင်းမွန်နေတယ်ဆိုပေမယ့် ဘုန်းမောက်သာ အားစိုက်ကစားလာရင် အဲဗာတန်တို့ ကစားရခက်ခဲနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာတော့ အဲဗာတန်တို့ သရေလောက်ပဲကစားနိုင်မယ်။

## ချယ်လ်ဆီး vs စတုတ်

| ပကျော့ | စတုတ် | ၀ | ၄ | ချယ်လ်ဆီး |
|---|---|---|---|---|

ချယ်လ်ဆီးဟာလက်ရှိအချိန်မှာ တိုက်စစ်ပိုင်း ဂိုးသွင်းခြေမငြိမ်မှုနဲ့ နိုင်ပွဲရယူနိုင်ဖို့ခက်ခက်ခဲခဲ ရုန်းကန်နေရပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် ချယ်လ်ဆီးတို့အားစိုက်ကစားလာမယ့်အချက်ကိုတော့ မေ့ထားလို့ မဖြစ်ပါဘူး။ စတုတ်ကတော့ ဝက်စ်ဘရွန်းကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေထက်မြက်ခဲ့ပါတယ်။ ဒါပေမယ့် စတုတ်ကအဝေးကွင်းပွဲတွေမှာဆိုရင်တော့ စွမ်းဆောင်ရည်အားနည်းမှုတွေရှိတတ်တာကို သတိပြုရဖို့ရှိနေတယ်။ ချယ်လ်ဆီးပဲ အနိုင်ရမယ်။

## လီဗာပူး vs လက်စတာ

| ပကျော့ | လက်စတာ | ၂ | ၃ | လီဗာပူး |
|---|---|---|---|---|

လက်ရှိအချိန်မှာ လီဗာပူးအနေနဲ့ တိုက်စစ်ပိုင်းက ကောင်းမွန်နေသလို အဆုံးသတ်ပိုင်းလည်း သေချာနေတာမှန်ပေမယ့် ခံစစ်ပိုင်းကတော့ ကျစ်လျစ်မှုမရှိတာကို တွေ့ရပါတယ်။ ဒါ့အပြင် လက်စတာအနေနဲ့ကလည်း တုံ့ပြန်ကစားပုံ ကောင်းမွန်ကာ မန်ယူကိုတောင် သရေကစားနိုင်ခဲ့တာကြောင့် လီဗာပူးတို့အခက်တွေ့နိုင်မှာပါ။ ဒါပေမယ့် လီဗာပူးက အမှတ်လိုအပ်နေသလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် နိုင်ပွဲရအောင်တော့ ကစားသွားမှာပါ။ လီဗာပူး ဂိုးမပြတ်ရင်တောင် နိုင်ပွဲရသွားမှာပါ။

## မန်ယူ vs ဆောက်သမ်တန်

| ပကျော့ | ဆောက်သမ်တန် | ၀ | ၂ | မန်ယူ |
|---|---|---|---|---|

မန်ယူတို့ အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ မန်ယူအနေနဲ့ ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းနေသလို ခံစစ်ကစားပုံလည်း အားနည်းနေတယ်။ ဒါပေမယ့် ဆောက်သမ်တန်ခြေကလည်း အခုနောက်ပိုင်းကျဆင်းနေတာကို တွေ့ရပါတယ်။ အမှတ်လိုအပ်နေတဲ့ မန်ယူတို့ အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်တာကြောင့် မန်ယူပဲနိုင်ပွဲရမယ်။

## စပါး vs ဝက်စ်ဟမ်း

| ပကျော့ | ဝက်စ်ဟမ်း | ၂ | ၃ | စပါး |
|---|---|---|---|---|

လက်ရှိအချိန်မှာတော့ စပါးဟာ ခြေစွမ်းပိုင်းကောင်းမွန်နေပြီး အိမ်ကွင်းလည်းဖြစ်နေတဲ့အပြင် တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ ထက်မြက်နေပါတယ်။ ဒါ့အပြင် ဝက်စ်ဟမ်းကလည်း နယူးကာဆယ်ကို အရေးနိမ့်ခဲ့ရတဲ့ပွဲမှာ ခံစစ်ကစားပုံအမှားများခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် စပါးအနေနဲ့ လန်ဒန်ဒါဘီမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်တာကြောင့် စပါးပဲနိုင်ပွဲရမယ်။

## ဟက်ဒါဖီးလ် vs ဘန်လေ

| ပကျော့ | ဘန်လေ | ၀ | ၀ | ဟက်ဒါဖီးလ် |
|---|---|---|---|---|

ဟက်ဒါဖီးလ်တို့ အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဘန်လေကတော့ အဝေးကွင်း ခြေစွမ်းပိုင်းနဲ့ ခံစစ်ကစားပုံ ကောင်းမွန်ပေမယ့်ဟက်ဒါဖီးလ်ကို အသာရယူနိုင်ဖို့တော့ ခက်ပါတယ်။ ဒါပေမယ့်လည်း ဘန်လေအနေနဲ့လည်း ဒီဇင်ဘာပွဲကျပ်ကာလမှာ အမှတ်ရအောင်ယူဖို့ အားစိုက်ကစားမှာဖြစ်တာကြောင့် ဟက်ဒါဖီးလ်အနေနဲ့ ကစားရ ခက်ခဲနိုင်ကာ သရေကျဖို့များတယ်။

## ပဲလေ့စ် vs မန်စီးတီး

| ပကျော့ | မန်စီးတီး | ၅ | ၀ | ပဲလေ့စ် |
|---|---|---|---|---|

ပထမအကျော့မှာ ဂိုးပြတ်နိုင်ပွဲရခဲ့သလို လက်ရှိအချိန်မှာလည်း မန်စီးတီးရဲ့အသင်းလိုက်ကစားပုံနဲ့ တိုက်စစ်ပိုင်းက အကောင်းဆုံး ဖြစ်နေပါတယ်။ ဒါပေမယ့် သတိပြုရမှာက ပဲလေ့စ်က တန်းမဆင်းရဖို့ အားစိုက်ရုန်းကန်နေချိန်ဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေကာ တုံ့ပြန်ကစားပုံလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့် မန်စီးတီးတို့ ဒီပွဲမှာ မထင်မှတ်ဘဲ ကစားရခက်ခဲနိုင်ကာ ဂိုးပြတ်နိုင်ဖို့ခက်မယ်။

## ဝက်ဖို့ဒ် vs ဆွမ်ဆီး

| ပကျော့ | ဆွမ်ဆီး | ၁ | ၂ | ဝက်ဖို့ဒ် |
|---|---|---|---|---|

လက်ရှိအချိန်မှာ ဆွမ်ဆီးခြေအားနည်းပေမယ့် တန်းမဆင်းရဖို့ ခြေကုန်ထုတ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဝက်ဖို့ဒ်အိမ်ကွင်းဖြစ်ပေမယ့် ကစားရ ခက်ခဲနိုင်ပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ ဝက်ဖို့ဒ်ရဲ့ခြေစွမ်းကလည်း အားနည်းမှုတွေရှိလာနေတာကြောင့် ဆွမ်ဆီးတို့ အခွင့်အရေးရနိုင်ပါတယ်။ ပထမအကျော့မှာဝက်ဖို့ဒ်တို့ အနိုင်ရခဲ့ပေမယ့် ဒီပွဲမှာတော့ အမြင့်ဆုံးသရေလောက်ပဲရမယ်။

## ဝက်စ်ဘရွန်း vs အာဆင်နယ်

| ပကျော့ | အာဆင်နယ် | ၂ | ၀ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

ပထမအကျော့မှာ အာဆင်နယ်တို့အိမ်ကွင်းမှာ နှစ်ဂိုးပြတ် အနိုင်ရခဲ့ပေမယ့် လက်ရှိအချိန်မှာ အာဆင်နယ်ခြေကလည်း မတည်ငြိမ်သလို ဝက်စ်ဘရွန်းကလည်း ခံစစ်အားပြုကစားမှာဖြစ်တာကြောင့် အာဆင်နယ်တို့ မထင်မှတ်ဘဲအခက်တွေ့နိုင်ပါတယ်။ ဒါပေမယ့် ဝက်ဘရွန်းခံစစ်က အခုနောက်ပိုင်း အားနည်းနေတာကြောင့် အာဆင်နယ်တို့နိုင်ပွဲတော့ အခက်အခဲကြားက ရယူသွားနိုင်မှာပါ။

## ကာဆယ် vs ဘရိုက်တန်

| ပကျော့ | ဘရိုက်တန် | ၁ | ၀ | ကာဆယ် |
|---|---|---|---|---|

ကာဆယ်ဟာအဝေးကွင်းမှာတောင် ဝက်စ်ဟမ်းကိုအနိုင်ရခဲ့တာ မှန်ပေမယ့်လည်း အဆိုပါပွဲမှာ ဝက်စ်ဟမ်းရဲ့ခံစစ်ကစားပုံအားနည်းမှုတွေကြောင့်သာ ကာဆယ်တို့ အနိုင်ရခဲ့တာဖြစ်ပြီး ဘရိုက်တန်ရဲ့ခြေစွမ်းကတော့ ကောင်းမွန်နေပါတယ်။ ကာဆယ်ရဲ့ အိမ်ကွင်းဖြစ်နေပေမယ့်လည်း ဘရိုက်တန်ရဲ့ တုံ့ပြန်ကစားမှုကြောင့် နယူးကာဆယ်တို့သရေလောက်သာ ကစားနိုင်မယ်။

# ချောင်းရေကြီးမှုကြောင့် သီးနှံထိခိုက်ပျက်စီးမှုအပေါ် ထောက်ပံ့ငွေများပေးအပ်

**အောင်လံ ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း အောက်တိုဘာ ၁၀ ရက်က ကြုံတွေ့ခဲ့သော ဘန်းကုန်းချောင်းရေကြီးမှုကြောင့် သီးနှံထိခိုက်ပျက်စီးမှုရှိခဲ့သည့် ကျေးရွာများမှ ဒေသခံတောင်သူများအား ထောက်ပံ့ငွေများကို ဒီဇင်ဘာ ၂၆ ရက်က အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

"တောင်သူဘက်ကတင်လာတဲ့ သီးနှံအမျိုးအစားနဲ့ စိုက်တဲ့ ဧကအပေါ် မူတည်ပြီးတော့၊ သီးနှံအပင်အရွယ်အစားအပေါ် မူတည်ပြီးတော့ ဆုံးရှုံးနစ်နာမှုပမာဏကို တွက်ပါတယ်။ ပျိုးခင်းဆို ပျိုးခင်း၊ စိုက်ခင်းဆိုစိုက်ခင်းရဲ့ ဆုံးရှုံးနစ်နာမှုတွေကို စိုက်ပျိုးရေးနဲ့ မြေစာရင်းဦးစီးဌာနက ဝန်ထမ်းတွေဦးစီးပြီး ကွင်းဆင်းစစ်ဆေးပြီးတော့မှ ကျေးရွာက ဥက္ကဋ္ဌတွေအပါအဝင် သူတို့နဲ့ စိစစ်အတည်ပြုပြီးတော့မှ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တင်ပြတောင်းခံတာပါ။ ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ထိခိုက်နစ်နာမှု ရန်ပုံငွေထဲကနေ တောင်သူတွေအတွက် ထောက်ပံ့ကြေးငွေ ပေးအပ်လိုက်တာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် အောင်လံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းတို့က နစ်နာတောင်သူ ၁၄၄ ဦး၏ ပျက်စီးစိုက်ခင်းဧက ပေါင်း ၂၅၆ ဒသမ ၉၂ ဧကအတွက် ထောက်ပံ့ငွေ ၁၀၉ သိန်းကျော်ကို ပေးအပ်ခဲ့သည်။

"တောင်သူတွေအတွက်ကတော့ သီးနှံတွေ ထိခိုက်ပျက်စီးနစ်နာသွားတဲ့အပေါ်မှာ အချိန်မီပြန်လည်စိုက်ပျိုးဖို့အတွက် သီးနှံမျိုးစေ့ဖိုးတွေ အထောက်အကူရမယ်၊ လုပ်ခအနေနဲ့ အထောက်အပံ့ရမယ်၊ အချိန်မီ စိုက်နိုင်ပျိုးနိုင်ပြီး သီးနှံပြန်လည်ရရှိနိုင်တာဖြစ်တဲ့အတွက် တောင်သူအတွက်တော့ တော်တော်များများ အကျိုးရှိနိုင်မယ်လို့ မြင်ပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးက ဆိုသည်။

ရွာမထုံး၊ ကျားသေ၊ အောင်မြေကုန်း၊ သမ္မုလ ကျေးရွာများမှ ဆုံးရှုံးမှုကြုံတွေ့ခဲ့ရသည့် သီးနှံစိုက်ခင်းများတွင် ဝါ၊ ပြောင်း၊ ကုလားပဲ၊ မြေပဲ၊ ပဲကြီး၊ ဘိုကိတ်၊ ဖရဲ၊ ကြက်သွန်၊ မုန်လာ စသည့် သီးနှံ ၂၅၆ ဒသမ ၄ ဧကကို အစားထိုးစိုက်ပျိုးပြီးဖြစ်ကြောင်း၊ ချောင်းရေကြောင့် ဆုံးရှုံးသွားသည့်ရေိယာမှာ ၂ ဒသမ ၂ ဧက ရှိခဲ့ပြီး အစားထိုးစိုက်ရန်မလိုသော သီးနှံဧကမှာ ၈ ဒသမ ၃၂ ဧကရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ဇေယျာတု(မကွေး)**



## မန္တလေးလူငယ်သင်တန်းကျောင်းအတွက် စက်ရေတွင်းနှင့် တစ်နေ့တာ အာဟာရဒါနများလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးလူငယ်သင်တန်းကျောင်းအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါက်တာယုယုမေနှင့် ဝန်ကြီးများ၏ဇနီးများ၊ စေတနာရှင်အလှူရှင်များက စက်ရေတွင်း၊ ရေကန် လှူဒါန်းခြင်းနှင့် တစ်နေ့တာ အာဟာရကျွေးမွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၆ ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာယုယုမေက အမှာစကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် မန္တလေးလူငယ်သင်တန်းကျောင်းမှ ကျောင်းသားများအား ဆပ်ပြာခဲ၊ ဆပ်ပြာထုပ်နှင့် မုန့်ခြောက်ထုပ်များကို တစ်ဦးချင်း လိုက်လံဝေငှ လှူဒါန်းခဲ့ကြသည်။

လူငယ်သင်တန်းကျောင်းသို့ စက်ရေတွင်းနှင့် ရေကန်လှူဒါန်းခြင်းကြောင့် ယခင်က ကျုံးရေကိုအသုံးပြုနေရာမှ ယခုအခါတွင် သန့်ရှင်းသောရေများ ရရှိမည်ဖြစ်၍ ကျောင်းသားများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် များစွာအထောက်အကူဖြစ်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ တစ်နေ့တာ အာဟာရဒါနနှင့် ဆပ်ပြာ၊ မုန့်များ လှူဒါန်းသည့်အတွက်လည်း ကျေးဇူးတင်ကြောင်း သင်တန်းကျောင်းမှ ကျောင်းအုပ် ဆရာကြီးက ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# နွေစပါးစိုက်ပျိုးရေ ပေးဝေနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေ

**ကန့်ဘလူ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရာသီအမီ ရေများအပြည့်အဝပေးဝေနိုင်ရန် ရေပေးဝေရေးမြောင်းများ၊ ရေပေးအဆောက်အအုံများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေလုံလောက်စွာပေးနိုင်ရေးအတွက် နည်းလမ်းခြောက်ခုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ကင်းတပ်လက်ဝဲ တူးမြောင်းမှ ရေပေးဝေမှုကို မိုးစပါးရေပေးဝေရာသီ ပြီးဆုံးချိန် ဒီဇင်ဘာ ပထမပတ်မှစကာ နွေစပါးရေ စတင်ပေးဝေမည့် ဖေဖော်ဝါရီ ပထမပတ်ထိ ရေဖြတ်ကာလ သတ်မှတ်ထားပြီး ယင်းကာလအတွင်း ရေပေးမြောင်းများ၊ ရေပေးအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်း၊ မြောင်းစစ်လမ်းများ၊ မြောင်းပေါင်များ ပြုပြင်ခြင်း၊ နွေစပါးရေပေးဝေနိုင်မည့်ဧက စိစစ်အတည်ပြုခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ဌာနက နွေ၊ မိုး ရာသီစိုက်ပျိုးရေဖူလုံစွာ ရရှိရေးအတွက်နည်းလမ်းခြောက်ခုဖြင့် ဆောင်ရွက်ပေးနေပါတယ်၊ ဒီနည်းလမ်းတွေက ဆည်မြောင်းတာတမံများ အသစ်တည်ဆောက်ခြင်း၊ ရေဝေရေလဲဧရိယာမှ စီးဆင်းသည့်ရေများအား အပြည့်အဝ သိုလှောင်အသုံးချရေး စီမံဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီး ဆည်မြောင်းတာတမံများမှ ဆည်ရေကို ထိရောက်စွာ ပေးဝေနိုင်ရန်နှင့် ရေပိုမိုသိုလှောင်နိုင်ရန် ပြုပြင်ခြင်း၊



မြစ်ချောင်းများရေလျှံချိန်တွင် အင်းအိုင်ချိုင့်ဝှမ်းများအတွင်းသို့ ရေသွင်းသိုလှောင်ထားရှိခြင်း၊ မြစ်ချောင်းမှရေစုပ်စက်ဖြင့် စုပ်တင်ခြင်း၊ မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်း နည်းလမ်းများဖြင့် လယ်ယာလုပ်ငန်းခွင်မှာတောင်သူလယ်သမားများ အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်သူလွင်က ပြောသည်။

အလားတူ ကန့်ဘလူခရိုင်အတွင်းရှိ လင်ပန်းဆည်၊ ပေကြီးဆည်၊ ကျေးပင်အက်ဆည်များတွင်လည်း နွေစပါးရေပေးရာသီအမီ ရေအလေအလွင့်မရှိ လုံလောက်စွာ ပေးဝေနိုင်ရေးအတွက် ရေပေးမြောင်း၊ ရေပေးအဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကင်းတပ်လက်ဝဲတူးမြောင်းမှ ၂၀၁၇-၂၀၁၈ ခုနှစ်နွေစပါးစိုက်ပျိုးရာသီအတွက် ဧက ၂၃၅၀၀၊ ကျေးပင်အက်ရေလှောင်တမံမှ ဧက ၁၀၀၀ နှင့် လင်ပန်းရေလှောင်တမံမှ ဧက ၃၀၀ စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မြစိမ်းရောင်စီမံကိန်း (ငါးကဏ္ဍ) တိုးတက်ရေး ညှိနှိုင်းစည်းဝေး

**ပဲခူး ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ခုနှစ် မြစိမ်းရောင်(ငါးကဏ္ဍ) စီမံကိန်းကျေးရွာများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ပြုလုပ်သည်။

**အသိပညာပေး**

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ငါးသယံဇာတသည် လယ်မြေနှင့်မြစ်ချောင်းများအတွင်း စဉ်ဆက်မပြတ်တည်ရှိနေ၍ ဒေသခံများအတွက် ငါးစားသုံးမှုအဆင်ပြေနိုင်ကြောင်း၊ ယခုအခါ သုံးစွဲနေရသည့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများကြောင့် ငါးသယံဇာတများ ပြုန်းတီးလာ၍ အင်းများ၊ ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်နေရကြောင်း၊ ဒေသအတွင်း ငါးသယံဇာတ ပြုန်းတီးလာမှုကြောင့် အောက်ခြေတောင်သူများ စီးပွားရေးအခက်အခဲများဖြစ်ပေါ်လာနိုင်ကြောင်း၊ အဆိုပါအခြေအနေမျိုးကို ပြန်လည်ကုစားပေးနိုင်ရန် နိုင်ငံတော်အစိုးရက စီမံကိန်းများဖော်ဆောင်ကာ ချေးငွေများထုတ်ချေးပေးနေရကြောင်းနှင့် ကျေးရွာနေတောင်သူများ ချေးငွေရရှိအောင် အစိုးရက ဆောင်ရွက်ပေးရသလို စနစ်တကျ ပြန်လည်သုံးစွဲနိုင်ရေးအတွက်လည်း အသိပညာပေးရန်လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီးအစိုးရ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူးတို့က ပဲခူးတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်းကျေးရွာများ၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

**မိသားစု ငွေတိုး**

မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်းသည် ကျေးရွာများအတွင်း အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျှော့ချရန်၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊ ကျေးလက်လူထုစွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့် မမျှော်မှန်းနိုင်သောဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း ခရိုင်လေးခု၌ မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်းကို ကျေးရွာပေါင်း ၄၅ ရွာတွင် တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ထားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပဲစင်းငုံ အခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**မင်းဘူး ဒီဇင်ဘာ ၂၈**

မန်းရေနံမြေရှိ MOGE & MPRL ၏ CSR အစီအစဉ်အရ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများမှ ဒေသခံပြည်သူများ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ကြစေရန် ရည်ရွယ်ပြီး



ပြည်တွင်းထွက် ပဲစင်းငုံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဒီဇင်ဘာ ၂၆ ရက်က မင်းဘူး(စကု)မြို့နယ် မန်းရေနံမြေစုပေါင်းရုံးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မန်းရေနံမြေအထွေထွေမန်နေဂျာ ဦးရဲနိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်စိုးစိုးစံက သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားကာ သင်တန်းကို စတင်ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် မန်းရေနံမြေနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား၊ သူ ၂၀ တက်ရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ပဲစင်းငုံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာများကို ဒီဇင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**

## အမျိုးသမီးကလေးများ သင်တန်းကျောင်း၌ အားကစားပြိုင်ပွဲများကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၈**

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများသင်တန်းကျောင်း၏ ဒီဇင်ဘာအားကစားလ အားကစားပြိုင်ပွဲများကို ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါသင်တန်းကျောင်း အားကစားကွင်း၌ ဒီဇင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

အားကစားပြိုင်ပွဲတွင် ကျောင်းသူလေးများက မြန်မာ့သိုင်း ၆၃ မောင်း သရုပ်ပြကွက်၊ လက်သိုင်း ၄၀ သရုပ်ပြကွက်၊ လက်သိုင်း ၃၀သရုပ်ပြကွက်၊ တုတ်သိုင်း ၃၈ကွက်စသည့် ရိုးရာသိုင်းပညာများ သရုပ်ပြပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်သည်။ ထို့နောက် အပ်ထိုးပြေးပွဲ၊ ဖယောင်းတိုင်မီးထွန်းပြိုင်ပွဲ၊ သံပရာသီးဇွန်းကိုက်ပြိုင်ပွဲ၊ စာကြောင်းဆက်ပြိုင်ပွဲ၊ သားရေကွင်းစွပ်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲနှင့် ဘောလုံးပစ်ပြေးပွဲ စသည့် အားကစားနည်းခုနစ်မျိုးကို အသက်အရွယ်အလိုက် သုံးတန်းခွဲ၍ ကျင်းပခဲ့ရာ ကျောင်းသူလေးများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သတင်းတိုများ

### လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲကျင်းပ

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာရွတ်ဆို ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ် ပြန်/ ဆက် ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ပြောကြားသည်။ ပြိုင်ပွဲတွင် လှိုင်းဘွဲ့မြို့အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၆ ဦး ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဇန်နဝါရီ ၃ ရက်တွင် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ကျောက်ထုတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

ဂန့်ဂေါခရိုင် ကျောက်ထုမြို့၌ ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများက ဒီဇင်ဘာလ စတုတ္ထပတ်အတွင်း မြို့ပေါ်ရှိ လျှပ်စစ်မီးလိုင်းများကို ကွင်းဆင်းစစ်ဆေးကြကာ ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းပြီး လျှပ်စစ်ဝိုင်ယာကြိုးလိုင်းများနှင့် ဆက်စပ်လျက်ရှိသည့် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ပြတ်နေသည့် မီးလိုင်းကြိုးများကို အသစ်တပ်ဆင်ခြင်း၊ အိမ်တွင်းမီးကြိုး ၊ မီးခလုတ်များနှင့် ပလပ်ပေါက်များ လုံခြုံစိတ်ချမှုရှိစေရေး စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(၁၀၁)**

---

### ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်လိုင်ကျေးရွာအုပ်စု ဆောင်ဒူ(အထက်)ကျေးရွာ၌ ဆောင်ရွက်သော အနက်ပေ ၂၅၀ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဂါလန် ၁၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အလှူရှင်လှူဒါန်းငွေ ကျပ်ငါးသန်းဖြင့် ဖယ်ခုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့က ဒီဇင်ဘာ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ကိုထွေး(ဖယ်ခုံ)**

---

### မိုးကောင်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(TSDP) အရ နိုဝင်ဘာ ၂၉ ရက်မှ စတင်ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့ပြီး မိုးကောင်း(က) အသင်းနှင့် နမ္မတီးအသင်းတို့ ယှဉ်ပြိုင်ကစားကာ မိုးကောင်း(က) အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးမှူး ဦးသိန်းဝင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းတို့ လာရောက်အားပေးကြည့်ရှုပြီး ဆုရသော အသင်းများနှင့် တစ်ဦးချင်းဆုရသော အားကစားသမားများအား ဆုများချီးမြှင့်ခဲ့သည်။

**မင်းမင်းဦး**

---

### မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကျရောက်သည့်အခါ ဌာနဝန်ထမ်းများမှ လျင်မြန်ထိရောက်စွာတုံ့ပြန်နိုင်ရန်နှင့် ရုံးအသုံးအဆောင်ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးအတွက် မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ထိုသို့မီးဘေးအန္တရာယ်သရုပ်ပြလေ့ကျင့်ခြင်းဖြင့် မီးဘေးအန္တရာယ်ကျရောက်သည့်အခါလျင်မြန်ထိရောက်စွာ တုံ့ပြန်နိုင်မည်ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### မီးဘေးကာကွယ်ရေးပညာပေး

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးဆိုင်ရှင်များအား ပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြခြင်းကို ဒီဇင်ဘာ ၂၃ ရက်က ဆောင်ရွက်ခဲ့သည်။ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်း၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးမိုးနှင့် မြို့မရဲစခန်းမှ ဒုရဲအုပ်ကြည်စိုးထွန်းတို့ ဦးဆောင်သည့်အဖွဲ့က ဈေးတာဝန်ရှိသူများနှင့်အတူ ဈေးကြီးအတွင်းမှ ဆိုင်ရှင်များအား မီးကို စနစ်တကျသုံးဆွဲကြရန်၊ ဆိုင်များတွင် အရေးပေါ်မီးငြိမ်းသတ်ရန်အတွက် မီးသတ်ဆေးဘူးများ ဆောင်ထားကြရန်တို့ကို မှာကြားပြီး ဈေးကြီးအတွင်း မီးသတ်ရေကန်တွင် ရေရှိမှုအခြေအနေကို လိုက်လံစစ်ဆေးသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံများကို ဆိုင်ရှင်များအား သရုပ်ပြပြီး လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်စေခဲ့ကာ မီးသတ်ယာဉ်ငါးစီးဖြင့် မီးသတ်ခြင်းကို မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြခဲ့ကြသည်။

**တင်မြင့်(နတ်တလင်း)**

---

# အားနည်းချက်များကိုပြင်ဆင်မည့် ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း) ရေးဆွဲရန် ဆွေးနွေးပွဲကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီးအတွင်း ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ရေချိုငါးလုပ်ငန်းဥပဒေ၌ ပါရှိသည့် အားနည်းချက်များကို ပြင်ဆင်မည့် ဥပဒေ(မူကြမ်း)ရေးဆွဲရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဦးဆောင်၍ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းပြီး သက်ဆိုင်သူများ ပါဝင်သော ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက်က တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပခဲ့သည်။



နိုင်ငံပိုင်ဂရန်အင်းများမှ အခွန်အခများစွာ ရှာဖွေပေးလျက်ရှိသော်လည်း နေရာဒေသအနှံ့အပြားတွင် တရားမဝင်နည်းလမ်းများကို အသုံးပြုလျက် ငါးဖမ်းဆီးမှုများကြောင့် အင်းများအတွင်းသို့ ငါးဝင်ရောက်မှု လျော့နည်းလာလျက်ရှိခြင်း၊ ဥပဒေအရ အရေးယူနိုင်မှု အားနည်းခြင်းများကြောင့် အင်းလုပ်ငန်းရှင်များ အခက်အခဲများစွာ ကြုံတွေ့နေကြရသည့်အပြင် ရေရှည်တွင် ငါးသယံဇာတဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားများ ဖြစ်ပေါ်စေသဖြင့် ဥပဒေအားနည်းချက်များကို ပြင်ဆင်ရန် ဌာနဆိုင်ရာအစုအဖွဲ့များ၊ အင်းလုပ်ငန်းရှင်များ၊ အခြားစိတ်ပါဝင်စားသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ လယ်သမားအစုအဖွဲ့များ၊ ကုန်ထုတ်လုပ်ငန်းရှင်အစုအဖွဲ့များ၊ ရေလုပ်သားများနှင့် တွေ့ဆုံ၍ ဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကနေ့ကျင်းပတဲ့ပွဲကတော့ ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)ရေးဆွဲမှုနဲ့ပတ်သက်ပြီး ပြည်သူတွေကိုချပြမယ်၊ အသံကိုနားထောင်မယ်၊ ပြီးမှ လွှတ်တော်ကိုတင်သွင်းပြီး ဥပဒေအဖြစ် ရေးဆွဲမှာပါ၊ ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေမယ့် ရှော့ခ်တိုက်ငါးဖမ်းတာ၊ အဆိပ်ချငါးဖမ်းတာ၊ မိုင်းခွဲငါးဖမ်းတာတွေနဲ့ အခြားသော ဥပဒေမဲ့ငါးဖမ်းဆီးမှုတွေကို ဥပဒေအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ဖို့၊ အရင်ဥပဒေမှာပါတဲ့ အားနည်းချက်တွေကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ဖို့ ချပြဆွေးနွေးပွဲပြုလုပ်တာဖြစ်ပါတယ်"ဟု တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေးက ပြောသည်။

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ရေတာရှည်၊ တောင်ငူ၊ ထန်းတပင်မြို့နယ်များမှ ဖိတ်ကြားထားသူများ တက်ရောက်ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့်မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(ဥက္ကဋ္ဌ) ဦးမျိုးခိုင်က ဥပဒေမူကြမ်းရေးဆွဲခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမျိုးကြည်၊ ဦးညွှန့်ဝေ၊ ဦးရဲလင်းနိုင်နှင့် ဗိုလ်ကြီး ခင်မောင်ဝင်းတို့က ဥပဒေပြုရေးနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ကိုလွင်(ဆွာ)**

---

# မကွေးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဌာနလေးခုသို့ မော်တော်ယာဉ်များပံ့ပိုး

**မကွေး ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီးအတွင်း ဌာနလုပ်ငန်းများ သွားလာဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက် ဌာနလေးခုသို့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဝယ်ယူသည့် မော်တော်ယာဉ် လေးစီးကို ဒီဇင်ဘာ ၂၆ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မော်တော်ယာဉ်ပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက "တိုင်းဒေသကြီးအတွင်း လှည့်လည်သွားလာနေရတဲ့ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာဦးစီးမှူးတွေကို ဦးစားပေးစနစ်နဲ့ ချထားပေးလိုက်တာဖြစ်ပါတယ်၊ အခုချထားပေးတဲ့ ဌာနများအပြင် လိုအပ်ချက်ရှိနေတဲ့ ဌာနတွေကိုလည်း ဆက်လက်ချထားပေးဖို့ အစီအစဉ်ရှိပါတယ်"ဟု ပြောသည်။

တိုင်းဒေသကြီးအတွင်း လုပ်ငန်းလိုအပ်ချက်အရ မော်တော်ယာဉ်ဖြည့်ဆည်းပေးရန်လိုအပ်သော အစိုးရဌာနလေးခုဖြစ်သည့် ပညာရေး၊ သစ်တော၊ စိုက်ပျိုးရေးနှင့် ကြေးတိုင်နှင့် မြေစာရင်းဌာနများအတွက် မော်တော်ယာဉ်လေးစီး ပံ့ပိုးပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

---

# ရသစာပေဖွံ့ဖြိုးရေးအတွက် Book Club အဖွဲ့ဝင်များ စာပေစကားဝိုင်းဆွေးနွေး

**မြောင်းမြ ဒီဇင်ဘာ ၂၈**

မြောင်းမြမြို့နယ်မှ စာပေချစ်သူများဖြင့် ဖွဲ့စည်းထားသည့် Book Club အဖွဲ့ဝင်များ၏ ပထမအကြိမ် စာပေစကားဝိုင်းအဖြစ် စာဖတ်စွမ်းရည် တိုးတက်စေရေးနှင့် ရသစာပေဖွံ့ဖြိုးရေး စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၅ ရက်က မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre တွင် ကျင်းပခဲ့သည်။

စာပေစကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်စာရေးဆရာအဖွဲ့ဝင် ဦးမျိုးမော်ထွန်းက စကားအရာကို မိမိထင်မြင်သလို ပြောချင်ရာပြောဆိုခြင်းဖြင့် တစ်ဖက်သား ထိခိုက်နစ်နာမှုရှိစေကြောင်းကို စာရေးဆရာဖေမြင့်၏ ပြောတတ်၊ ဆိုတတ်၊ ပေါင်းသင်းတတ်တဲ့သူ စာအုပ်မှ ကောက်နုတ် တင်ပြပြောဆိုပြီး မြို့နယ်စာရေးဆရာအဖွဲ့ဝင် ဆရာဦးဟန်ဖြူအောင်(ဆရာဟန်-မြောင်းမြ)က စာရေးဆရာ P-ဆာမိ ရေးသားသော ကျွန်တော်နှင့် 'အ'များ အကြောင်းကို ဟောပြောဆွေးနွေးကာ တက်ရောက်လာသူ စာပေချစ်သူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ စာပေစကားဝိုင်းဆွေးနွေးပွဲသို့ မြို့နယ်စာရေးဆရာအသင်း အဖွဲ့ဝင်များ၊ Friends Library မှ တာဝန်ရှိသူများ၊ အမကကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများ၊ ဓမ္မစကူးလ်မှ တာဝန်ရှိသူများ၊ စာပေချစ်မြတ်နိုးသူ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို မြောင်းမြမြို့၌ သုံးပတ်လျှင်တစ်ကြိမ် ကျင်းပနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူလေးများ စာပေဖတ်ရှုလိုစိတ် တိုးလာရေးအတွက် စာသင်ကျောင်းများ၊ ရပ်ကွက်များ၌ပါ လှည့်လည်၍ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း Book Club အဖွဲ့ဥက္ကဋ္ဌက ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

---

# စားသုံးသူ အကာအကွယ်ပေးရေး ပညာပေးဟောပြော

**ထီးလင်း ဒီဇင်ဘာ ၂၈**

ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၂၆ ရက်က ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဝါးဘိုးချောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှသန်းက အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းဦးက စားသုံးရန်မသင့်သည့် အစားအစာများအကြောင်းကိုလည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်စိုးယုဆွေက ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိရှိသင့်သည့် အချက်များကိုလည်းကောင်း အသေးစိတ် ရှင်းလင်းဟောပြောကြပြီး တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကာ ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းကျေးရွာများ၌ အသိပညာပေးဟောပြောပွဲများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်းဆွေ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)
## ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)၏နဝမအကြိမ်မြောက်ဘွဲ့နှင်းသဘင်
# လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)သင်တန်းနှင့် ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech.) သင်တန်း စာမေးပွဲအောင်မြင်သူများအတွက် ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)၏ နဝမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ)၊ ရွှေဝါထွန်းခန်းမတွင် ၃-၂-၂၀၁၈ရက်(စနေနေ့)အစမ်းလေ့ကျင့်ပွဲနှင့် ၄-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာလျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)တွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် သုံးလအတွင်း ရိုက်ကူးထားသော(၁ ၁/၂"×၂") အရွယ်ဓာတ်ပုံသုံးပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ယူရန်ဟု ထင်ရှားစွာ ဖော်ပြလျက် ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁၂ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)၏ငွေ စာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီးဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်ကျင်းပသည့်အသေးစိတ်အစီအစဉ်ကို ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ) ကျောင်းသားရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်-၀၉-၇၈၃၅၄၃၉၀၃၊ ၀၄၄-၂၀၂၂၇၂၅ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/5266 Honda Insight 2C2 Hatch Back(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်သန်း ၁၂/မရက(နိုင်)၀၁၆၉၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ကျွဲတပ်အုပ်စု၊ ကျွဲတပ်ကျေးရွာနေ ဦးလှကြိုင်၏သား ဦးငွေတိုးအောင်(ခ) ဦးတိုးတိုး ၉/ရမသ(နိုင်)၀၀၀၂၈၂သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးပြေဟိန်း ၁၄/မအန(နိုင်)၁၈၁၃၃၈၏ (Passport No-MA 216721)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၁၁၉၃၃၇**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံး
## ကမ်းပြိုကာကွယ်ရေးလုပ်ငန်း လုပ်ငန်းတင်ဒါခေါ်ယူခြင်း

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** | - | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ညောင်ဝိုင်း(၇)လမ်းထိပ်၊ ညောင်ဝိုင်းမြောက်ပိုင်းရပ်ကွက်၊ ပဲခူးမြို့။ |
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၂၉-၁၂-၂၀၁၇ရက် |
| **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** | - | ၉-၁-၂၀၁၈ရက် ညနေ ၄း၃၀နာရီ |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - | ၁၀-၁-၂၀၁၈ရက် ညနေ ၄း၃၀နာရီ |
| **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - | ၁၁-၁-၂၀၁၈ရက် နံနက် ၉း၃၀နာရီ |

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဖုန်း-၀၅၂-၂၂၂၄၁၆၄နှင့် ၀၅၂-၂၂၀၀၂၄၇ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

# လူပျောက်ကြော်ငြာ
## (ရှမ်းပြည်မြောက်ပိုင်း)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်၊ မိုးဟောက်အုပ်စု၊ ဘော်ဒေကျေးရွာနေ ဦးလှဒင်-ဒေါ်အေးသီတာတို့၏ သမီး၊ မထက်ထက်အောင်(ခ)မထူး ၁၃/မမတ(နိုင်)၀၅၀၆၈၁ သည် ပျော်ဘွယ်မြို့နယ် CITYMAN ကဖေးတွင် အလုပ်လုပ်နေရာမှ ၁၃-၁၂-၂၀၁၇ရက် ည ၁၀ နာရီတွင် လက်ဖက်ရည်ဆိုင်မှ နေအိမ်သို့ပြန်ရာ ရောက်ရှိလာခြင်းမရှိသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လက်ရှိထိန်းသိမ်းထားသူများကို သက်ဆိုင်ရာမှ ထိရောက်စွာ အရေးယူမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန် - ဖုန်း-၀၉-၄၀၄၇၉၈၀၂၁၊ ၀၉-၄၄၀၈၁၂၄၀၂**

---

# ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၈ ခုနှစ် ဇန်နဝါရီ (၁)ရက် (တနင်္လာနေ့) **"နိုင်ငံတကာနှစ်သစ်ကူးနေ့"**နှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ (၄)ရက် (ကြာသပတေးနေ့) **"လွတ်လပ်ရေးနေ့"**သည် အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၄င်းရက်များတွင် ဘဏ်များ အားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

**MARKETING INTERNATIONAL COMPANY LIMITED TRANSFER OF SHARES (အစုရှယ်ယာလွှဲပြောင်းခြင်း) နှင့် COMPANY DIRECTOR (ကုမ္ပဏီဒါရိုက်တာ) အဖြစ်မှ နုတ်ထွက်ခြင်းကိစ္စ အများသိစေရန် ကြေညာခြင်း**

ဒေါ်မေဇင်ခင်ထွန်း (၁၂/ တမန (နိုင်) ၀ရ၃၀၉၆) ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ – – –

၁။ အထက်အမည်ဖော်ပြပါ ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဒေါ်မေဇင်ခင်ထွန်း သည် ကုမ္ပဏီ၏ (၂၀–၁၂–၂၀၁၇) နေ့ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မိမိပိုင်ဆိုင်သော (၁၀၀၀၀ိ/–) တန် အစုရှယ်ယာ (၆၀) စုအား အစုရှယ်ယာလွှဲပြောင်းရောင်းချပြီး ဒါရိုက်တာနှင့် အစုဝင်အဖြစ်မှ နုတ်ထွက်ကြောင်းစာကို ဒါရိုက်တာအဖွဲ့အစည်းတွင် စာတင်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အထက်အမည်ဖော်ပြပါ ကုမ္ပဏီ၏ (၂၀–၁၂–၂၀၁၇) နေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒါရိုက်တာ ဒေါ်မေဇင်ခင်ထွန်း ၏ နုတ်ထွက်စာအပေါ် Form - 6/ Form 26 တို့အား ကုမ္ပဏီများမှတ်ပုံတင်ရုံးသို့ မှတ်ပုံတင်သွင်းရန်လည်း အများသဘောတူ ဆုံးဖြတ်ချက်ချမှတ်ထားပြီး ဖြစ်ပါသည်။

၃။ သို့အတွက်ကြောင့် ဒေါ်မေဇင်ခင်ထွန်း သည် MARKETING INTERNATIONAL COMPANY LIMITED ၏ ဒါရိုက်တာ၊ အစုရှယ်ယာဝင်မဟုတ်တော့သည့်အတွက် ယင်းကုမ္ပဏီနှင့် မည်သို့မျှ မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဦးချစ်ကိုကို**
LL.B, H.G.P., Dip in Business Law
Dip in Applied Psychology, Dip in Maritime Law, WIPO ( Switzerland)
တရားလွှတ်တော်ရှေ့နေကြီးနှင့် နိုတြီပဗ္ဗလစ် (စဉ်–၂၈၀၃)

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၂၅၂၉၂၄



## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထွက်ရှိသည့် အောက်ဖော်ပြပါရေနံထွက်ပစ္စည်း (၃) မျိုး (ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ စီဂျီအို)တို့အား တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဓာတ်ဆီ - (၁၀၀၀၀၀၀)ဂါလန် (ဂါလန်တစ်သန်းတိတိ)
(ခ) ဒီဇယ်ဆီ - (၁၀၀၀၀၀၀)ဂါလန် (ဂါလန်တစ်သန်းတိတိ)
(ဂ) စီဂျီအို - (၁၀၀၀၀၀၀)ဂါလန် (ဂါလန်တစ်သန်းတိတိ)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၁၂-၂၀၁၇ရက်မှ၈-၁-၂၀၁၈ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရန်ကုန်ရုံး)၊ ရုံးအမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် အချိန်နှင့်နေရာ** - ၈-၁-၂၀၁၈ရက်(တနင်္လာနေ့) ၁၃း၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) ၁၄း၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ နှင့် ၀၆၇-၃၄၁၁၀၉၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကုသရေးဦးစီးဌာနလက်အောက်တွင် လစ်လပ်လျက်ရှိသော ဆေးဘက်ကျွမ်းကျင်(၂)(ဓာတ်ခွဲ) လစာနှုန်း(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ကျွမ်းကျင် ဝန်ထမ်းများဖြည့်စွက်ခန့်ထားနိုင်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လက်အောက်ရှိ ရောဂါတိုက်ဖျက်ရေးဌာနအသီးသီးတို့တွင် ဆေးဘက်ကျွမ်းကျင်(၂)(ဓာတ်ခွဲ) လစာနှုန်း(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာ ၁၅၃ ဦးလစ်လပ်လျက်ရှိပါသည်။

၂။ ယင်းလစ်လပ်နေရာများတွင် ခန့်ထားရန်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသောသူများသည် လျှောက်ထားနိုင်ပါသည်။
(၁) လျှောက်ထားသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး)မှ B.Med.Tech ဘွဲ့ ရရှိပြီးသူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာပူးတွဲပေးပို့ရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ၊ ယာယီဘွဲ့လက်မှတ်နှင့် အမှတ်စာရင်းမိတ္တူပူးတွဲတင်ပြရမည်။
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။
(ဂ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာပူးတွဲတင်ပြရမည်။
(ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်းပူးတွဲတင်ပြရမည်။
(င) လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်အစားဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရပါမည်။
(စ) လျှောက်ထားသူ၏ အမြဲတမ်းနေရပ်လိပ်စာအား တိကျစွာရေးသားဖော်ပြပေးရပါမည်။
(ဆ) လျှောက်ထားသူသည် မိမိ၏ကိုယ်ရေးမှတ်တမ်းကို ပြည့်စုံစွာဖော်ပြပေးရပါမည်။
(ဇ) လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မူရင်းပူးတွဲတင်ပြရမည်။

၄။ လစ်လပ်ရာထူးနေရာများတွင် ဆေးဘက်ကျွမ်းကျင်(၂)(ဓာတ်ခွဲ)များအဖြစ် ခန့်ထားခြင်းခံရသူများသည် တာဝန်ချထားရာဆေးရုံ/ဌာနအသီးသီး၌ နိုင်ငံတာဝန်အား အနည်းဆုံး (၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး၊ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော လျော်ကြေးငွေ ကျပ်(၄)သိန်းတိတိကို ပေးလျော်ရမည်။

၅။ လျှောက်လွှာများအား ၃၁-၁-၂၀၁၈ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ကုသရေးဦးစီးဌာန၊ ၃၅ မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။

(သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။)

၆။ လျှောက်ထားသူများသည် ၅-၂-၂၀၁၈ရက်တွင် ကုသရေးဌာနစိတ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော်သို့ မပျက်မကွက်လူကိုယ်တိုင် လာရောက်သတင်းပို့ရပါမည်။

၇။ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားသူများကို ၆-၂-၂၀၁၈ရက်နှင့် ၇-၂-၂၀၁၈ရက်များတွင် ကုသရေးဌာနစိတ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော်၌ နံနက် ၉း၃၀ နာရီမှစ၍ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်းလာရောက်ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း(သို့မဟုတ်) ဘွဲ့ထောက်ခံချက်၊ ယာယီဘွဲ့လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကို ယူဆောင်လာရပါမည်။

၈။ အသေးစိတ်သိရှိလိုသည်များကို ကုသရေးဌာနစိတ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၃၉၃နှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ဖုန်း-၀၁-၃၇၁၉၅၇သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၉။ လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာ ပေးပို့မည်မဟုတ်ပါ။ လူတွေ့စစ်ဆေးမှုမအောင်မြင်သူများကို သီးခြားအကြောင်းကြားစာပေးပို့မည်မဟုတ်ပါ။ သတ်မှတ်ချက်နှင့် မကိုက်ညီ၊ မပြည့်စုံသောလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးပါသည်။

**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**ကုသရေးဦးစီးဌာန**

---

## အများပြည်သူသိရှိစေရန် ကြေညာချက်

မြင့်ဝေမိသားစုကုမ္ပဏီလီမိတက်သည် အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အမှတ် ၀၁၄၂/၂၀၁၃ဖြင့် လိုင်စင်ရယူ၍ လုပ်ငန်းများလုပ်ကိုင်ခဲ့ရာ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးမှာ ကျန်းမာရေးကောင်းမွန်ခြင်းမရှိခြင်း၊ ကျွမ်းကျင်သော ဝန်ထမ်းများ မခန့်ထားနိုင်ခြင်း၊ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လိုခြင်းမရှိပါသဖြင့် လုပ်ငန်းပိတ်သိမ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသောကြောင့် အဖွဲ့ဝင်များအနေဖြင့် ပေးရန်/ရရန်များကို ကုမ္ပဏီတည်ရှိရာ အမှတ်(၃)၊ ဗိုလ်ချုပ်လမ်း၊ ၉ ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးသို့ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း နောက်ဆုံးထားဆက်သွယ်ကြပါရန် အကြောင်းကြားကြေညာအပ်ပါသည်။

**ဦးမြင့်ဝေ**
**မန်နေဂျင်းဒါရိုက်တာ**
**မြင့်ဝေမိသားစု ကုမ္ပဏီလီမိတက်**

---

**Fostering of the Agriculture Revitalization in Myanmar Project(FARM)**
**Ministry of Agriculture Livestock and Irrigation**
**INVITATION TO QUOTATION(ITQ)**
**Construction of 14 Knowledge Centers**

**Date:26-12-2017**

The eligible contractors are invited to submit Quotations for the construction the Knowledge centers. Each knowledge center constitutes,one story brick building of 2448 square foot including ,water tower, wiring and water closet flush toilets.

The locations of the Knowledge centers are in the Naypyitaw territory Five townships, Pyinmana,Lewe, Tatkone, Zeyatiri and Ottrathiri.

There are 14 bids for 14 Knowledge centers. Each contractor can submit quotations for two Knowledge centers maximum.

The detail instruction for invitation to Quotation (ITQ) can be obtained by contacting the office address stated below personally or by email.

U Thet Naing Oo
Tel:067 410227
Emails:**farmmoai@gmail.com**
First Floor Extension Building, Office 43, Ministry of Agriculture, Livestock and lrrigation,Nay Pyi Taw,
Deadline for the submission of the quotation: 10 January 2018

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/2942 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုး ၈/ရစက(နိုင်) ၁၄၁၄၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (မြင်းခြံမြို့)**

---

## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ် ၄

| | | |
|---|---|---|
| မြဝတီဘဏ်လီမိတက် (၎င်း၏ကိုယ်စား မန်နေဂျာ ဒေါ်အိလဲ့ဝင်းကြိုင်) | **နှင့်** | Charm Co.,Ltd. (၎င်း၏ကိုယ်စားပြုသူ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးဇော်ထွန်း) |
| **တရားနိုင်** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၆၃တွင်ရရှိခဲ့သော အနိုင်ဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ရက်(၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) နံနက် ၁၀း၀၀ နာရီတွင် ၎င်းပစ္စည်းများတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန် (၁)၊ လူနေရပ်ကွက်အမှတ်-စက်မှု၊ မြေကွက်အမှတ် ၉၉၊ မြေဧရိယာ(၃.၃၈၄)ဧကရှိ ချမ်းကုမ္ပဏီလီမိတက်အမည်ပေါက်၊ နှစ်(၆၀) ဂရန်မြေ(၂၀၆၂)ထိ။
(၂) အထက်ဖော်ပြပါမြေကွက်နှင့်ဆက်စပ်လျက်ရှိသည့် ချမ်းကုမ္ပဏီလီမိတက် ပိုင်မြေပေါ်ရှိ ဦးဘိုးလှိုင်လမ်း၊ စက်မှုဇုန် (၁)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့ရှိအဆောက်အအုံအားလုံးနှင့်၊
(၃) စက်ပစ္စည်း(၁၀)မျိုး။

အထက်ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အမှတ်စဉ်(၁)၊(၂)၊ (၃)များအတွက် လေလံကြမ်းခင်းဈေးမှာ ကျပ်သန်း(၂၉၀၀)ဖြစ်သည်။

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံရောင်းချသည့်နည်းစနစ်ကိုရောင်းချသူအရာရှိက သတ်မှတ်ထားသည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်သည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချခြင်း မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ရရှိသူသည်(၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**မိုးမိုးအေး**
**ဒုတိယညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

## ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲမှုဦးစီးဌာနမှ ကမ္ဘာ့ဘဏ်၏ ချေးငွေဖြင့် အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိသော Agriculture Development Support Project (ADSP) အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| No. | Reference No. | Description of Goods |
|---|---|---|
| 1 | G.5.1 | Tractor, Power Tiller, Other Machine and Equipment (5Items) |
| 2 | G.26.1 | Tractor and Machinery Equipments (3 Items) |
| 3 | G.26.2 | Combine Harvester (2 Items) |
| 4 | G.26.3 | Refrigerator and Generator (2Items) |
| 5 | G.26.4 | Laser Leveller, Rotavator, Seed Planter and Agri-Equipment (7 Items) |
| 6 | G.26.5 | Laboratory Equipment (26 Items) |
| 7 | G.26.6 | Microscopes (3 Items) |
| 8 | G.27 | Office and IT Equipment, Computer, Printer, Scanner (13Items) |
| 9 | G.28 | Furniture (5 Items) |
| 10 | G.37 | Seed Cleaning and Grainding Equipment (1 Items) |
| 11 | G.38 | IT and Office Equipment (3 Items) |

၂။ စိတ်ဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မိမိတို့ စိတ်ဝင်စားသောဈေးနှုန်းအဆိုပြုလွှာ (Reference No.) ကို အတိအကျဖော်ပြ၍ အောက်ဖော်ပြပါ E-mail လိပ်စာများသို့ ဆက်သွယ်တောင်းယူနိုင်ပြီး ဈေးနှုန်းအဆိုပြုလွှာများကို ၁၂-၁-၂၀၁၈ရက် ၁၄း၀၀ နာရီ နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်ပါသည်။

လိပ်မူရန်-
**ဦးတင့်လွင်(ညွှန်ကြားရေးမှူး)**
**ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)။**
**Email:tlwin4.irr@gmail.com** ဖုန်း-၀၆၇-၄၁၀၃၁၆၊ ဖက်စ်-၄၁၀၅၀၉
**ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် အခြားသိလိုသည်များကို အောက်ပါအတိုင်း ဆက်သွယ်၍ မေးမြန်းတောင်းခံနိုင်ပါသည်။**
**ဦးငြိမ်းချမ်းစိုး (National Procurement Officer)**
**Agriculture Development Support Project (ADSP)**
**Email:nyeinchansoe02@gmail.com** ဖုန်း-၀၉-၂၅၀၇၉၄၁၆၃

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မန္တလေးခရိုင်တရားရုံးတော်၌
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၆၆၂

| | | |
|---|---|---|
| ရာဇာစိုးငွေစုငွေချေးသမဝါယမအသင်း လီမိတက်(၎င်း၏ကိုယ်စားအတွင်းရေးမှူး ဦးကျော်ကျော်စိုး) | နှင့် | ဦးခင်မောင်တင့် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက် (၈၂၈)၊ ရွှေဘုန်းရှိန်ရပ်၊ ၄၅ ဗထူးလမ်း၊ ၈၃×၈၄ လမ်းကြား၊ ခိုဂျာဆေးခန်းနေ ဦးခင်မောင်တင့် (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုရာဇာစိုးငွေစုငွေချေးသမဝါယမအသင်းလီမိတက် (၎င်း၏ကိုယ်စားအတွင်းရေးမှူး ဦးကျော်ကျော်စိုး)က ငွေကျပ်(၁၂၅၆၂၆၀၀/-) ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက် (၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မိတ္ထီလာမြို့နယ်တရားရုံးတော်၌
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၀

| | | |
|---|---|---|
| ဒေါ်ဥမ္မာခင် | **နှင့်** | ဦးစိုင်းကျော်သက် |
| **တရားလို** | | **တရားပြိုင်** |

**အကြင်လင်မယားအရာမှပြတ်စဲကွာရှင်းပေးစေလိုမှု**

ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးပစ်ကျေးရွာတွင်နေထိုင်သော ဦးစိုင်းကျော်သက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁၉ရက် (၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်လင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မိတ္ထီလာမြို့နယ်တရားရုံး**

---

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းစီဖိတ် ၁၃/ကတန(နိုင်)၁၃၃၇၇၀၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၈၂၂၈၀၄၄**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝမ်ဆန်ဒီးရမ် ၁/တနန(နိုင်)၀၁၈၈၀၅ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၈၀၃၈၅၆**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ယော်ကို ၁/ဝမန(နိုင်)၀၈၃၈၂၅ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၆၃၆၆၀၉၆**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မြတ်အောင် ၁/မကန(နိုင်)၁၆၀၀၄၂ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၈၈၅၈၅၁၇**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

၉-၃-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို (ခ) ပါ မောင်ကျော်ဝင်းနိုင်(ခ)ယာစင်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာအား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးနူရ်မိုဟာမက်-**
**ဒေါ်ရော်ကီးမာခါတွန်**

---

## မွေးသက္ကရာဇ်မှန်

လှိုင်ကော်မြို့၊ ဒေါ်ဥရှုသီးသန့်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရီ၏ မွေးသက္ကရာဇ်မှန်မှာ ၁၅-၇-၁၉၆၀ ဖြစ်ပါကြောင်း။

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/8884 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖိတ်ကြားလွှာ

